
www.burmeseclassic.com
အောင်မြင်စာပေ
ဂန္ဓရဆန်းကြယ်လုံးချင်းဝတ္ထုသစ်
ဖြိုးစကွ
(၂)
မဟူရာအချစ်
BURMESE CLASSIC .com
www.burmeseclassic.com



www.burmeseclassic.com
ဖြန့်ချိရေး—အောင်မြင်တဝေ
မဟူရာအချစ်
ဂန္ထီ ရ ဆန်း ကြယ်
လုံး ချင်း ဝ တ္ထု သစ်
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

✿ လူတစ်ဦးတစ်ယောက်ထံမှ ငွေချေးမရသည့်အခါ…အကူအညီတောင်းခံသည့်အခါ ကိုယ်ဖြစ်စေချင်တာ မဖြစ်သောအခါ…စိတ်ဆိုးဒေါသဖြစ်နေမည့်အစား…တစ်ချိန်က သင်သူ့အပေါ်မှာ ဘယ်လိုအကူအညီမျိုးတွေ ပေးခဲ့ဖူးသည်ကို အရင်စဉ်းစားကြည့်ပါ။ ခံစားမှုအဖြေတစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်ပါသည်။

✿ အဆုံးအစ မရှိတဲ့ ကောင်းကင်ပြင်ကြီးကရွာချနေတဲ့ မိုးရေစက်တွေတောင် သင်ရှိနေတဲ့နေရာကို ရောက်ချင်မှ ရောက်တာပါ။

တကယ်လို့ သင်တို့ ရှိနေတဲ့နေရာမှာ ရွာရင်လည်း ရေခံဖို့ မကြိုးစားရင် မိုးရေမရနိုင်ပါဘူး။

✿ မြေနိမ့်ကန်ရေပြင်မှာ ပေါက်တဲ့ကြာပန်းကို လူတွေက သိပ်ပြီးတန်ဖိုးမထားတတ်ကြပေမယ့်… ဟိမဝန္တာတောင်ထိပ်မှာသာ ပွင့်လေ့ရှိတဲ့ "နှင်းကြာပန်း" ကို ရဖို့က အသက်အသေခံပြီး စွန့်စားရှာဖွေကြရတယ်။ တန်ဖိုးမြင့်တဲ့အရာဝတ္ထုကို လိုချင်ရင် လွယ်လွယ်တော့ မရနိုင်ပါဘူး။ ပေးဆပ်ရတာလည်း များတတ်ပါတယ်။

✿ ဘဝတစ်လျှောက်လုံးမှာ တိုက်ခဲ့၊ စူးခဲ့တဲ့ ခလုတ်တွေ ဆူးတွေက ဘဝရဲ့မှတ်တိုင်တွေပါ။ သူတို့က မကောင်းပေမယ့် အမြဲသတိရနေမှ နောက်ထပ်မကြုံရတော့မှာပါ။

✿ တစ်ခုခုကို ကြိုးစားလို့ မရခဲ့ရင် (ဥပမာ- စာမေးပွဲ ကျတာမျိုး၊ လူတစ်ယောက်ဆီက အချစ်ကို မရတာမျိုး) စိတ်ဓါတ်ကျစရာ မဟုတ်ပါဘူး၊ ရှုံးသွားတာလည်းမဟုတ်ပါဘူး။ မျှော်လင့်ချက် မရှိတော့ဘူးလို့ စိတ်ဓါတ်ကျတော့မှ ဘဝတစ်ခုလုံး ရှုံးသွားတာပါ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

❀ ပန်းတစ်ပွင့်ရဲ့အလှဟာ အပင်ရဲ့ညှာတံပေါ်က မဆင်းရခင်အထိသာ ရှိပေမယ့်…မိန်းကလေးတစ်ယောက်ရဲ့အလှကတော့ ဆုံးဖြတ်ချက် မမှားမချင်း အကန့်အသတ်မရှိ လှပခွင့် ရှိပါတယ်။

❀ မဖြစ်နိုင်ဘူးဖြစ်နိုင်တယ်ဆိုတာ သင့်ရဲ့ ဖွဲ့သတ္တိနဲ့ ဝီရိယကို စမ်းသပ်တဲ့ စည်းတစ်ခုပဲ ရှိပါတယ်၊ အဲဒီစည်းကို ကျော်ရင်လည်း ရတယ်၊ မကျော်ဘဲ နောက်ပြန်ဆုတ်သွားရင်လည်း ရပါတယ်။ ဆုံးဖြတ်ချက် မတူသလို ရလာဒ်ချင်းကလည်း တူမှာ မဟုတ်ပါဘူး။

❀ ချဉ်းကပ်လာသူနဲ့ အချဉ်းကပ်ခံရသူရဲ့ ကြားက သူ့ဖက်ကရော ကိုယ့်ဖက်မှာပါ… ဟန်ဆောင်မှုအလွှာတစ်ခု ခြား နေတတ်ပါတယ်။ အဲဒီဟန်ဆောင်မှု ကန့်လန့်ကာဟာ အလွှာပါးပေမယ့် ထိုးဖောက်ရတာ ခက်ခဲလှပါတယ်။

❀ ပြဒါးသုတ်ထားတဲ့ မှန်တစ်ချပ်ရဲ့ရှေ့မှာ ရပ်ရင် အရိပ်ကို မြင်ရပါတယ်။ ဒီလိုမြင်နိုင်ဖို့ ပြဒါးမရှိတဲ့ ဘက်က ရပ်မှ မြင်ရတာပါ။ ပြဒါးသုတ်ထားတဲ့ ကျောဘက်က ရပ်ကြည့်ရင်တော့ ဘာမှ မြင်ရမှာ မဟုတ်ပါဘူး၊ ဒါပေမယ့် လူတစ်ယောက်ရဲ့အတွင်းစိတ် အခြေအနေ အမှန်ကို သိချင်တယ်ဆိုရင်တော့ ကိုယ့်ဘက်က ကြည့်ရုံနဲ့ မသိရပါဘူး၊ သူ့ဘက်(သူ့ကျောဘက်)က ဝင်ကြည့်မှ အမှန်တရားကို သိရနိုင်ပါတယ်။

❀ လေထဲမှာ ပျံနေတဲ့ငှက်တစ်ကောင်အတွက် "ရေ" ဟာလိုအပ်သလို…

ရေထဲမှာ နေတဲ့ ငါးတစ်ကောင်အတွက်ကလည်း "လေ" ဆိုတာ လိုအပ်လှပါတယ်။

အသက်နလုံးအတွက် အမြဲလိုအပ်ချက်ကတော့ "အချစ်" ဆိုသောအရာပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

## ဤဝတ္ထုတွင် ပါဝင်သောအခန်းများ


အခန်း(၁) ကျားနက်ဝိုက်ကျားရဲ့သမင်းလက်ဆောင်

အခန်း(၂) ကျားနက်ဝိုက်ကျားသားတို့၏အန္တရာယ်

အခန်း(၃) ကျားနက်ဝိုက်ကျား၏ကလဲ့စား

အခန်း(၄) ထူးဆန်းသောကျားနက်ရုပ်

အခန်း(၅) ကျားနက်ဝိုက်ကျားနှင့်လျှို့ဝှက်ချက်များ

အခန်း(၆) ဦးဘိုးကွန်းတို့ရောက်လာခြင်း

အခန်း(၇) တိုက်နီကြီးနှင့်လျှို့ဝှက်မှုများ

အခန်း(၈) မဟူရာနှင့်လျှို့ဝှက်အတတ်ပညာ

အခန်း(၉) လျှို့ဝှက်သချိုင်းမှမရဏထောင်ချောက်

အခန်း(၁၀) ကျော်စွာနှင့်မဟူရာ

အခန်း(၁၁) ကပ္ပိယဦးလွန်းအုံနှင့်လျှို့ဝှက်ချက်

အခန်း(၁၂) ပဟေဠိဆန်သောမိန်းကလေး

အခန်း(၁၃) မဟူရာ၏ဝိဉာဉ်ပေလော

အခန်း(၁၄) မြေအောက်အခန်းထဲမှလူသတ်ကောင်

အခန်း(၁၅) လူသတ်တရားခံဘယ်သူလဲ

အခန်း(၁၆) မြလေးခင်(သို့မဟုတ်)ဗျူဟာ၏မနုဿသားကောင်

အခန်း(၁၇) ကျားနက်ဝိုက်ကျားခေါင်းဆောင်၏နိဂုံး




### အခန်း(၁)

# ကျားနက်ဝိုက်ကျားရဲ့သမင်းလက်ဆောင်

မြန်မာသက္ကရာဇ်(၁၂၄၇)ခုနှစ်(၁၈၈၅၊ နိုဝင်ဘာလ (၂၈)ရက်) နေဝင်ရီတရောအချိန်တွင် မြန်မာနိုင်ငံ၏ အဓိက အချက်အချာကျသော မန္တလေးနေပြည်တော်မှာ ဗြိတိသျှနယ်ချဲ့ စစ်တပ်များလက်အောက်သို့ ကျရောက်ခဲ့လေသည်။

မန္တလေးနေပြည်တော် ကျပြီးနောက် မြန်မာတပ်မှူး၊ တပ်သားများနှင့် မြန်မာတပ်မတော်သည် မန္တလေးနေပြည်တော်မှ လက်နက်ချရန် ပေးလိုက်သောအမိန့်ကို မနာခံဘဲ ဗြိတိ[illegible] တပ်များ ကမ်းပေါ်သို့ မတက်ရောက်နိုင်မီ လက်နက်[illegible]ပါ



www.burmeseclassic.com

www.burmeseclassic.com



အစုံအလင် စုရုံး၍ မန္တလေးနေပြည်တော်မှ ရှောင်တိမ်းသွားကာ တိုင်းပြည်အနှံ့အပြားတွင် တပ်ဖြန့်ထားလိုက်သည်။

(၁၈၈၅)ခုနှစ် ဇန်နဝါရီလ(၁)ရက်နေ့တွင် မြန်မာနိုင်ငံကို ဗြိတိသျှအင်ပါယာအတွင်းသို့ သွတ်သွင်းလိုက်ပြီဟု အိန္ဒိယဘုရင်ခံချုပ်လော့ဒ်ဒပ်ဖရင်(Lord Dufferin)က ဗြိတိသျှဘုရင်မဝိတိုရိယကိုယ်စား ကြေညာလိုက်လေသည်။

မိမိတို့နိုင်ငံ အသိမ်းအပိုက်ခံရလေပြီဟု သိလျှင်သိချင်း ဦးဆုံးသိသော မြန်မာ့တပ်မတော်နှင့် အခြားအခြားသော လက်နက်ကိုင် အင်အားစုများသည် (ကိုယ်ကျိုးရှာသူ အနည်းငယ်မှတပါး) ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသော တိုင်းရင်းသား မှန်သမျှတို့သည် ဗြိတိသျှနယ်ချဲ့တို့အား နေရာအနှံ့တွင် လက်နက်ကိုင်၍ ဆန့်ကျင်တိုက်ခိုက်ကြလေသည်။

ထို့ကြောင့်. . .

တောတောင်ထူထပ်ကာ သဘာဝအခြေကောင်းသည့် ကချင်၊ ကယား၊ ချင်း၊ ရှမ်းတောင်တန်းကြီးများပေါ်တွင်သော်လည်းကောင်း၊ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများ၌သော်လည်းကောင်း၊ ဧရာဝတီ မြစ်ဝကျွန်းပေါ် အရပ်ဒေသများ၌သော်လည်းကောင်း၊ ရခိုင်နှင့် တနင်္သာရီကမ်းရိုးတန်းဒေသများ၌သော်လည်းကောင်း၊ ဗြိတိသျှ ဆန့်ကျင်ရေးတိုက်ပွဲများ ဖြစ်ပွားလျက်ရှိလေသည်။ ဗြိတိသျှများသည် လူအင်အား လက်နက်





အင်အား အသုံးပြု၍ တိုက်ခိုက်ကြသော်လည်း အချို့နေရာများတွင် များစွာအထိနာကြလေသည်။

ကချင်တောင်တန်း၊ ချင်းတောင်တန်း၊ ရှမ်းတောင်တန်းကြီးများမှာ တောတောင်ထူထပ်ကာ သဘာဝအတွက် အကာအကွယ်များ ဖြစ်ကြသလို မြစ်ချောင်းအင်းအိုင် ထူထပ်သောမြစ်ဝကျွန်းပေါ်ဒေသသို့ ရောက်တော့လည်း အသွားအလာခက်ခဲမှုကြောင့် ဗြိတိသျှတို့ အထိနာခဲ့ကြရသည်။

ယခုရေးသားဖော်ပြမည့် အကြောင်းအရာများမှာ မူးမြစ်အထက်ပိုင်း ကဒူးအရပ်ဒေသဘက်၌ ဖြစ်ပျက်ခဲ့သော အကြောင်းအရာများပင်ဖြစ်ပေသည်။

ကဒူးဒေသမှာ ပင်လယ်ဘူးနယ်တဝိုက်ပင်ဖြစ်သည်။ ပင်လယ်ဘူး၏မူလအမည်မှာ 'ပင်-ကိုင်-ဖရူး' ဖြစ်သည်။ အဓိပ္ပာယ်မှာ "ကိုင်းတောမှ ကြက်ပျံတက်သောနေရာ" ဟု အဓိပ္ပာယ်ရှိသည်။

သက္ကရာဇ်(၈၈၈)ခုနှစ်တွင် မိုးညှင်းစလုံ တည်ခဲ့သောရွာဟု သမိုင်းကြောင်း ရှိသည်။

ကဒူးတို့ အများစု နေထိုင်သောနေရာမှာ ပင်လယ်ဘူးမြို့နယ် မူးမြစ်ဖျား၌ ရှိလေသည်။

တောတောင်ထူထပ်၍ စိမ့်စမ်းရေတံခွန် ပေါလှသည့် အကျယ်အဝန်း စတုရန်းမိုင်မှာ (၁၂၉၉)ခန့် ရှိသော ပင်လယ်ဘူးမြို့နယ်တွင် မြောက်ဘက်တောင်ကုန်းဒေသမှ တောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



များသည် တောင်ဘက်သို့ ထိုးဆင်းနေသည်။

အလယ်ရိုးမတောင်တန်းတွင် ဇီးဖြူတောင်ရှိ၍ ဇီးဖြူတောင်မှ မူးမြစ်သည် တောင်ဖက်သို့ စီးဆင်းနေသည်။

ဇီးဖြူတောင်နှင့် မှန်ကင်းတောင်ကြား မူးမြစ်ဖျားရေမြေသည် ကဒူးတို့၏ပျော်မွေ့ရာဒေသဖြစ်သည်။

အနောက်ဖက်၌ မော်လိုက်ခရိုင် ဖောင်းပြင်နယ်၊

အရှေ့ဖက်၌ ဝန်းသိုနယ်နှင့် ကောလင်းနယ်၊

တောင်ဖက်၌ ရွှေဘိုခရိုင် ကျွန်းလှနယ်၊

မြောက်ဖက် ဗန်းမောက်နယ်တို့က အသီးသီး ဝန်းရံထားလေသည်။

ကဒူးဒေသသည် ပင်လယ်ရေ မျက်နှာပြင် အထက် (၈၈၈)ပေ အမြင့်ရှိသည်။

ပင်လယ်ဘူး၏အနောက်ဖက် ဇီးဖြူတောင်တန်းတွင် ပါဝင်သော တောင်တန်းများမှာ (၂၂၁၀)ပေ မြင့်သော လက်ကသုံးတောင်၊ (၂၆၅၈)ပေ မြင့်သော သုံးထပ်ကြီးတောင်၊ ၎င်းသုံးထပ်ကြီးတောင်နှင့် တမောချောင်း၊ ခလီးချောင်း ခြားပြီးလျှင် (၂၅၂၈)ပေ အမြင့်ရှိသော နွားလပို့တောင်၊ (၂၅၉၈)ပေ မြင့်သော ပင်ပေါ်တောင်၊ (၂၇၂၄)ပေ မြင့်သော အုန်းပင်တောင်နှင့် (၂၄၇၉)ပေ မြင့်သော ရိုးမတောင်တို့ ရှိကြသည်။

ရိုးမတောင်သည် ဗန်းမောက်နယ်ထဲအထိ ထိုးဝင်သွားလေသည်။ ကဒူးဒေသ၏အရှေ့မြောက်တွင် (၅၃၅၅)ပေ မြင့်





သော မိုင်းသုံတောင် ရှိလေသည်။

အရှေ့ဖက်တွင် (၃၁၇၆)ပေ မြင့်သော မှန်ကင်းတောင်ရှိသည်။ အနောက်ဖက်တွင် ပင်လယ်ဘူးဒေသနယ်၏အဆုံး ကျောက်အိုး ကျောက်ဆည်ရွာအနီး မူးမြစ်ကို ကျောက်တုံး ကျောက်ဆောင်များက ကန့်လန့်တားဆီးထားသည်။

ထိုကျောက်တန်း ကျောက်ဆောင်များကြောင့် အရှိန်ပြင်းထန်သော ရေတံခွန်ကြီးများ ဖြစ်ပေါ်လျက်ရှိသည်။

ပင်လယ်ဘူးဒေသ၌ စိမ့်စမ်းချောင်းမြောင်း၊ ရေတံခွန်များ ထူထပ်၍ လျှိုမြောင် ချောက်ကမ်းပါးပြတ်ကြီးများ၊ ရေတံခွန်များ ပေါလှသဖြင့် သွားရေးလာရေး မလွယ်ကူလှပေ။

သို့ကြောင့် ဗြိတိသျှနယ်ချဲ့များကို ခုခံတော်လှန်လျက်ရှိသော တော်လှန်ရေးသမားများအတွက် ခြေကုပ်ယူစရာ အကောင်းဆုံး ဒေသတစ်ခုလည်း ဖြစ်ပေသည်။

နယ်ချဲ့တော်လှန်ရေးကာလတစ်လျှောက် ကဒူးဒေသကို ခြေကုတ်ယူ၍ တော်လှန်ခဲ့သောပုဂ္ဂိုလ်မှာ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်ပင်ဖြစ်သည်။

နက်ရှိုင်းသော တောနက်ကြီးများအတွင်း၌လည်း သားရဲတိရစ္ဆာန်များ ပေါလှသဖြင့် ထိုတောအုပ်အတွင်းသို့ ရောက်ကြသော ဗြိတိသျှစစ်သားတို့မှာ သားရဲတိရစ္ဆာန်များ၏တိုက်ခိုက်မှု အန္တရာယ်များနှင့်လည်း ကြုံတွေ့ကြရသည်။

ကျွမ်းကျင်သော လမ်းပြ မပါဘဲ ဝင်ရောက်သောပါက



www.burmeseclassic.com

www.burmeseclassic.com



လွှန်စွာအန္တရာယ်များလှသည်။

ရှေးအခါ ကျောက်အိုးကျောက်ဆည်ရွာအနီး ကျောက်တန်းများ ရှိရာနှင့် မနီးမဝေးလှသောနေရာတွင် 'နမ္မားရွာကြီး' ရှိလေသည်။

နမ္မားရွာကြီးမှာ မူးမြစ်ကမ်းပေါ်တွင် တည်ထားသော ရွာကြီးတစ်ရွာဖြစ်သည်။

ဇင်းရွာမှာ ရှေးနှစ်ပေါင်းများစွာကတည်းက တည်ထားခဲ့သော ရှေးရွာဟောင်းကြီးလည်းဖြစ်ပေသည်။

ဇင်းရွာကို ကဒူးများကပင် တည်ထောင်ခဲ့ကြသည်။ ထိုရွာနှင့် အနီးဝန်းကျင်တစ်ဝိုက်မှာလည်း နယ်ချဲ့တော်လှန်ရေးသမားများစွာတို့ ရှိနေကြသည်။

ထိုတောနက်ကြီးအတွင်းသို့ ဝင်ရောက်လာသော ဗြိတိသျှစစ်သားများမှာ အန္တရာယ်ဆိုးများနှင့် ကြုံတွေ့ရပြီး အသက်ဆုံးရှုံးကြရလေသည်။

နယ်ချဲ့စစ်သားနှင့် စစ်ဗိုလ်များကတော့ ထိုသို့ဖြစ်သော်လည်း ကြောက်ရွံ့မှု မရှိလှသော်လည်း စကားပြန်အဖြစ် လိုက်လာသော စကားပြန်များနှင့် မျက်နှာဖြူ အလိုတော်ရိများကတော့ ထိုနေရာသို့ လာရမှာကို များစွာကြောက်ရွံ့ကြလေသည်။

"သခင်. . . အဲဒီတောနက်တွေထဲမှာ လူ့အသက်ကို သေအောင် သတ်နိုင်တဲ့ မမြင်ရတဲ့ အန္တရာယ်တွေ အများကြီး ရှိပါတယ်"





ဟု စကားပြန်လုပ်သူက ပြောသည်။

"ဒါတွေက ကျွန်ုပ်တို့ကို ဒုက္ခပေးနေတဲ့ တော်လှန်ရေးသမားတွေ မဟုတ်လား"

"တော်လှန်ရေးသမားတွေ ဆိုတာထက် နယ်ခံတွေ အတော်များများက သခင်တို့တတွေ သူတို့နေတဲ့နေရာကို လာတာ မကြိုက်ကြဘူး"

"ဒါ ဘာအရေးစိုက်စရာလဲ၊ ကျွန်ုပ်တို့က မြန်မာပြည်ကို တောင် သိမ်းပိုက်ထားတာပဲ၊ သူတို့ မကြိုက်လည်း လာရမှာပဲ၊ ကျွန်ုပ်တို့မှာ လူအင်အားရော၊ လက်နက်အင်အားရော အများကြီးရှိတယ်၊ ဘာမှ ကြောက်စရာ မလိုပါဘူး"

"သခင်တို့မှာ လူအင်အား၊ လက်နက်အင်အား အများကြီးရှိပေမယ့် တောနက်ထဲ ရောက်ရင် သူတို့တတွေကို တွေ့ချင်မှ တွေ့ရမယ်၊ လူမတွေ့ရပေမယ့်လည်း အန္တရာယ်တွေက ရောက်ချင်ရောက်လာလိမ့်မယ်"

"ဘယ်လို အတတ်ပညာမျိုးလဲ"

"ဒီနယ်ဘက်မှာတော့ ကြောက်စရာကောင်းတဲ့ ပြုစားတတ်တဲ့ အတတ်ပညာတွေ ရှိပါတယ်"

"ဘယ်လို ပညာမျိုးတွေလဲ. . . အောက်လမ်းပညာ (Black Magic)တွေကို အာဖရိကတောထဲက လူရိုင်းတွေ အသုံးပြုကြတယ်၊ အာဖရိကတိုက်ရဲ့ထရန်စဖော်နယ် တောနက်ဒေသတွေမှာ နေကြတဲ့ လူရိုင်းတွေဟာ အောက်လမ်းပညာလို့ ခေါ်တဲ့



www.burmeseclassic.com

www.burmeseclassic.com

ပြုစားတတ်တဲ့ စုန်းအတတ်ပညာတွေကို တတ်ကျွမ်းကြတယ်၊ လူရိုင်းခေါင်းဆောင်တွေဟာ သူတို့ တိုက်ခိုက်ချင်တဲ့လူတွေကို တိုက်ခိုက်ကလဲ့စားချေဖို့အတွက် အောက်လမ်းပညာတွေကို အသုံးပြုလေ့ရှိကြတယ်၊

သူတို့ကိုယ်တိုင်လည်း လူအသွင်ကနေ ကျား၊ ဒါမှမဟုတ် ခြင်္သေ့အသွင်ပြောင်းပြီး တိုက်ခိုက်နိုင်ကြတယ်၊ ဒီမှာရှိတာ အဲဒီလို အတတ်ပညာမျိုးတွေလား မောင်မင်း"

မျက်နှာဖြူအရာရှိက မေးသည်။

"အဲဒီလိုအတတ်ပညာမျိုးတွေနဲ့ တူပါတယ်"

"ဒါဖြင့် အာဖရိကမှာ အသုံးပြုတဲ့ အတတ်ပညာတွေက မြန်မာပြည်ကို ရောက်လာတာလား"

"အာဖရိကတောထဲက ရောက်တာ မဟုတ်ပါဘူး၊ ဒီလို ဆန်းကြယ်တဲ့ ဂန္ဓာရီပညာတွေက ရှေးကတည်းက ဒီမှာရှိနေတာပါ"

"ဂန္ဓာရီပညာဆိုတာ ဘယ်လိုပညာမျိုးလဲ"

"ထူးခြားဆန်းကြယ်တဲ့ အတတ်ပညာမျိုးပါ"

"ဒီပညာတွေကို ဘယ်သူတွေက သင်ပေးတာလဲ"

"မြောက်ပိုင်းဒေသက ရောက်လာတဲ့လူတွေက သင်ပေးတာပါ"

"ကျွန်ုပ် ဒါတွေကို အယုံအကြည် မရှိဘူး၊ တကယ်လို့ အဲဒီလို အတတ်ပညာမျိုးတွေ ရှိတယ်ဆိုရင် ကျွန်ုပ်ကို လက်တွေ့





ပြပါ၊ ကျွန်ုပ်လေ့လာချင်ပါတယ်"

"အန္တရာယ်များပါတယ် သခင်"

"သူတို့က ဘယ်လိုအန္တရာယ်ပေးနိုင်သလဲ"

"သူတို့ဟာ ရန်သူလို့ သတ်မှတ်တဲ့လူတွေ၊ သူတို့လူမျိုးတွေကို နှောင့်ယှက်တဲ့လူတွေ၊ သူတို့နေတဲ့နေရာကို ကျူးကျော်တဲ့လူတွေကို နည်းအမျိုးမျိုးနဲ့ သတ်ပစ်လေ့ ရှိကြပါတယ်"

ထိုစကားကြားသောအခါ မျက်နှာဖြူအရာရှိက သဘောကျစွာဖြင့် တဟားဟားနှင့် ရယ်မောလေသည်။

"ဟား. . ဟား. . ဟား. . ဟား၊ မောင်မင်းတို့တတွေက တယ်လည်း ကြောက်တတ်တာပဲကိုး၊ မရှိတဲ့အရာတွေကိုလည်း ရှိတယ်ထင်ပြီး ကြောက်နေတာပဲ၊ ဒီတစ်ခေါက် အဲဒီနယ်ဘက်ကို သွားစရာရှိတယ်၊ အဲဒီဘက်ကို ရောက်ရင် မောင်မင်းပြောတဲ့အကြောင်းတွေ ဟုတ်မဟုတ် လက်တွေ့သိရအောင် လေ့လာကြည့်ရမယ်"

ဟု ပြောလေသည်။

နောက်ထပ် တစ်လခန့်ကြာသောအခါ မူးမြစ်ကမ်းဘေးတွင် ရှိသော နမ္မားရွာရှိရာသို့ မျက်နှာဖြူစစ်သားအရာရှိနှင့်အတူ ဗြိတိသျှစစ်သားများ တင်ဆောင်လာသော သင်္ဘောတစ်စင်း ဆိုက်ကပ်လာသည်။

၎င်းတို့နှင့်အတူ ဂေါ်ရခါးစစ်သားများလည်း ပါလာသည်။ နမ္မားရွာသို့ ရောက်သောအခါ ရွာလူကြီးကို ခေါ်မေး


www.burmeseclassic.com

www.burmeseclassic.com


သည်။

"မောင်မင်းတို့ရွာမှာ ကျားနက်တွေလို သွားလာလှုပ်ရှားနိုင်တဲ့လူတွေ ရှိသလား"

"မရှိပါဘူး"

"ဒါဖြင့် ကျားနက်ဂိုဏ်းသားတွေရော ရှိသလား"

"မရှိပါဘူး"

မျက်နှာဖြူအရာရှိ မေးသော 'ကျားနက်ဂိုဏ်း' ဆိုသည်မှာ နယ်ချဲ့စစ်သားများကို များစွာဒုက္ခပေးနေသော အဖွဲ့သားများဖြစ်သည်။

ထိုနယ်ဖက်သို့ ရောက်လာသော ဗြိတိသျှစစ်သားများမှာ ထိုအဖွဲ့သားများ လက်ချက်ကြောင့် များစွာသေဆုံးကြသည်။

ဘယ်လိုပင်မေးမေး "မရှိပါဘူး" "မသိပါဘူး" ဟုသာ ပြောနေသဖြင့် ဘာတစ်ခုမှ မသိရပေ။

ရွာသူကြီးဆီမှ မသိရသဖြင့် နောက်ထပ်ရွာသားများကို ခေါ်မေးပြန်တော့လည်း ခေါင်းခါပြရုံကလွဲ၍ အခြားဘာတစ်ခုမှ ပိုထူးမလာသဖြင့် မျက်နှာဖြူအရာရှိမှာ မကျေမနပ်ဖြင့် ထိုရွာမှာ စခန်းချနေလေသည်။

ထိုသို့ စခန်းချနေစဉ် တစ်ညတွင် သူ့အခန်းတွင်းရှိ စားပွဲပေါ်သို့ အနက်ရောင် အဝတ်စဖြင့် ထုပ်ထားသော အထုပ်ကလေးတစ်ထုပ် ရောက်နေသဖြင့် ယူကြည့်သောအခါ အဝတ်အနက်စအတွင်း၌ ကျားနက်ရုပ်တစ်ရုပ်ကို တွေ့ရလေသည်။



ထိုကျားနက်ရုပ်ကို မြင်သောအခါ စကားပြန်လုပ်သူမှာ များစွာထိတ်လန့်တုန်လှုပ်သွားလေသည်။

ထိုကျားနက်ရုပ်ကို မြင်ရသည်နှင့် ဘေးအန္တရာယ်ဆိုး တစ်ခု မကြာမီ ရောက်လာတော့မည်ကိုလည်း သဘောပေါက်မိလေသည်။

မျက်နှာဖြူအရာရှိက သုံးလက်မအရွယ်ခန့်ရှိ ကျားနက်ရုပ်ကလေးကို အသေအချာ ကြည့်နေလေသည်။

အရုပ်ကလေးမှာ သစ်ကနက်သားဖြင့် ထုလုပ်ထားဟန်ရှိပြီး လက်ရာမြောက်လှပေသည်။

သားကောင်ကို တွေ့၍ မာန်ဖီနေသောဟန်မျိုးဖြစ်သည်။

မျက်လုံးထဲတွင် ကျောက်နီကလေးများ ထည့်သွင်းမြှုပ်နှံထားသဖြင့် မီးရောင်ဖြင့် ထိလိုက်သောအခါ နီရဲလျက်ရှိနေသည်။

"ဒီအရုပ်ကလေးက ဘယ်သူလာပို့ထားလို့ ကျွန်ုပ်အခန်းထဲကို ရောက်နေရတာလဲ"

ဟု မျက်နှာဖြူအရာရှိက ဒေါသသံဖြင့် မေးလိုက်သည်။

"ကျွန်တော်မျိုးတို့လည်း မသိလိုက်ပါ သခင်"

"ဒီအရုပ်က ဘယ်လိုအဓိပ္ပါယ်မျိုးလဲ"

"ဒါ ကျားနက်ဂိုဏ်းသားတွေ အသုံးပြုလေ့ရှိတဲ့ မရဏကျားနက်ရုပ်လို့ ခေါ်ပါတယ်"


www.burmeseclassic.com

www.burmeseclassic.com



"ဒီအရုပ်က ဘာကြောင့် ကျွန်ုပ်အခန်းထဲ ရောက်နေရတာလဲ"

"ကျွန်တော်မျိုး သိရသလောက် ပြောရရင် ကျားနက်ဂိုဏ်းသားတွေဟာ သူတို့ ကလဲ့စားချေချင်တဲ့လူတွေဆီကို ဒီလို မရဏကျားနက်ရုပ်မျိုး ပေးလေ့ရှိတယ်လို့ သိရပါတယ်"

ထိုစကားကြားသောအခါ မျက်နှာဖြူအရာရှိမှာ ဒေါသအိုး ပေါက်ကွဲသွားကာ ခါးကြားတွင် ချိတ်ဆွဲထားသော ခြောက်လုံးပြူးသေနတ်ကို ဆွဲထုတ်ပြီး စားပွဲပေါ်မှ ကျားနက်ရုပ်ကလေးကို ပစ်ချလိုက်လေတော့သည်။

"ချောက်. . ချောက်. . ချောက်"

ကျားနက်ရုပ်ကို သေနတ်ဖြင့် တေ့ချိန်၍ အကြိမ်ကြိမ်ပစ်သော်လည်း ကျည်ဆံမထွက်ပဲ တချောက်ချောက်နှင့်သာ အသံမြည်နေတော့သည်။

ထိုအခါ ဒေါသအိုး ပေါက်ကွဲနေသော မျက်နှာဖြူအရာရှိက သေနတ်ကို ပစ်ချပြီးနောက် ဓားတစ်လက်ကို ကောက်ယူကာ ဓားဖြင့် ခုတ်ချလိုက်သည်။

"ဒုန်း. . ."

ဓားဖြင့် ခုတ်လိုက်သဖြင့် ကျားနက်ရုပ်ကလေးမှာ အပေါ်သို့ မြောက်တက်လာပြီး မျက်နှာဖြူအရာရှိ၏နဖူးကို ထိမှန်ကာ အောက်သို့ ပြန်ကျသွားတော့သည်။

"အား. ."





မျက်နှာဖြူအရာရှိက အလန့်တကြား အော်ကာ သူ့နဖူးကို လက်ဖြင့် အုပ်လိုက်သည်။

ကျားနက်ရုပ်ကလေးမှာ မာကျောလှသည့် သစ်သားတစ်မျိုးဖြင့် ထုလုပ်ထားသောကြောင့် ကျောက်တုံးဖြင့် ထိလိုက်သလို နဖူးမှာ ကွဲအက်သွားပြီး သွေးများ စီးကျလာလေသည်။

ထိုအဖြစ်အပျက်ကို မြင်သောအခါ စကားပြန်လုပ်သူမှာ မျက်နှာတစ်ပြင်လုံး သွေးမရှိတော့သလို ဖြူဖပ်ဖြူရော်ဖြစ်ကာ ကြောက်ရွံ့ထိတ်လန့်နေတော့သည်။

မျက်နှာဖြူအရာရှိမှာ ကြမ်းပြင်ပေါ်၌ ကျနေသော ကျားနက်ရုပ်ကလေးကို ကောက်ယူပြီး အခန်းအပြင်သို့ ထွက်သွားလေသည်။

ထို့နောက် မြစ်ကမ်းနံဘေးသို့ သွားကာ ကျားနက်ရုပ်ကလေးကို ရေထဲသို့ ပစ်ချလိုက်လေတော့သည်။


အမှောင်ထုကတော့ ချင်းတွင်းမြစ်ရိုးတစ်လျှောက်မှာ မဟူရာအရောင်များ ခြယ်သထားသကဲ့သို့ ဖုံးလွှမ်းထားလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂)

# ကျားနက်ကိုကော်းသားတို့၏အန္တရာယ်

နောက်တစ်နေ့နံနက်လင်းသောအခါ မျက်နှာဖြူအရာရှိသည် ၎င်း၏ဂေါ် ရခါးစစ်သားများကို ခေါ်၍ နမ္မားရွာသို့ တက်သွားကြလေသည်။

ထိုအခါ ရွာထဲတွင် အသက်အရွယ် ကြီးရင့်ပြီဖြစ်သော အဘိုးအို၊ အမယ်အိုများနှင့် ကလေးသူငယ်များကိုသာ တွေ့ရပြီး လူငယ်လူရွယ်များကိုတော့ တစ်ယောက်မှ မတွေ့ရပေ။

ရွာလူကြီးကို ခေါ်မေးကြည့်တော့. . .

"အားလုံး အလုပ်လုပ်ဖို့ တောထဲ သွားကြပြီ"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com


ဟုသာ ပြန်ပြောလေသည်။

သို့ကြောင့် . .

မျက်နှာဖြူအရာရှိမှာ စိတ်ထဲမှာ မယုံသင်္ကာ ဖြစ်သောကြောင့် တောနက်အတွင်းသို့ လိုက်သွားရန် ပြင်ဆင်လေတော့သည်။

ထိုအခါ စကားပြန်လုပ်သူက. . .

"ဒီအချိန်မျိုးမှာ တောတွင်းကို လိုက်မသွားသင့်ပါဘူး သခင်"

ဟု ဝင်ရောက်တားဆီးလေသည်။

"ဘာ့ကြောင့်လဲ"

"ဒီတောက တောလည်း နက်တယ်၊ ဘေးအန္တရာယ်တွေလည်း များလှပါတယ်၊ နောက်တစ်ခုက ကျားနက်ဂိုဏ်းသားတွေရဲ့အန္တရာယ်ကလည်း ရှိနိုင်တာမို့ ကျွန်တော်မျိုးတို့ လူအင်အားလောက်နဲ့ မသွားသင့်ဘူးလို့ ထင်ပါတယ်"

"ဘာကြောင့် မသွားရမှာလဲ၊ လက်တစ်ဆုပ်စာလောက်ရှိတဲ့လူတွေကို ကျွန်ုပ်တို့က ကြောက်နေရမှာလား၊ တောထဲကို သွားကြမယ်"

ဟု ပြောဆိုကာ ဂေါ်ရခါးစစ်သားအချို့ကို ခေါ်ဆောင်ကာ တောနက်တွင်းသို့ လိုက်သွားကြလေသည်။

ထိုတောမှာ မုန်းမြစ်အရှေ့ဘက်၌ ရှိပြီး ကမ်းခြေတစ်လျှောက်ထိအောင် သစ်တောများ ရှိနေလေသည်။



တောတွင်းသို့ ရောက်သောအခါ သားကောင်ငယ်ကလေးများကို တွေ့သဖြင့် ပစ်ခတ်ဖမ်းဆီးကြလေသည်။

သို့သော်လည်း မရပေ။

တစ်နေရာ ရောက်သောအခါမှ ဆတ်တစ်ကောင်ကို တွေ့သဖြင့် သေနတ်ဖြင့် ပစ်ရာ ထိမှန်ပြီး လဲကျသွားလေသည်။

မျက်နှာဖြူအရာရှိက ထိုနေရာသို့ သွားသောအခါ တောစပ်တစ်နေရာတွင် ရပ်နေသော အမျိုးသမီးတစ်ယောက်ကို တွေ့ရလေသည်။

မိန်းကလေးမှာ အသက်နှစ်ဆယ်အရွယ်ခန့်ရှိပြီး အနက်ရောင်.အဝတ်အစားများကို ဝတ်ဆင်ထားသည်။

ရှည်လျားသော ဆံပင်များကို ကျောဘက်၌ ဖြန့်ချထားကာ ခါးထောက်လျက် မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့် သူတို့အဖွဲ့ကို လှမ်းကြည့်နေသည်။

မျက်နှာဖြူအရာရှိက သေနတ်ဖြင့် လှမ်းချိန်ထားလိုက်သည်။

"မင်း ဘယ်သူလဲ"

"ငါဘယ်သူလဲဆိုတာ သိဖို့ထက် နင်တို့ ဘာကြောင့် အခုလို တောထဲ ဝင်ပြီး တိရစ္ဆာန်တွေကို လိုက်သတ်နေတာလဲ"

မိန်းကလေးက လေသံမာမာဖြင့် ပြန်မေးလိုက်သဖြင့် နည်းနည်းတော့ အံ့ဩသွားကြလေသည်။

"ကျွန်ုပ်တို့က မြန်မာတစ်ပြည်လုံးကိုတောင် သိမ်းပိုက်


www.burmeseclassic.com

www.burmeseclassic.com



ထားတာပဲ၊ ဒီတောဟာလည်း ကျွန်ုပ်တို့ ပိုက်နက်ထဲမှာ ပါတာပဲ၊ ဒီတော့ ကျွန်ုပ်တို့အနေနဲ့ ဘယ်လိုနေရာမဆို စိတ်တိုင်းကျ လုပ်ခွင့်ရှိတာပဲ၊ မင်း ဘာကြောင့် ဒီလိုပြောတာလဲ”

“နင်တို့ မတရား သိမ်းပိုက်လို့ ရမယ့် နေရာတွေထဲမှာ ဒီနယ်မြေ မပါဘူး၊ ဒီတော့ အသက်မသေချင်ရင် အေးအေးပြန်လှည့်သွားကြ”

ထိုသို့ လေသံမာမာဖြင့် ပြောသံကြားလိုက်သောအခါ ဂေါ်ရခါးစစ်သားများကပါ သေနတ်များဖြင့် ဝိုင်းချိန်ထားလိုက်ကြလေသည်။

“ကျွန်ုပ်ကို ဒီလိုအမိန့်ပေးရအောင် မင်းက ဘာလဲ”

“ငါက ဒီနယ်မြေရဲ့အရှင်သခင်ပဲ”

ထိုစကား ကြားသောအခါ အင်္ဂလိပ်မျက်နှာဖြူက သဘောကျစွာ ရယ်မောလိုက်သည်။

“အခု ကျွန်ုပ်တို့က မြန်မာတစ်ပြည်လုံး သိမ်းပိုက်ထားပြီးပြီ၊ ဒီတော့ မြန်မာပြည်ရဲ့အရှင်သခင်ဟာ ကျွန်ုပ်တို့ပဲ၊ မင်းဘာတွေ လာပြောနေတာလဲ မိန်းကလေး”

“နင်တို့သဘောနဲ့ နင်တို့လုပ်ချင်တိုင်း လုပ်လို့ရတဲ့အထဲမှာ ငါတို့ရဲ့ ဒီနေရာ မပါဘူး၊ ရှေ့ဆက်မတိုးပဲ အေးအေးပြန်လှည့်သွားရင် အသက်ချမ်းသာရာရမယ်”

မိန်းကလေးက သေနတ်များဖြင့် ဝိုင်းဝန်းချိန်ထားသည်ကိုပင် တစ်စက်ကလေးမှ ကြောက်ရွံ့ဟန် မပြဘဲ နေရာမှာ





ရပ်မြဲရပ်ကာ အင်္ဂလိပ်စစ်သားများကို လေသံမာမာဖြင့် အမိန့်ပေးနေလေသည်။

“ချောက်. . ချောက်. . ချောက်”

သေနတ်မှာ လုံးဝပစ်မရဘဲ တချောက်ချောက်နှင့်သာ အသံမြည်နေတော့သည်။

မကျေနပ်သဖြင့် နောက်တစ်ကြိမ် ထပ်ပစ်တော့လည်း အခြေအနေ မထူးလှဘဲ တချောက်ချောက်နှင့်သာ အသံမြည်နေတော့သည်။

သို့ကြောင့်. . .

မိမိစစ်သားများအား ပစ်ခတ်ရန် အမိန့်ပေးလိုက်လေသည်။ ဂေါ်ရခါးစစ်သားများက မလှမ်းမကမ်းမှာ ရပ်နေသော မိန်းကလေးကို ရိုင်ဖယ်သေနတ်များဖြင့် ချိန်ကာ ပစ်ကြလေသည်။

သေနတ်ဆယ်လက်ခန့်နှင့် ဝိုင်းဝန်းပစ်ခတ်ကြသော်လည်း သေနတ်တစ်လက်မှ မီးမကူးဘဲ တချောက်ချောက်နှင့် ဖြစ်နေကြသဖြင့် အားလုံး မျက်လုံးပြူးသွားကြလေတော့သည်။

“မတောက်တခေါက် လက်နက်တွေနဲ့ ငါ့ကို ပစ်သတ်ချင်လို့ ရပ့ါမလား၊ နင်တို့ ငါ့ကို သတ်ချင်ရင် ငါ့နောက်ကို လိုက်ခဲ့ကြ”

ဟု ပြောကာ နံဘေးနားမှာ သေနတ်ဒဏ်ရာနှင့် လဲနေသော ဆတ်ကြီးကို လက်ဖြင့် တစ်ချက်ပုတ်လိုက်ရာ အကောင်း



www.burmeseclassic.com

www.burmeseclassic.com


ပကတိအတိုင်း ပြန်ထလာလေသည်။

ထိုမြင်ကွင်းကို မြင်သောအခါ ဂေါ်ရခါးစစ်သားများမှာ မျက်စိမျက်နှာပျက်ကုန်ကြလေတော့သည်။

"ငါသွားပြီဟေ့. . . လိုက်ခဲ့ကြ"

ဟု အော်ပြောကာ အနက်ရောင် အဝတ်အစားများ ဝတ်ဆင်ကာ ဆံပင်ဖားလျားချထားသော မိန်းကလေးက တောတွင်းသို့ ပြန်လှည့်ဝင်သွားလေသည်။

ထိုအခါ မျက်နှာဖြူအရာရှိက နောက်မှ လိုက်ရန် အမိန့်ပေးလိုက်သည်နှင့် ဂေါ်ရခါးစစ်သားတို့လည်း ဓားကောက်ကြီးများကို ကိုင်ကာ နောက်မှ လိုက်ကြလေသည်။

သို့သော်. . .

သစ်တစ်ပင်၊ ဝါးတစ်ရုံမျှ ခြားရုံ ရှိသေးသည်။

မိန်းကလေး၏အရိပ်အယောင်ကိုမျှ မတွေ့ကြရတော့ပေ။

သို့သော်လည်း တောတိုးသွားသောခြေသံများကို ကြားနေရသောကြောင့် ထိုခြေသံကြားရာဘက်သို့ ပြေးလိုက်ကြလေသည်။

ခဏကြာတော့ စမ်းချောင်းတစ်ခု ရှိသော တောနေရာသို့ ရောက်သွားကြပြီး ကမ်းစပ်သောင်ပြန့်ပေါ်မှာ ဖြတ်ပြေးသွားသော မိန်းကလေးကို လှမ်းမြင်ကြရသဖြင့် နောက်မှ လိုက်ကြပြန်လေသည်။

မိန်းကလေး ဖြတ်ပြေးသွားသောနေရာမှာ သူတို့နှင့် မဝေးလှပေ။

သူမ ပြေးသွားသော လမ်းအတိုင်း သောင်ပြင်ပေါ်မှ ခြေရာများက အထင်းသား ကျန်ခဲ့လေသည်။

တစ်နေရာသို့ ရောက်သောအခါ ထူးဆန်းအံ့ဩဖွယ်ရာ ကောင်းသောမြင်ကွင်းကြောင့် အားလုံးရပ်တန့်သွားကြလေသည်။

သောင်ပြင်ပေါ်မှာ ပြေးသွားသော မိန်းကလေး၏ ခြေရာများမှာ တစ်နေရာသို့ ရောက်သောအခါ အသွင်ပြောင်းလဲသွားသည်ကို မြင်ကြရသောကြောင့်ဖြစ်သည်။

သူတို့တတွေ လူခြေရာမှ ပြောင်းလဲသွားသော ခြေရာကို တအံ့တဩနှင့် ဝိုင်းကြည့်နေကြစဉ်မှာပင် ရှေ့မှ ပြေးသွားသော မိန်းကလေးက မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

နောက်မှ သတိရလာကြပြီး လှမ်းကြည့်လိုက်သောအခါ ချောင်းဒီဘက်ကမ်းစပ်မှ ဟိုဘက်ကမ်းစပ်သို့ လွှားခနဲ ခုန်ကူးသွားသော ကိုးတောင်ကျားကြီးတစ်ကောင်ကိုသာ တွေ့လိုက်ကြရလေတော့သည်။

သို့ကြောင့်. . .

ဆက်မလိုက်တော့ဘဲ နောက်ကြောင်းသို့ ပြန်လှည့်ခဲ့ကြသည်။ မျက်နှာဖြူအရာရှိနှင့် အဖွဲ့မှာ စမ်းချောင်းအနီးမှ ပြန်



www.burmeseclassic.com

www.burmeseclassic.com


တက်ပြီး တောတွင်းသို့ ပြန်လည်ရောက်သည်နှင့် ၎င်းတို့အတွက် အန္တရာယ်များက ဆီးကြိုနေလေတော့သည်။

သစ်ပင်ခြုံနွယ်များ နောက်မှ လူလိုလို ကျားလိုလို သတ္တဝါများ ထွက်လာပြီး ဝင်ရောက်တိုက်ခိုက်ခြင်းကို ခံကြရလေတော့သည်။

ဂေါ်ရခါးစစ်သားများကလည်း သေနတ်များ၊ ဓားကောက်များကို အသုံးပြုကာ ပြန်လည်တိုက်ခိုက်ကြလေသည်။

ကျားနှင့် သဏ္ဌာန်တူသော သတ္တဝါများမှာ လျင်မြန်သွက်လက်လှသည်။ တောတွင်းမှ လွှားကနဲ ခုန်ထွက်လာပြီး လက်သည်းချွန်များ၊ အစွယ်များဖြင့် ကိုက်ဖြတ်၊ ကုတ်ခြစ်ကာ တိုက်ခိုက်ကြသည်။ လူကို တိုက်ခိုက်ရာတွင် ရှေ့မှ တိုက်သည်မရှိလှဘဲ နောက်ဘက်မှ ခုန်ဝင်လာပြီး လည်ဂုတ်ကို အစွယ်ဖြင့် ကိုက်ဖောက်ကာ တစ်ဖက်သို့ ကျွမ်းပစ်ချလိုက်လေရာ အကိုက်ခံရသူမှာ ဇက်လည်၍ ကျိုးကာ သေရလေသည်။

အကယ်၍ ရှေ့မျက်နှာချင်းဆိုင်မှ ခုန်ဝင်လာလျှင်လည်း ပစ်ခတ်တိုက်ခိုက်သော လက်နက်များကို လွတ်အောင်ရှောင်တိမ်း၍ မျက်နှာပေါ်သို့ ခုန်တက်ကာ လည်ပင်းကို ကိုက်ဖောက်ခြင်း၊ မျက်လုံးများကို လက်သည်းဖြင့် ကုတ်ထုတ်ခြင်းများဖြင့် တိုက်ခိုက်လေရာ ဂေါ်ရခါးစစ်သားများမှာ တစ်ယောက်ပြီး တစ်ယောက် လဲကျသေဆုံးကြရလေသည်။

ကျားကဲ့သို့ ဝတ်ရုံခြုံထားသော သတ္တဝါများမှာ လူကို



တိုက်ခိုက်ရာတွင် ကျယ်ကျယ်လောင်လောင် အော်ဟစ်ခြင်းမျိုး မဟုတ်ဘဲ သွားကြိတ်သံ၊ တဟီးဟီး တဟဲဟဲနှင့် မာန်ဖီသံ၊ ဒေါသသံများက ခပ်တိုးတိုး ကြားရလေသည်။

ဂေါ်ရခါးစစ်သားများမှာ သေနတ်များ ပါသော်လည်း အသုံးချ၍ မရကြသဖြင့် ဓားကောက်များကိုသာ ကိုင်၍ တိုက်ခိုက်ကြရာ ဘယ်လိုမှ အခြေအနေမလှဘဲ ဒဏ်ရာဒဏ်ချက်များဖြင့် မရှုမလှ ခံကြရလေသည်။

အချို့လည်း သွေးရူးသွေးတန်းနှင့် တောတွင်းသို့ ထွက်ပြေးကြလေသည်။

ထွက်ပြေးသွားသောလူများမှာလည်း လွတ်လမ်းမရှိကြပေ။ တစ်နေရာ ရောက်သည်နှင့် တောထဲတွင် ပုန်းအောင်းနေ ဟန်တူသော ရန်သူများနှင့် တွေ့ပြီး အသတ်ခံကြရပြန်သည်။

ရန်သူများမှာ လူနှင့် တွေ့လျှင် ရှေ့ကျွမ်း နောက်ကျွမ်းများ ပစ်ကာ ခုန်ပျံတိုက်ခိုက်ကြသဖြင့် ဂေါ်ရခါးစစ်သားများမှာ ယှဉ်ပြိုင်တိုက်ခိုက်ကြရင်းမှပင် တစ်ယောက်ပြီးတစ်ယောက် သေဆုံးသွားကြရလေသည်။

နောက်ဆုံးတော့ မျက်နှာဖြူအရာရှိနှင့် သူ၏စကားပြန်တို့သာ ကျန်ခဲ့ကြလေသည်။

၎င်းတို့နှစ်ယောက်မှာလည်း အခြေအနေ မဟန်မှန်း သိကြသည်နှင့် တပြိုင်နက် ထွက်ပြေးကြလေတော့သည်။

ထိုသို့ပြေးရင်းမှပင် တောနက်ထဲမှာ တစ်ယောက် တစ်


www.burmeseclassic.com

www.burmeseclassic.com


ကွဲစီ ဖြစ်သွားလေတော့သည်။

စကားပြန်ဖြစ်သူ ပြေးသောဘက်မှာ စမ်းချောင်းက လေး ရှိသောဘက်ဖြစ်သည်။

သူသည် စမ်းချောင်းနား ရောက်၍ အခြေအနေ ကြည့် လိုက်သောအခါ စမ်းချောင်းအစပ် တစ်နေရာ၌ လူတစ်ယောက် ရပ်နေသည်ကို လှမ်းမြင်ရသဖြင့် ထိုလူရှိရာသို့ အားကိုးတကြီး ပြေးသွားလေသည်။

အနီးသို့ ရောက်သောအခါ. . .

"ကျုပ်ကို ကယ်ပါဦးဗျ၊ ကျုပ်ကို ကယ်ပါဦး"

ဟု အော်ဟစ်အကူအညီတောင်းလိုက်ရာ ထိုသူက ကျောခိုင်းရပ်နေရာမှ သူ့ဘက်သို့ တဖြည်းဖြည်း လှည့်လာသည်။

ထိုလူသည် တစ်ကိုယ်လုံး အဝတ်အစားများ မပါဘဲ ခါးမှာ အရှက်လုံရုံ နံငယ်ပိုင်းကလေးတစ်ခုသာ ပတ်ထားလေ သည်။

အသက်နှစ်ဆယ်ကျော်အရွယ်ဝန်းကျင်ရှိပြီး ခန္ဓာကိုယ် မှာ ကျစ်လစ်သန်မာလှသည်။

ဦးခေါင်းပေါ်မှ ဆံပင်ရှည်များက လည်ဂုတ်နှင့် မျက်နှာ ပေါ်သို့ ဖုံးအုပ်ကျနေသဖြင့် သူ့မျက်နှာကို ကောင်းစွာမမြင်ရ ပေ။ တစ်ဝက်လောက်ကိုသာ မသဲမကွဲ တွေ့ရသည်။

"ကျုပ်ကို ကယ်ပါဦးဗျာ"

"ဘာဖြစ်လာတာလဲ"



သူ့အသံမှာ သာမန်လူအသံမျိုး မဟုတ်ဘဲ ကျားတစ် ကောင်အသံမျိုးကဲ့သို့ ဟိန်းထွက်နေလေသည်။

ထိုလူက မျက်နှာချင်းဆိုင် အနေအထား ခါးထောက်၍ ရပ်နေလေသည်။

"ကျုပ်နောက်ကို ကျားနဲ့တူတဲ့ သတ္တဝါတွေ လိုက်လာလို့ ပါဗျာ"

"ဒီလိုပြေးတော့ရော လွတ်မှာမို့လား"

"ဟင်. . "

ထိုသို့ပြောပြီး ထိုလူက မျက်နှာပေါ် အုပ်ကျနေသော ဆံပင်ရှည်များကို နောက်ဘက်သို့ သပ်ဖယ်တင်လိုက်တော့ သူ့ မျက်နှာက ပေါ်လာတော့သည်။

"ဟင်. . "

ထိုလူ မျက်နှာမှာ သာမန်လူတစ်ယောက် မျက်နှာမျိုး မဟုတ်ဘဲ အောက်ပိုင်းက လူမျက်နှာမျိုး ကျန်နေပြီး ဆံပင်အုပ် နေသည့် အပေါ်ပိုင်းမှာ ကျားတစ်ကောင်၏မျက်နှာနှင့် များစွာ တူနေပေသည်။

သူ့ကြည့်ရသည်မှာ ချောင်းကပ်စပ်၌ ရပ်ကာ အားမာန် သွင်းနေဟန် ရှိလေသည်။

"ဟင်. . မင်း. . မင်း. . လူလည်း မဟုတ်ပါလား"

ဟု ပြောကာ သွေးရူးသွေးတန်းဖြင့် နောက်ကြောင်းပြန် လှည့်ပြေးလေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

သူ အတော်ဝေးဝေး ရောက်သွားသည်အထိ နောက်မှ ရပ်နေသူက လိုက်မသွားသေးပဲ နေရာမှာ ရပ်မြဲရပ်နေပြီး အတန်ကြာမှ ခြေလှမ်းကျဲကြီးများဖြင့် ပြေးလိုက်သွားလေသည်။

ပြေးလိုက်သွားစဉ်က ၎င်း၏ခြေရာမှာ လူတစ်ယောက်၏ခြေရာအတိုင်း ဖနောင့်၊ ခြေဖဝါး၊ ခြေငါးချောင်းရာတို့ ထင်ကျန်နေသော်လည်း ခြေလှမ်းနှစ်ဆယ် သုံးဆယ်မျှ ပြေးသွားမိသောအခါ လူခြေရာနှင့် သိပ်မတူတော့ဘဲ ပုအိုင့်အိုင့်ဖြစ်လာသည်။

နောက်တော့ ဖနောင့်ခြေရာပါ ပျောက်သွားပြီး ခြေရာပုံစံမှာ တစ်မျိုးပြောင်းသွားလေတော့သည်။ ထိုသူသည် မူလပြေးသွားစဉ်က လူတစ်ယောက်ကဲ့သို့ မားမားမတ်မတ် ပြေးသွားသော်လည်း ထိုသို့ ခြေရာပုံသဏ္ဍာန် ပြောင်းသွားသည်နှင့် ၎င်း၏ပြေးလွှားဟန်မှာလည်း ပြောင်းသွားလေတော့သည်။

မားမားမတ်မတ် ပြေးလွှားနေရာက လက်ကို ရှေ့သို့ဆန့်တန်းကာ လွှားကနဲ လွှားကနဲ ပြေးလိုက်သွားရာ တောစပ်တစ်နေရာသို့ ရောက်သောအခါ ရှေ့မှ ပြေးသွားသော စကားပြန်ကို မီသွားလေတော့သည်။

ခဏကြာသောအခါ ထိုနေရာဘက်မှ ကျားဟိန်းသံ၊ မာန်ဖီသံ၊ လူတစ်ယောက်၏အော်ဟစ်သံများက ဆက်ကာဆက်ကာ ပေါ်လာလေတော့သည်။

နောက်မှ တစ်စတစ်စနှင့် ပြန်လည်ငြိမ်သက်သွားလေ





သည်။

တောထဲ၌ တစ်ယောက်တည်း အသက်ရှင်ကာ ပြေးနေသူမှာ မျက်နှာဖြူအရာရှိ ဖြစ်သည်။

သူသည် ရန်သူများနှင့် ဝေးရာဘက်သို့ ပြေးရင်းနှင့်ပင် တောနက်အတွင်းသို့ ရောက်သွားလေတော့သည်။

တောနက်ထဲသို့ ရောက်သွားကာမှ ဘယ်နေရာသို့ ရောက်သွားရမှန်း မသိအောင် မျက်စိလည်နေတော့သည်။

ကမ်းစပ်၌ ကျန်ခဲ့သော မိမိလူများ သိအောင် အချက်ပေးရန် မည်သို့ ပြုလုပ်ရမည်ကို မသိပဲ ရှိနေရာမှ လက်ထဲမှာ ကိုင်ထားသော ခြောက်လုံးပြူးသေနတ်နှင့် ပစ်၍အချက်ပေးရန် စိတ်ကူးရသွားလေသည်။

သို့သော်လည်း သေနတ်မှာ စောစောက မိန်းကလေးကို ပစ်ရာတွင် ကျည်ဆံမထွက်သဖြင့် ပစ်၍ရပ့ါမလားဟု စိတ်ပူသွားလေသည်။

အခြားဆက်သွယ်စရာ နည်းလမ်းကလည်း မရှိတော့ပြီ ခြောက်လုံးပြူးသေနတ်ကို အပေါ်ထောင်၍ ပစ်လိုက်သည်။

"ဒိုင်း. . ဒိုင်း"

ကျည်ဆံက ရှောရှောရှူရှူ ထွက်သွားသောကြောင့် တိုက်ဝန်းကျင်တစ်ဝိုက်မှာ သေနတ်သံဖြင့် ဆူညံသွားလေတော့သည်။

မျက်နှာဖြူအရာရှိမှာ သေနတ်ကျည်ဆံ ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com


သဖြင့် အတော်ကလေး အားရှိသွားလေသည်။

မိမိသေနတ်သံကို ကြားပါက ကျန်ခဲ့သော အဖွဲ့သား များ မုချလိုက်လာလိမ့်မည်ဟု မျှော်လင့်မိသည်က တစ်ကြောင်း

သေနတ်ပစ်လို့ရသွားပြီမို့ တော်ရုံအန္တရာယ်လောက်က မှုစရာ မလိုတော့သည်က တစ်ကြောင်းကြောင့် အတော်အသ စိတ်သက်သာရာ ရသွားကာ တောင်သရက်ပင်ကြီးတစ်ပင်၏ ခြေရင်းတွင် ခြေပစ်လက်ပစ် ဝင်ထိုင်လိုက်လေသည်။

အတန်ကြာသောအခါ တောထဲမှ ခြေသံလိုလို ကြား ပြီးနောက် လူတစ်ယောက် ထွက်လာသည်။

စောစောက ထွက်ပြေးသွားသော အနက်ရောင်အဝတ် အစားများနှင့် မိန်းကလေး ဖြစ်သည်။

"ဟင်. . မင်း. . မင်း"

ထိုမိန်းကလေးကို မြင်လိုက်သည်နှင့် မျက်နှာဖြူအရာ မှာ ထိတ်လန့်တုန်လှုပ်သွားသည်။

နောက်မှ သတိရကာ သေနတ်ဖြင့် ချိန်ထားလိုက် သည်။ မျက်နှာပေါ်မှာ ချွေးသီးချွေးပေါက်များ ကျနေသလို သေနတ်ကိုင်ထားသော လက်များမှာလည်း တဆတ်ဆတ် တုန် နေလေသည်။

"မင်း ဘယ်က ရောက်လာတာလဲ၊ ရှေ့တိုးမလာနဲ့နော် ငါပစ်သတ်လိုက်မယ်"

"ဘာကြောင့် အခုမှ ဒီလောက်ကြောက်နေရတာလဲ



နင်တို့ပြောတော့ ဒီလက်နက်တွေ ရှိရင် တစ်ကမ္ဘာလုံးကိုတောင် သိမ်းပိုက်လို့ ရတယ်ဆို၊ အခုတော့ နင်ဘာတတ်နိုင်သေးလဲ"

မျက်နှာဖြူအရာရှိက မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် လှမ်း ကြည့်နေသည်။

"မသေခင် မြဲမြဲမှတ်သွားပါ၊ လောကမှာ လူအင်အား လက်နက်အင်အား အားကိုးတွေနဲ့ အနိုင်ကျင့်လို့မရတဲ့ ပညာ တွေ၊ နေရာတွေ အများကြီး ရှိတယ်၊ နင်တို့ သိပ္ပံပညာတွေ ထွန်းကားတယ်ဆိုတာ ဝိဇ္ဇာပညာရဲ့ခြေမှုန့်လောက်ပဲ ရှိတယ် ဆိုတာ မြဲမြဲမှတ်သွားပေရော့၊ နင် ငါ့မျက်နှာကို သေသေချာချာ ကြည့်စမ်း"

အမိန့်ပေးသကဲ့သို့ ပြောလိုက်သဖြင့် မျက်နှာဖြူအရာရှိ က မိန်းကလေးမျက်နှာကို မော့ကြည့်လိုက်သည်။

သူမ၏မျက်လုံးများမှာ လူတစ်ယောက်၏မျက်လုံးမျိုး နှင့် မတူတော့ဘဲ ကျားတစ်ကောင်၏မျက်လုံးများကဲ့သို့ ရဲရဲနီလာ သည်ကို တွေ့လိုက်ရသည်။

အဖြူရောင် လုံးဝပျောက်နေပြီး ဟင်္သာပြဒါးကဲ့သို့ ရဲရဲနီ နေသော မျက်လုံးကြီးများကို တွေ့လိုက်ရသည်နှင့် ထိုမျက်လုံး များမှ အကြည့်ကို ဖယ်ခွာ၍မရတော့ဘဲ သတိလစ်သလို ဖြစ် သွားလေတော့သည်။

မိန်းကလေးက တဖြည်းဖြည်းနှင့် ရှေ့သို့ တိုးလာသည်၊ ထိုအခါမှ သတိရကာ လက်ထဲမှ သေနတ်ဖြင့် ပစ်ခတ်ရန်

www.burmeseclassic.com

www.burmeseclassic.com



လည်း ဘယ်လိုမှ မရတော့သဖြင့် နေရာမှ ထပြေးလေပေ
သည်။

သို့သော်လည်း သူ့အနေနှင့် ခြေလှမ်းများများ ပြေး
မရလိုက်တော့ပေ။

အဘယ်ကြောင့်ဆိုသော်. . .

သူထွက်ပြေးမည့်နေရာမှန်သမျှ ကျားနက်ဂိုဏ်းသ
များက ရောက်နေကြကာ သူ့အား ဝိုင်းထားလိုက်ကြလေပြ

မျက်နှာဖြူအရာရှိ၏ကံကြမ္မာကား . . .။







## အခန်း(၃)

# ကျားနက်ဂိုဏ်း၏ကလဲ့စား

ထိုသတင်းကိုကြားသောအခါ ပင်လယ်ဘူးရှိ အင်္ဂလိပ် စစ်ဌာနချုပ်မှ ထိုကိစ္စကို အမြန်ဆုံး စုံစမ်းဖော်ထုတ်ရန် ကောင်းဟိန်းရှိ စစ်ရုံးသို့ အကြောင်းကြားလေရာ ကပ္ပတိန် ဘွိုက်မော်တွန်(Capt. Boyce Morton)ဦးဆောင်သော အင်္ဂလိပ်စစ်တပ် တစ်တပ်သည် နမ္မားရွာသို့ သွားရောက်စုံစမ်းကြလေသည်။ ကပ္ပတိန် ဘွိုက်မော်တွန်နှင့်အတူ လက်နက်ကိုင် စစ်သားများသည် နမ္မားသို့ ရောက်သောအခါ ၎င်းတို့လူများနှင့် ပတ်သက်သော သတင်းများကို စုံစမ်းကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီရွာကို အင်္ဂလိပ်စစ်ဗိုလ်နဲ့ စစ်သားတွေ ရောက်လာတယ် မဟုတ်လား"

"လာတယ်"

"အခု သူတို့ ဘယ်မှာလဲ"

တောနက်ဘက်သို့ လက်ညှိုးထိုးပြကာ . .

"အဲဒီတောဘက် သွားကြတာလဲ"

ဟု တုံးတိတိ ပြန်ပြောသဖြင့် ရွာမှ လမ်းပြအချို့ကို ခေါ်ကာ တောထဲသို့ လိုက်ရှာကြလေသည်။

ထိုအခါ တောထဲမှာ ဒဏ်ရာဒဏ်ချက်များဖြင့် အသက်ပျောက်နေသော မျက်နှာဖြူအရာရှိအလောင်းနှင့် စစ်သားများ၏အလောင်းများကို တွေ့ကြရသည်။

အလောင်းများမှာ ပုပ်ပွလျက် ဒဏ်ရာဒဏ်ချက်များရှိနေသည်ကိုသာ သိရပြီး ဘယ်သို့သော ဒဏ်ရာများ ဖြစ်သည်ကိုတော့ ခွဲခြားသိရန် မလွယ်တော့ပေ။

ထိုနေရာတဝိုက်ရှိ ပတ်ဝန်းကျင်တစ်ဝိုက်မှာ သွေးညှီနံ့များ လှိုင်နေပြီး ယင်မမည်းရိုင်းကြီးများက တဝေါဝေါ ဝိုင်းအုံနေကြသည်။ အလောင်းများအနီး၌မူ ၎င်းတို့ ကိုင်ဆောင်သောလက်နက်များက ရှိမြဲရှိနေသည်မို့ ပို၍ အံ့သြကြရလေသည်။

"ဒါ သူပုန်တွေလက်ချက်တော့ မဖြစ်နိုင်ဘူး၊ သူပုန်တွေနဲ့ တိုက်ပွဲဖြစ်ရင် ဒီလက်နက်တွေကို ယူသွားမှာ မုချပဲ၊ သူတို့ဘာကြောင့် သေရတာလဲ၊ သူတို့ကို သတ်သွားတာ ဘယ်သူတွေလဲ"

ကပ္ပတိန်ဘွိုက်မော်တွန်က မေးသော်လည်း လမ်းပြများက သူတို့ ဘာမှ မသိရကြောင်းသာ ပြန်ပြောကြသဖြင့် အခက်တွေ့ကြလေသည်။

ထို့နောက် သေဆုံးနေသူများထံမှ လက်နက်များကို ယူကာ အလောင်းများကို မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြလေသည်။

ကပ္ပတိန်ဘွိုက်နှင့်အဖွဲ့သည် တောနက်အတွင်းမှ ချက်ချင်းပြန်မထွက်ကြသေးဘဲ အသင့်အတင့် လုံခြုံစိတ်ချရသောနေရာတစ်နေရာတွင် စခန်းချပြီး အခြေအနေကို စောင့်ကြည့်ကြလေသည်။

ညဘက်ရောက်သောအခါ စခန်းပတ်ဝန်းကျင်တစ်ဝိုက်မှ ကျားဟိန်းသံများ၊ မာန်ဖီသံများ ကြားကြရပြီး စခန်းအနီးမှ ဖြတ်သွားသော တောကောင်ကြီးများ၏အရိပ်အယောင်များကို တွေ့မြင်ကြရသည်။

သို့သော် . .

အန္တရာယ်ပြုခြင်းတော့ မရှိပေ။

တောကောင်ကြီးများမှာ မခန့်လေးစား အမူအယာနှင့် စခန်းနှင့် မလှမ်းမကမ်းနေရာ ရောက်လာကာ ဆောင့်ကြောင့်ထိုင်ကာ လာကြည့်နေပြီး လူများက သေနတ်နှင့် ပစ်ရန် ချိန်သောအခါမှ ပါးစပ်ကြီးများကို အစွမ်းကုန် ဖြဲပြပြီးနောက် တောအတွင်းသို့ ပြန်ဝင်သွားကြလေသည်။







www.burmeseclassic.com

www.burmeseclassic.com



ညဉ့်နက်ပိုင်း ရောက်သောအခါ တောနက်ထဲမှာ ဆူဆူညံညံနှင့် လူသံသူသံများ ကြားနေသော်လည်း စခန်းအနီးသို့ ရောက်မလာကြပေ။

ကပ္ပတိန်ဘွိုက် စိတ်ထဲမှာတော့. . .

"ငါတို့စစ်သားတွေကို တစ်ယောက်မကျန် သတ်ပစ်လိုက်တဲ့ တရားခံတွေ ဒီတောထဲမှာ ရှိကိုရှိရမယ်၊ စောစောက ကြားရတဲ့ လူသံတွေဟာ သူတို့ စခန်းချတဲ့ဆီကပဲ ဖြစ်ရမယ်၊ နောက်တစ်နေ့မနက်လင်းရင် အဲဒီနေရာတွေကို လူခွဲပြီး တက်ရှာကြည့်ရမယ်"

ဟု တွေးတောနေမိလေသည်။

ထိုညတစ်ညလုံးတော့ အနှောင့်အယှက် အန္တရာယ် တစ်စုံတရာ မတွေ့ကြရသဖြင့် နောက်တစ်နေ့ နံနက်လင်းသောအခါ ညဘက်က လူသံသူသံများ ကြားသောနေရာဘက်သို့ တက်သွားကြလေသည်။

ထိုသို့ တက်ရာမှာလည်း ကပ္ပတိန်ဘွိုက်က မိမိလူများကို လူစုခွဲကာ တက်သွားစေသည်။

ကပ္ပတိန်ဘွိုက်နှင့်အတူ စစ်သားငါးယောက် ပါလာသည်။ သူတို့ တက်သွားစဉ်မှာပင် တောနက်ထဲမှ လူသံသူသံများကို မသဲမကွဲ ကြားနေရဆဲဖြစ်သည်။

သို့ကြောင့် သတိနှင့် တက်သွားရာ အနားသို့ ရောက်သွားသောအခါ ဘာမှမတွေ့ရပဲ ကြားရသောအသံများက





အခြားတစ်နေရာဘက်မှ ကြားရပြန်လေရာ ထိုအသံကြားရာဘက်သို့ ဆက်လိုက်သွားကြပြန်လေသည်။

ရှေးနည်းအတိုင်းပင်. . .

အသံများ တဖြည်းဖြည်း နီးကပ်လာပြီးမှ အနီးသို့ ရောက်သွားသောအခါ ဘာမှ မတွေ့ရပြန်ပေ။

ထို့အပြင် လူစုခွဲ၍ လွှတ်လိုက်သော မိမိလူများဘက်ဆီမှလည်း မည်သည့်အသံမှ မကြားရတော့ပေ။

ကပ္ပတိန်ဘွိုက်တို့ ခြောက်ယောက်မှာ မိမိလူများနှင့် အဆက်အသွယ်ရရန် အမျိုးမျိုး ကြိုးစားကြည့်သော်လည်း ဘယ်လိုမှ အခြေအနေ မထူးသဖြင့် အရိပ်ကောင်းသော သစ်ပင်ကြီး တစ်ပင်အောက်သို့ ဝင်ကာ ခေတ္တနားရင်း အခြေအနေကို စောင့်ကြည့်ကြလေသည်။

ထိုသို့စောင့်ကြည့်နေစဉ် သူတို့ ရှိသောနေရာနှင့် မဝေးလှသောနေရာဆီမှ တဟင်းဟင်းနှင့် လူငြီးသံလိုလို ကျားတစ်ကောင် မာန်ဖီသံလိုလို ကြားရသဖြင့် အသံမထွက်စေရန် တစ်ယောက်နှင့်တစ်ယောက် အချက်ပြပြီး သေနတ်များကို အဆင်သင့် ကိုင်ကာ ခြေသံလုံလုံဖြင့် အသံကြားရာဘက်သို့ သွားကြလေသည်။

ဒီတစ်ခါတော့ ကြားနေရသော အသံက ပျောက်ကွယ်မသွားပေ။

သို့ကြောင့်. . .



www.burmeseclassic.com

www.burmeseclassic.com



သတိထားပြီး တဖြည်းဖြည်း ရှေ့သို့ တက်သွားကြည့်ရာ မလှမ်းမကမ်းနေရာသို့ ရောက်သောအခါ ခြုံကွယ်တစ်ခုမှ ထူးခြားသောအရာတစ်ခုကို လှမ်းမြင်ကြရသည်။

အခြားမဟုတ်ပေ။

လူ့ခါးစောင်းလောက် မြင့်သော သမန်းဗျိုက်တော တစ်ခု နောက်ကွယ်မှ လှုပ်ရှားမှုတစ်ခု ရှိနေပြီး အသေအချာ စောင့်ကြည့်သောအခါ ထိုနေရာမှ ကျားတစ်ကောင်၏ဦးခေါင်း ပိုင်းတစ်ခုကို လှမ်းမြင်လိုက်ရသဖြင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ထိုနေရာသို့ သေနတ်များဖြင့် ချိန်ကာ ပစ်လိုက်ကြလေတော့သည်။

"ဒိုင်း. . ဒိုင်း. . ဒိုင်း"

တောသံဖြင့် သေနတ်သံများက ဟိန်းထွက်သွားလေသည်။ စောစောက ကြားနေရသော ငြီးငြူသံလိုလိုအသံများလည်း တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ကပ္ပတိန်ဘွိုက်တို့လည်း အခြေအနေ စောင့်ကြည့်သော်လည်း နောက်ထပ် ဘာမှ အခြေအနေ မထူးတော့သဖြင့် သတိဖြင့် ထိုနေရာသို့ တဖြည်းဖြည်း တိုးကပ်သွားလေသည်။ ခြုံကွယ်အနီးသို့ ရောက်၍ သေနတ်ဖြင့် ချိန်ကာ ကြည့်လိုက်သောအခါ မှောက်ရက်သား လဲကျနေသော လူတစ်ယောက်ကို တွေ့မြင်ကြရသည်။

ထိုလူမှာ တစ်ကိုယ်လုံး အဝတ်အစား မပါဘဲ နီကြောင်





ကြောင် ဝါကျင်ကျင် ဆံပင်ရှည်များက ဦးခေါင်းတစ်ဝိုက်ကို ဖုံးအုပ်ထားလေသည်။

ထိုလူမှာ သေနတ်ဒဏ်ရာများအပြင် အခြားဒဏ်ရာ ဟောင်းတစ်ခုလည်း ရထားဟန် ရှိလေသည်။

အဘယ်ကြောင့်ဆိုသော်. . .

သေဆုံးနေသောလူ၏မျက်နှာမှာ လူတစ်ယောက်၏ မျက်နှာမျိုး မဟုတ်တော့ဘဲ အသွင်ပြောင်းနေလေသည်။

သို့ကြောင့် . . .

ကပ္ပတိန်ဘွိုက်နှင့် နောက်လိုက်နောက်ပါတို့မှာ ထိုနေရာ၌ ဆက်မနေဝံ့ကြတော့ဘဲ ထိုနေရာမှ ထွက်ပြေးသွားကြလေတော့သည်။

ဒါတင်မကသေးပဲ နမ္မားရွာသို့ ပြန်ရောက်သောအခါ မိမိအဖွဲ့သားများကို သေနတ်ဖောက် အချက်ပေး၍ ပြန်ခေါ်လူစုကာ ကောင်းဟိန်းစစ်ရုံးသို့ အလျင်အမြန် ပြန်ပြေးကြလေတော့သည်။

ကောင်းဟိန်းသို့ ပြန်ရောက်သောအခါ ပင်လယ်ဘူး အင်္ဂလိပ် စစ်ဌာနချုပ်သို့ အစီရင်ခံစာတစ်စောင် ရေးပို့လိုက်လေတော့သည်။

အစီရင်ခံစာထဲတွင်. . .

'ပျောက်ဆုံးသွားသော မျက်နှာဖြူအရာရှိနှင့် ဂေါ်ရခါး စစ်သားများမှာ တောနက်အတွင်း၌ ထူးဆန်းသော သတ္တဝါများ



www.burmeseclassic.com

www.burmeseclassic.com

လက်ချက်ကြောင့် အားလုံးသေဆုံးသွားခဲ့ကြကြောင်း'
ရေးသားဖော်ပြထားလေသည်။

အမှန်တော့ ကပ္ပတိန်ဘွိုက်တို့လက်ချက်ကြောင့် သေဆုံးသွားသော သတ္တဝါမှာ ကျားနက်ဂိုဏ်းသား တစ်ယောက်သာ ဖြစ်လေသည်။ သူသည် ကျားစိတ်ကျားမာန် သွင်းနေစဉ် ဦးခေါင်းပိုင်းမှာ ပြောင်းကာစဖြစ်ပြီး အောက်ပိုင်းခန္ဓာကိုယ်က အသွင်မပြောင်းသေးဘဲ လူအသွင်အတိုင်း ရှိနေဆဲမှာပင် မမျှော်လင့်ဘဲ ဒဏ်ရာတစ်ခု ရသွားသဖြင့် ဆက်လက်၍ ကျားစိတ်ကျားမာန် မသွင်းနိုင်ပဲ ငြီးငြူနေစဉ် ကပ္ပတိန်ဘွိုက်တို့ လက်ချက်နှင့် အသက်သေဆုံးသွားခြင်းဖြစ်ပေသည်။

၎င်းသေဆုံးသွားပြီးနောက် မကြာမီ ထိုနေရာသို့ လူတစ်စု ရောက်လာကြလေတော့သည်။

အပေါ်အောက် အနက်ရောင်များ ဝတ်ဆင်ထားသော လူကြီးတစ်ဦးနှင့် နောက်လိုက်နောက်ပါအချို့တို့ ဖြစ်ကြသည်။

ခေါင်းဆောင်လုပ်သူက. . .

"ဒင်းကြောင့် ငါတို့ ဗျဂ္ဃရူပအတတ်ပညာတွေကို လူတွေ သိကုန်တော့မှာပဲ၊ သူ့ကို ဒဏ်ပေးတဲ့အနေနဲ့ တို့လူမျိုးတွေရဲ့သင်္ချိုင်းမှာ မမြှုပ်ပဲ တစ်နေရာမှာသာ မြှုပ်ပစ်လိုက်တော့"

ဟု အမိန့်ပေးသောကြောင့် နောက်လိုက်နောက်ပါများက ထိုအလောင်းကို သယ်ယူသွားပြီး လျှို့ဝှက်သောနေရာ၌ မြှုပ်နှံလိုက်ကြလေသည်။





ထို့နောက်. . .

သူတို့လူစုသည် နမ္မားရွာ၏မြောက်ဘက် တောနက်ကြီးအတွင်း၌ ရှိသော ကျောက်ဂူတစ်ခု ရှိရာသို့ သွားကြလေသည်။

ထိုကျောက်တောင်၏ပုံသဏ္ဌာန်မှာ အဝေးမှ ကြည့်လျှင် ကျားတစ်ကောင်၏ဦးခေါင်းသဏ္ဌာန်ဖြစ်ပြီး ဂူပေါက်ဝမှာ ပါးစပ်ပေါက်နေရာဖြစ်သည်။

ထိုဂူသည် အနီးဆုံး ရှိသော နမ္မားရွာနှင့်ပင် လေးငါးမိုင်ကွာဝေးလေသည်။

ဒေသအခေါ်ကတော့ 'ကျားပါးစပ်ဂူ' ဟု အမည်တွင်ပြီး ကျားနက်ဂိုဏ်းသားတို့၏သင်္ချိုင်းနေရာလည်းဖြစ်သည်။

ထိုဂူအတွင်းရှိ ကျောက်စင်များပေါ်တွင် ရှေးအစဉ်အဆက်မှ ကျားနက်ဂိုဏ်းခေါင်းဆောင်များ၏ရုပ်အလောင်းများ ရှိသည်။

ထို့ပြင်. . .

အသွင်ပြောင်းပြီးမှ သေဆုံးသွားသူတို့၏အလောင်းများလည်း ရှိလေသည်။

ကျားအရုပ်များမှာ ပကတိ အသက်ရှင်နေသည့်အလား ပုံမပျက် ထားလေရာ ရုတ်တရက် ကြည့်ပါက သက်ရှိကျားများသဏ္ဌာန်အတိုင်း ရှိလေသည်။

သင်္ချိုင်းဂူထဲတွင် ကျားနက်ဂိုဏ်းခေါင်းဆောင်များ အသွင်ကူးပြောင်းပုံ မှတ်တမ်းများ၊



www.burmeseclassic.com

www.burmeseclassic.com

ဝိညာဉ်များကို စေစားနိုင်သောပညာများ၊

ရုပ်ပြောင်းရုပ်လွှဲပညာများ၊

ပြုစားနိုင်သော အတတ်ပညာ(Black Magic)များ၊ ထူးဆန်းအံ့သြဖွယ်ရာကောင်းလှသည့် ဂမ္ဘီရပညာများစွာတို့ကို ပေပုရပိုဒ်မှတ်တမ်းများဖြင့် ရေးမှတ်သိမ်းဆည်းထားသည်ဟု အဆိုရှိသည်။

ထိုနေရာသည် ၎င်းတို့အတွက် လူသိမခံသောနေရာ ဖြစ်သလို မည်သူ့ကိုမှ ဝင်ထွက်ခွင့် မပေးသောနေရာလည်း ဖြစ်သည်။ ထိုစည်းကမ်းကိုတော့ အဖွဲ့ဝင်တိုင်းက လိုက်နာကြရပြီး မည်သူကမှလည်း မဖောက်ဖျက်ဝံ့ကြပေ။

အကယ်၍ အပြစ်ကျူးလွန်မိလျှင်လည်း အသက်ပေးကြရသည်။ အဖွဲ့ဝင်တစ်ယောက်က ထိုအပြစ်မျိုး ကျူးလွန်မိလျှင် သေဒဏ်မှတစ်ပါး အခြားအပြစ်မရှိချေ။

အဖွဲ့ခေါင်းဆောင် လုပ်သူကလည်း ထိုစည်းကမ်းကို ကြပ်ကြပ်မတ်မတ် ထားလေသည်။

အဖွဲ့သားတစ်စုသည် ကျားပါးစပ်ပေါက်ဝမှ အတွင်းသို့ ဝင်ရန်အတွက် အပြင်ဘက်မှ ပိတ်ဆီးနေသော ခြုံနွယ်များကို ဖယ်ရှားပြီးမှ အတွင်းသို့ ဝင်နိုင်ကြလေသည်။

၎င်းတို့အတွင်းသို့ ရောက်သောအခါ ခြုံနွယ်ပိတ်ပေါင်းများက ယခင်အတိုင်း ပြန်ပိတ်သွားလေသည်။

အတွင်းပိုင်းသို့ ရောက်သောအခါ မှောင်နေသော





ကြောင့် ဂူပေါက်ဝ၌ အသင့်ထောင်ထားသော ကညင်ဆီမီးတိုင်များကို မီးထွန်းပြီးမှ အတွင်းသို့ ဝင်ကြလေသည်။

အတွင်းရောက်လေလေ ဂူကြီးမှာ ကျယ်ဝန်းလေဖြစ်ပြီး အတွင်းဘက်၌ ကျောက်စင်များပေါ်တွင် တင်ထားသော အလောင်းများကို အစီအရီ တွေ့ရလေသည်။

အဖွဲ့ခေါင်းဆောင်များ၏အလောင်းများကိုတော့ အပေါ်ဘက်ရှိ ကျောက်စင်များပေါ်တွင် သီးသန့်ထားပြီး အောက်ကြမ်းပြင်မှာတော့ ပုံစံမပျက် ထားသော ကျားအသေကောင်များနှင့် လူအရိုးစု အလောင်းများ ရှိလေသည်။

အလောင်းအတော်များများကတော့ အရိုးစုဘဝရောက်နေပြီဖြစ်သော်လည်း အချို့အလောင်းများကတော့ ပုံစံမပျက်ပင် ရှိနေသေးသည်။

ဂူ၏အတွင်းဘက်၌ အအေးဓာတ်များက စိမ့်နေသောကြောင့် ပုတ်အက်ပျက်စီးခြင်းမျိုး မရှိလှဘဲ ကာလကြာလာလျှင် အရိုးပေါ် အရေတင်ကာ သွေ့ခြောက်သွားလေသည်။

အသက်မရှိသော ကျားများပင်လျှင် ပုံစံမပျက် ရှိနေသောကြောင့် ရုတ်တရက် ကြည့်လျှင် သက်ရှိကျားများအသွင်သဏ္ဌာန် ရှိနေလေသည်။

လူတစ်စုသည် ထိုဂူထဲသို့ ရောက်သောအခါ ဂူပေါက်ဝ၌ ထောင်ထားသော ကညင်ဆီမီးတိုင်များကို မီးထွန်း၍ ဂူအတွင်းသို့ ဝင်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂူပေါက်ဝ၌ ထောင်ထားသည့် ကညင်ဆီမီးတိုင်များမှာ အသုဘ ချလျှင် အသုံးပြုရန်အတွက် အဆင်သင့် ပြုလုပ်ကာ ထောင်ထားခြင်းဖြစ်ပေသည်။

ထိုလူတစ်စုသည် ဂူအတွင်းသို့ ရောက်သောအခါ မိမိတို့နှင့် သက်ဆိုင်သော အလောင်းစင်များ ရှိရာသို့ သွားကာ ငိုကြွေးသူက ငိုကြွေး၊ ရေစွတ်ပြောဆိုသူက ပြောဆို၊ သေဆုံးသွားသူ ဘဝကူး ကောင်းစေရန် ဆုတောင်းသူက ဆုတောင်းနှင့် အတန်ကြာအောင် ရှိနေကြလေသည်။

ပြီးမှ လူပြန်စုကာ ဂူအတွင်းသို့ ဆက်ဝင်သွားကြလေသည်။ အတွင်းပိုင်းနေရာ ရောက်သောအခါ အတော်ကလေး ကျယ်ဝန်းသောနေရာတစ်ခုသို့ ရောက်သွားလေသည်။

သူတို့သည် ထိုနေရာသို့ ရောက်သောအခါ မီးတိုင်များကို ကိုင်လျက် ငြိမ်သက်စွာ ရပ်နေကြလေသည်။

အတန်ကြာသောအခါ ဂူအတွင်းပိုင်းဘက်ဆီမှ ကျား ဟိန်းသံကြီးနှင့် တူသော အသံတစ်သံ ပေါ်ထွက်လာသည်။

ထိုအသံကြီးမှာ တိတ်ဆိတ်ငြိမ်သက်နေသော ဂူအတွင်း၌ ဂူနံရံများ တုန်လှုပ်သွားလောက်သည်အထိ ပြင်းထန်လှပေသည်။ ရပ်နေကြသောလူများက အသံကြားရာဘက်သို့ လှမ်းကြည့်နေကြသည်။

ခဏကြာတော့ ဂူအတွင်းပိုင်းမှ အဝတ်နက် ခြုံထားသော အမျိုးသမီးတစ်ယောက် ထွက်လာသည်။





ထိုအမျိုးသမီးကို မြင်တော့ ရပ်နေသူများက ဦးခေါင်းများကို ငုံ့ကာ အရိုအသေ ပေးလိုက်ကြသည်။

ဦးခေါင်းပေါ်မှာ အဝတ်နက်ကို လွှမ်းခြုံထားသောကြောင့် မျက်နှာကို သဲသဲကွဲကွဲ မမြင်ရသော်လည်း အမှောင်ထဲမှာ အရောင်တလက်လက် တောက်ပနေသော မျက်လုံးအစုံကိုတော့ မြင်နေရသည်။

သူမက ကျောက်တုံးတစ်ခုပေါ်မှာ ရပ်ရင်း အတန်ကြာသည်အထိ ဘာစကားမှ မပြောသေးဘဲ ငြိမ်သက်နေသည်။

အတန်ကြာမှ . .

"ကိစ္စပြီးခဲ့ကြပြီလား"

ဟု မေးသည်။

"ပြီးခဲ့ပါပြီ အရှင်မ"

"အတော်မိုက်မဲတဲ့လူ . . ကိုယ့်ရဲ့အတတ်ပညာတွေကို လူတွေ သိသွားလောက်အောင် အဖြစ်ခံရသတဲ့လား"

"ကျွန်တော်တို့ သိရသလောက်တော့ သူက ရန်သူတွေ တိုက်ခိုက်ခဲ့စဉ်က ဒဏ်ရာရထားခဲ့ပါတယ်၊ အဲဒီဒဏ်ရာကြောင့် အသွင်ပြန်မပြောင်းနိုင်ခင်မှာ ရန်သူတွေနဲ့ တွေ့ပြီး အသတ်ခံလိုက်ရတာပါ အရှင်မ"

"ဘာပဲဖြစ်ဖြစ် ဒီအကြောင်းတွေကို တခြားလူတွေ သိသွားတာကတော့ မကောင်းလှဘူး၊ မကြာခင်မှာ ဒီအကြောင်းတွေက ပြန့်နှံ့သွားပြီး တို့ပညာတွေကို စိတ်ဝင်စားတဲ့လူတွေ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာကြတော့မယ်"

"ကျွန်တော်တို့ ဘာလုပ်ပေးရမလဲ အရှင်မ"

"နင်တို့ လုပ်ရမှာက တို့လူကို သတ်တဲ့ ရန်သူကို လက်စားချေရမှာပေါ့၊ ဒီတာဝန်ကို ဘယ်သူယူမှာလဲ"

ထိုအခါ လူနှစ်ယောက်က ရှေ့သို့ ထွက်လာပြီး. . .

"ကလဲ့စားချေတဲ့တာဝန်ကို ကျွန်တော်တို့ ယူပါ့မယ်"

ဟု ပြောလိုက်သည်။

"ကောင်းပြီ. . . တာဝန်ကျေအောင် ဆောင်ရွက်ခဲ့ပေတော့၊ အကယ်၍ ငါခိုင်းတဲ့တာဝန်ကို အောင်မြင်အောင် မဆောင်ရွက်နိုင်ခဲ့ရင် အသက်ရှင်ရက်နဲ့ အဖွဲ့ကို ပြန်မလာခဲ့ကြနဲ့. . . ကြားလား"

"ကောင်းပါပြီ"

ထို့နောက်. . .

အမျိုးသမီးက လက်ထဲမှာ ကိုင်ထားသော အရာဝတ္ထု တစ်ခုကို လှမ်းပစ်ပေးလိုက်ရာ လူတစ်ယောက်က ဖမ်းယူလိုက်သည်။

ကြည့်လိုက်တော့ ကျားနက်ရုပ်ကလေးဖြစ်သည်။

"ရန်သူနဲ့ တွေ့တဲ့အခါမှာ ဘယ်လိုအကြောင်းနဲ့ပဲဖြစ် ဖြစ် တို့ရဲ့လျှို့ဝှက်ပညာတွေကို လူသိမခံကြနဲ့၊ အသက်နဲ့ လဲပြီး ကာကွယ်စောင့်ရှောက်ကြရမယ်၊ တကယ်လို့ ငါစေခိုင်းတဲ့ကိစ္စ အောင်မြင်ခဲ့ရင် နင်တို့နှစ်ယောက်ကို ပညာအဆင့်တိုးပေးမယ်"





"ကောင်းပါပြီ"

"ကဲ. . . သွားကြပေတော့"

ဟု ပြောကာ အဝတ်နက် ခြုံထားသော အမျိုးသမီးက ဂူအတွင်းသို့ ပြန်ဝင်သွားရာ ထိုလူစုလည်း အပြင်သို့ ပြန်ထွက်လာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com




အခန်း(၄)

# ရှုးဆန်းသော ကျွန်ုပ်ရပ်

ကပ္ပတိန်ဘီ့ုက်မော်တွန်တို့ စခန်းချထားသောနေရာမှာ ကောင်းဟိန်းမြို့စွန်ဘက်ရှိ တောင်ကုန်းတစ်ခုပေါ်တွင် တည်ရှိလေသည်။

ထိုစခန်းနှင့် ပတ်ဝန်းကျင်တစ်ဝိုက်တွင် တောင်ကုန်း တောင်တန်းများနှင့် သစ်တောများသာ ရှိပြီး လူနေအိမ်ခြေ မရှိပေ။

အင်္ဂလိပ် စစ်စခန်းသို့ ကောင်းဟိန်းတစ်ဝိုက်ရှိ ရွာများမှ အလှည့်ကျ ရိက္ခာများ ပို့ပေးကြရသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

တစ်ခုသော နံနက်ခင်းတွင် အင်္ဂလိပ်စစ်စခန်းသို့ ဆင်သေချောင်းကျေးရွာမှ လူများ၊ ရိက္ခာပစ္စည်းများ လာရောက်ပို့ပေးကြလေသည်။

၎င်းတို့သည် လှည်းများဖြင့် လာရောက်ပို့ကြခြင်း ဖြစ်သဖြင့် ရိက္ခာလာပို့သောလှည်းများကို စခန်းပေါက်ဝမှာ ရပ်တန့်ကာ အစစ်ဆေးခံရသည်။

ကင်းသမားများက ရိက္ခာတင်ကြသော လှည်းနှစ်စင်းကို အသေအချာ စစ်ဆေးပြီးမှ စခန်းအတွင်းသို့ ဝင်ခွင့်ပြုလိုက်လေသည်။ လှည်းများပေါ်တွင် ဆန်နှင့် ဟင်းသီးဟင်းရွက်များ ထည့်ထားသော ပုတ်တောင်းကြီးများ တစ်လုံးစီ ပါသည်။

ထိုပုတ်တောင်းကြီးများကို စခန်းအတွင်းရှိ ရိက္ခာသိုလှောင်ရာ တဲကြီးများအတွင်းသို့ သွင်းထားခဲ့ပြီးနောက် လှည်းနှစ်စီးက ပြန်ထွက်သွားလေတော့သည်။

ညအမှောင်သမ်းလာသောအချိန်တွင် စပါးပုတ်ကြီး နှစ်လုံးအတွင်းမှ လူနှစ်ယောက် ထွက်လာလေသည်။

၎င်းတို့နှစ်ယောက်မှာ အနက်ရောင်အဝတ်များကို ဝတ်ထားကြသဖြင့် အမှောင်ရိပ်ထဲမှာ တော်ရုံနှင့်တော့ မမြင်ရပေ။

သူတို့သည် ရိက္ခာတဲကြီးအတွင်းမှ အခြေအနေ ချောင်းကြည့်သောအခါ အပြင်ဘက်၌ အစောင့်စစ်သားအချို့ ရှိနေသည်မှလွဲ၍ အခြေအနေမှာ မရှုပ်ထွေးလှပေ။

သို့ကြောင့်. . .





အမှောင်ရိပ်ကို အကာအကွယ် ယူပြီးနောက် အပြင်သို့ ထွက်သွားကြလေသည်။

ညဉ့်နက်ပိုင်း ရောက်သောအခါ စစ်စခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားပြီး ကင်းတဲဘက်ဆီမှ နာရီသံချောင်းသံအချို့သာ တစ်ခါတစ်ရံ ပေါ်ထွက်လာလေ၏။

ညဉ့်နက်ပိုင်း ရောက်သောအခါ ကပ္ပတိန် ဘွိုက်မော်တွန်သည် အလုပ်များကို ရပ်နား၍ ညစာစားရန် ထမင်းစားပွဲရှိရာသို့ ထလာလေသည်။

သူနေသောနေရာမှာ သီးသန့်အိမ်တစ်လုံးဖြစ်ပြီး ထမင်းစားခန်း၊ အိပ်ခန်းစသည်တို့ ပါလေသည်။

ထိုအိမ်တွင် ထမင်းချက်ကုလားတစ်ယောက်၊ အစေခံကုလားတစ်ယောက်နှင့် ကပ္ပတိန်ဘွိုက်မော်တွန်တို့ သုံးယောက်သာ ရှိသည်။

အစောင့်စစ်သားများက အပြင်ဘက်မှသာ စောင့်ကြလေသည်။ ကပ္ပတိန်ဘွိုက်သည် ညစာစားကာနီးတွင် အရက်အနည်းငယ် သောက်ရန်အတွက် အရက်ဗီရို ရှိရာသို့ ထလာပြီး တံခါးဖွင့်လိုက်သောအခါ အတွင်းမှ အရာဝတ္ထုတစ်ခုက စင်ပေါ်မှ ပြုတ်ကျလာကာ ကြမ်းပြင်ပေါ်သို့ ကျသွားလေသည်။

'ဒေါက်'ကနဲ အသံမြည်သဖြင့် ငုံ့ကြည့်လိုက်တော့ အဝတ်အနက်စဖြင့် ပတ်ထားသော အထုပ်တစ်ထုပ်ကို တွေ့ရသဖြင့် ကောက်ယူကာ ဖြည်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟင်. ."

သူ မြင်ရသောအရာမှာ အခြားမဟုတ်ပေ။

သုံးလက်မအရွယ်ခန့်သာ ရှိသည့် လက်ရာမြောက်စွာ ထုလုပ်ထားသော ကျားနက်ရုပ်ကလေးတစ်ရုပ်ဖြစ်သည်။

ထိုကျားနက်ရုပ်ကလေးကို မြင်တော့ ကပ္ပတိန်ဘွိုက်မှာ ဇဝေဇဝါဖြစ်သွားလေသည်။

ထိုအရုပ်မျိုးကို သူမမြင်ဖူးပေ။

ဘာကြောင့် ယခုလို အခန်းထဲ ရောက်နေရတာလဲ။

ဘယ်သူလာပို့ထားတာလဲ။

အမျိုးမျိုး တွေးကြည့်သော်လည်း အဖြေမပေါ်သဖြင့် ထမင်းချက်ကုလားနှင့် အစေခံကုလားတို့ကို ခေါ်မေးကြည့်သော်လည်း သူတို့ လုံးဝမသိကြောင်း ပြောကြသဖြင့် ပို၍အံ့သြရလေသည်။

"ဒါ ဘာအဓိပ္ပာယ်လဲ၊ ဒီအရုပ်ကို ဘယ်သူလာထားတာလဲ"

ဟု စဉ်းစားကြည့်သော်လည်း ဘယ်လိုမှ အဖြေရှာမရသောကြောင့် ကျားနက်ရုပ်ကလေးကို သူ့အိပ်ခန်းထဲ ယူသွားကာ စားပွဲပေါ် တင်ထားလိုက်သည်။

ထို့နောက်. . .

စိတ်ရှုပ်ထွေးလာသဖြင့် ညစာပင် မစားတော့ပဲ အရက်အနည်းငယ် သောက်ကာ အိပ်ယာဝင်ခဲ့လေသည်။





အိပ်ယာပေါ် ရောက်သည်အထိ ထိုကျားနက်ရုပ်ကလေးအကြောင်းကို စဉ်းစားနေသောကြောင့် တော်တော်နှင့် အိပ်မပျော်ပေ။

တစ်ဆက်တည်း တောနက်တွင်း၌ ကြုံတွေ့ခဲ့ရသောအကြောင်းများကိုလည်း ပြန်သတိရမိလေသည်။

မိမိတို့ သေနတ်ဒဏ်ရာဖြင့် သေဆုံးသွားခဲ့သော လူတစ်ပိုင်း ကျားတစ်ပိုင်း သတ္တဝါအကြောင်းကိုပါ သတိရနေသည်။

စိတ်ထဲမှာ လူကိုယ်နှင့် ကျားခေါင်းဖြစ်နေသော ထူးဆန်းသော ထိုသတ္တဝါက သူ့ကို လာရောက်ကလဲ့စားချေမည်ကိုလည်း စိုးရိမ်နေသည်။

ဤသို့ဖြင့် အတော်ညဉ့်နက်မှ မေးကနဲ အိပ်ပျော်သွားသည်။ အိပ်ပျော်သွားသောအခါ ခြံဝန်းထဲတွင် လျှောက်လာသော သဏ္ဌာန်တစ်ခုကို တွေ့ရသဖြင့် အသေအချာ ကြည့်လိုက်သောအခါ အနက်ရောင် အဝတ်အစားများနှင့် အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။

"ဒီအမျိုးသမီးက ဘာကိစ္စနဲ့ ဒီခြံထဲထိအောင် ရောက်လာတာလဲ၊ အစောင့်ကင်းသမားတွေက သူ့ကို မမြင်ကြဘူးလား၊ ဘာကြောင့် မတားကြတာလဲ"

တွေးတောနေရင်းမှာပင် အနက်ရောင်အမျိုးသမီးက ပလုမ်းမကမ်းနေရာသို့ ရောက်လာသည်။


www.burmeseclassic.com

www.burmeseclassic.com


"မင်း ဘယ်သူလဲ"

"ကျားနက်ရှင်မ"

"ငါမသိဘူး. . . ဘာကြောင့် စစ်စခန်းထဲကို အချိန်မတော်ကြီး ဝင်လာရတာလဲ"

"ကိစ္စရှိလို့ လာတာ"

"ဘာကိစ္စလဲ"

"နင့်ဆီက လျော်ကြေးလာယူတာ"

"ငါက နင့်ဆီက ဘာယူထားလို့ လျော်ကြေးပေးရမှာလဲ"

"တောထဲမှာ ငါတို့ လူတစ်ယောက်ရဲ့အသက်ကို နင်တို့ သတ်ခဲ့တယ် မဟုတ်လား၊ အဲဒီအတွက် နင့်ရဲ့အသက်ကို လျော်ကြေးပေးရမယ်"

ထိုစကားကြောင့် ကပ္ပတိန်ဘွိုက်မှာ အနည်းငယ် လှုပ်ရှားသွားသော်လည်း အိပ်ခြေမပျက်ပင် ခါးတွင် ချိတ်ထားသော သေနတ်ပေါ်သို့ လက်တင်ထားလိုက်သည်။

"ဒီစစ်စခန်းထဲမှာ မင်းတစ်ယောက်ထဲနဲ့ ဘာတတ်နိုင်မှာမို့လဲ၊ မင်းကို အခုချက်ချင်း ပစ်သတ်လိုက်နိုင်တယ်ဆိုတာရော သိရဲ့လား"

"ငါ့ကို သတ်နိုင်ဖို့နေနေသာ ငါ့မျက်နှာကိုပဲ အရင်ကြည့်လိုက်စမ်းပါဦး"

ဟု ပြောသဖြင့် လှမ်းကြည့်လိုက်ရာ အမျိုးသမီးက ခေါင်းပေါ်မှ ပုဝါကို ဆွဲဖယ်ချလိုက်လေသည်။



ထိုအခါမှ သူမ၏မျက်နှာမှာ လူတစ်ယောက်၏မျက်နှာမျိုး မဟုတ်ဘဲ ကြောက်မက်ဖွယ်ကောင်းလောက်သော မျက်နှာမျိုးဖြင့် ပါးစပ်ကြီးကို ဖြဲလျက် ရှေ့သို့ တိုးဝင်လာရာ ကပ္ပတိန်ဘွိုက်လည်း ခါးကြားမှ သေနတ်ကို အလျင်အမြန် ဆွဲထုတ်လေသည်။

သူ သေနတ်ထုတ်၍မှ မပြီးခင် ကြောက်မက်ဖွယ်ကောင်းသော အမျိုးသမီးက သူ့ကိုယ်ပေါ်သို့ လွှားကနဲ ခုန်ဝင်လာလေတော့သည်။

"အား. . ."

ကပ္ပတိန်ဘွိုက်မှာ အလန့်တကြား အော်ဟစ်ကာ အိပ်နေရာမှ လန့်နိုးလာလေသည်။

သူလန့်နိုးလာတော့ ညဦးပိုင်းက စာရေးစားပွဲပေါ် တင်ထားသော ကျားနက်ရုပ်ကလေးမှာ သူ့လည်ပင်းပေါ် ရောက်နေလေသည်။

"ဟင်. . . ညက စားပွဲပေါ် တင်ထားတဲ့အရုပ်က ငါ့ကိုယ်ပေါ် ဘယ်လိုရောက်နေတာလဲ၊ သူ့ဖာသာ ပြုတ်ကျတာဖြစ်မှာပေါ့လေ"

ဟု တွေးရင်း ကျားနက်ရုပ်ကလေးကို အသေအချာကြည့်နေမိသည်။ ကျားနက်ရုပ်ကလေး ထုလုပ်ထားပုံမှာ လက်ရာမြောက်လှသည်။ အနက်ရောင်သစ်သားတစ်မျိုးဖြင့် ထုလုပ်ထားတာ ဖြစ်ပြီး မျက်နှာအမူအယာမှာ မာန်ပါလှသည်။


www.burmeseclassic.com

www.burmeseclassic.com

အထူးသဖြင့် အနီရောင်တလက်လက် တောက်ပနေသော မျက်လုံးအစုံပင်ဖြစ်လေသည်။

ထိုမျက်လုံးများက တကယ့်သက်ရှိကျားတစ်ကောင်၏ မျက်လုံးပမာ သူ့ကို စူးစူးစိုက်စိုက် ကြည့်နေလေသည်။

သို့ကြောင့် စိတ်ထဲမှာ တစ်မျိုးဖြစ်လာသောကြောင့် ဆက်မကြည့်ဝံ့တော့သဖြင့် ထိုအရုပ်ကို စားပွဲပေါ် ပြန်တင်ထားလိုက်ပြီး အပြင်ဘက်သို့ ထွက်လာသည်။

အပြင်ဘက်မှာ အမှောင်ထုများက ဖုံးလွှမ်းထားပြီး စစ်စခန်းတစ်ခုလုံးမှာလည်း တိတ်ဆိတ်ငြိမ်သက်နေလေသည်။

သူ့အိမ်ပတ်ဝန်းကျင်မှာ စောင့်နေသော စစ်သားများမှာလည်း သေနတ်များကို ထမ်းလျက် ပုံမှန်အတိုင်း ရှိနေကြသည်။

သူ့ကို မြင်တော့ စစ်သားများက အလေးပြုကာ အရိုအသေ ပေးကြလေသည်။

"အခြေအနေ ဘယ်လိုလဲ"

"အားလုံးကောင်းပါတယ်"

"သတိဝီရိယနဲ့ စောင့်ကြ"

ကင်းသမားနှစ်ယောက်က သေနတ်ကို ပခုံးပေါ် ထမ်း၍ ရပ်တန့်ကာ အမိန့်ကို နာခံကြသည်။

ကပ္ပတိန်ဘွိုက်က ထိုနေရာမှ လှည့်ထွက်လာတော့မှ ၎င်းတို့မှာလည်း သံပတ်ပေးထားသော စက်ရုပ်များပမာ ပုံမှန်





အတိုင်း ခြေလှမ်းမှန်မှန်ဖြင့် ဆက်လျှောက်နေကြလေသည်။

ကပ္ပတိန်ဘွိုက်သည် မိမိနေအိမ်ပတ်ဝန်းကျင်ကို တစေ့တစောင်း လိုက်လံကြည့်ရှုနေလေသည်။

အမှန်တော့ မိမိတို့ စစ်စခန်းအတွင်းသို့ အပြင်မှ လူစိမ်းတစ်ယောက်ယောက် ဝင်ရန်ကိစ္စမှာ ဘယ်လိုမှ မလွယ်ကူပေ။

လူနှစ်ရပ်သုံးရပ်ခန့် မြင့်သော ခြံစည်းရိုးများ ပတ်လည်ခတ်ထားသည့်အပြင် လက်နက်ကိုင် အစောင့်စစ်သားများကလည်း (၂၄)နာရီမပြတ် စောင့်ကြပ်နေသဖြင့် တော်ရုံဖြင့်တော့ စခန်းတွင်းသို့ ရောက်ဖို့ မလွယ်ကူပေ။

ထို့ပြင် . . .

စခန်းတွင်းမှာ ညအချိန်၌ စစ်ခွေးကြီးများကလည်း လွှတ်ထားသေးသည်။

တစ်စုံတစ်ယောက်သည် စခန်းအတွင်းသို့ လျှို့လျှို့ဝှက်ဝှက်ဖြင့် ရောက်နေသည် ဆိုစေဦးတော့၊

စစ်သားများလက်မှ လွတ်အောင် ရှောင်နိုင်သည်ပဲ ထားဦးတော့၊

အနံ့ခံကောင်းလှသည့် စစ်ခွေးကြီးများ လက်ကတော့ ဘယ်နည်းနှင့်မှ မလွတ်နိုင်ပေ။

ယခုအချိန်ကာလမှာ တောလှန်ရေးသမားများ အချိန်အခါမရွေး ရောက်လာပြီး ဝင်ရောက်တိုက်ခိုက်နိုင်သောကြောင့် စစ်စခန်းကို လုံခြုံစိတ်ချမှု ရှိစေရန် အခိုင်အခန့် ပြုလုပ်ထားခြင်း


www.burmeseclassic.com

www.burmeseclassic.com


ဖြစ်သည်။

ကပ္ပတိန်ဘွိုက်မော်တန်သည် ၎င်း၏စစ်စခန်း အခြေအနေကို ကြည့်ပြီး စိတ်ထဲမှာ အတန်အသင့် ကျေနပ်သွားလေသည်။

သူနေထိုင်သော ဘိုတဲရှိရာ၏အနောက်ဘက်၌ ရိက္ခာများ သိုလှောင်ထားသော ရိက္ခာဂိုဒေါင် ရှိလေသည်။

သူရပ်နေစဉ်မှာပင် ကင်းသမားအချို့၏အော်သံများ ကြားရသည်။

"ဘာဖြစ်တာလဲဟေ့"

"ရိက္ခာရုံဘက်မှာ လူရိပ်လိုလို တွေ့လိုက်ရတယ်တဲ့"

"ဒီလိုဆိုရင် ခွေးတွေပါ ခေါ်ပြီး အဲဒီနေရာတစ်ဝိုက်မှာ သေသေချာချာ လိုက်ရှာကြစမ်း"

ခဏကြာတော့ ခရာမှုတ်သံ ပေါ်လာပြီးနောက် စစ်ခွေးကြီးများ ဆွဲထားသော စစ်သားအချို့ ထွက်လာကြသည်။

ထိုနေရာတဝိုက်ကိုလည်း မီးရောင်များ ထိုးထားသည်။

ခွေးများက ရိက္ခာတဲနား မရောက်မီကပင် ရန်သူကို တွေ့ရသည့်အလား စူးစူးဝါးဝါး ဟောင်ကာ သဲကြီးမဲကြီး ဖြစ်နေကြသည်။

သို့ကြောင့်. . .

စစ်သားများက ကြိုးများကို လွှတ်ပေးလိုက်ရာ ရိက္ခာတဲရှိရာသို့ သဲကြီးမဲကြီး ပြေးသွားကြလေသည်။



တဲအနီးသို့ ရောက်ကာမှ စစ်ခွေးကြီးများမှာ အသံလည်း ပျောက်၊ အမြီးလည်း ကုပ်ကာ တအီအီ ငြီးငြူရင်းနှင့် နောက်ကြောင်းပြန်လှည့်ပြေးလာကြသည်။

တောထဲ၌ အမဲလိုက်ခွေးများ၊ ကျားနှင့် တွေ့၍သော်လည်းကောင်း၊ ကျားအနံ့ ရ၍သော်လည်းကောင်း၊ နောက်ကြောင်းပြန်လှည့်ပြေးလာသည့်ပုံစံမျိုးဖြစ်သည်။

ခွေးများ အခြေအနေကို ကြည့်ပြီး စစ်သားများက ထိတ်လန့်သွားသောကြောင့် အခြားစစ်သားများကိုပါ ခရာမှုတ်အချက်ပေး ခေါ်ပြီး ရိက္ခာတဲကို ပတ်ဝိုင်းကြလေသည်။

ထို့နောက်. . .

မီးရောင်များနှင့် ထိုးကာ တဲအတွင်းသို့ ဝင်ရောက်ရှာဖွေကြသောအခါ တဲအတွင်း၌ ဘာမှမတွေ့ရသဖြင့် အံ့သြသွားကြလေသည်။ စိတ်မကျေနပ်ကြသဖြင့် ရိက္ခာပုံများအောက်ပါ နေရာမလပ် လိုက်လံရှာဖွေကြလေသည်။

ထိုသို့ ရိက္ခာတဲကို သဲကြီးမဲကြီး ဝိုင်းဝန်းရှာဖွေနေကြစဉ် ကပ္ပတိန်ဘွိုက်၏ဘိုတဲ၌ အစောင့်နှစ်ယောက်သာ ကျန်ခဲ့လေသည်။

အမှောင်ရိပ်မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေကြသော အစောင့်နှစ်ယောက်တို့မှာ တဲနောက်ဘက်မှ လွှားကနဲခုန်ထွက်လာသော ကျားနက်ဂိုဏ်းသားနှစ်ယောက်တို့ကြောင့် ဘယ်လိုမှ မတုန့်ပြန်နိုင်ကြရှာပဲ အသက်ပျောက်သွားကြလေ


www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

အမှောင်ရိပ်ထဲမှာ လွှားကနဲ ခုန်ထွက်လာသော ကျားနက်ဂိုဏ်းသားက အနီးရောက်သည်နှင့် မျက်နှာရှိရာသို့ ခုန်တက်လာပြီး မျက်လုံးနှင့် မျက်နှာကို လက်သည်းချွန်များဖြင့် ကုတ်ဖဲ့ခြင်း၊

လည်ပင်းကို အစွယ်များဖြင့် ကိုက်ဖောက်ခြင်း စသည်တို့နှင့် လျှပ်တပြက် တိုက်ခိုက်လေရာ အစောင့်နှစ်ယောက်တို့မှာ မည်မည်ရရ တုန့်ပြန်တိုက်ခိုက်မှု မပြုနိုင်ဘဲ အချိန်အနည်းငယ်အတွင်းမှာ အသက်ပျောက်သွားကြလေတော့သည်။

ကျားနက်ဂိုဏ်းသားနှစ်ကောင်က အသက်ပျောက်သွားသော အစောင့်နှစ်ယောက်ကို အမှောင်ရိပ်ထဲသို့ ဆွဲသွင်းသွားလေသည်။

ကပ္ပတိန်ဘွိုက်တို့တတွေမှာလည်း ရိက္ခာတဲကြီးအတွင်းအပြင်အနှံ့ လိုက်လံရှာဖွေကြသော်လည်း အဝတ်ဟောင်းတစ်ခုဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်ကိုသာ တွေ့ကြရသဖြင့် အပြင်ဘက်သို့ ယူလာပြီး ဖြည်ကြည့်သောအခါ ကျားအရိုးခေါင်းခွံတစ်ခုကိုသာ တွေ့ရလေသည်။

ထိုကျားအရိုးခေါင်းခွံကို တွေ့သောအခါ စစ်ခွေးကြီးများမှာ တအီအီနှင့် အမြီးကုပ်ကာ နောက်ဆုတ်သွားကြလေသည်။

အဘယ်မျှပင် ခက်ထန်ကြမ်းတမ်းသော ခွေးပင်ဖြစ်စေ





အသက်ရှိသောကျားကို မဆိုထားနှင့်၊ အနံ့ရသည်နှင့်ပင် အမြီးကုပ်ကာ ပြေးလေတော့သည်။

ကပ္ပတိန်ဘွိုက်တို့မှာ ရိက္ခာဂိုဒေါင်ထဲသို့ ထူးထူးဆန်းဆန်း ရောက်နေသော ကျားအရိုးခေါင်းခွံကို ကြည့်ကာ အံ့သြနေကြရုံမှအပ ဘာကြောင့် ရောက်နေသည်၊ ဘယ်သူလာထားသွားသည်ကိုတော့ ဘယ်သူမှ မသိကြပေ။

နောက်ဆုံးတော့ ရိက္ခာလာပို့ရင်းနှင့် အထုပ်မှားပါလာသည်ဟုသာ မှတ်ချက်ချကာ မိမိတို့နေရာသို့ ပြန်ကြလေသည်။

စစ်သားများက ၎င်းတို့ နေသော တဲတန်းလျားများသို့ ပြန်သွားကြသောအခါ ကပ္ပတိန်ဘွိုက်လည်း ၎င်း၏ဘိုတဲသို့ ပြန်လာလေသည်။ ဘိုတဲရှေ့ရောက်တော့ သေနတ်ထမ်းကာ လမ်းလျှောက်နေကြသည့် အစောင့်နှစ်ယောက်ကို တွေ့ရသည်။

“သတိဝီရိယနဲ့ ဂရုစိုက်ပြီး စောင့်ကြဟေ့”

အစောင့်နှစ်ယောက်က အမိန့်နာခံသည့်အနေဖြင့် သေနတ်ထမ်းကာ အလေးပြုလိုက်ကြရာ ကပ္ပတိန်ဘွိုက်လည်း ဘိုတဲအတွင်းသို့ ဝင်လာခဲ့လေသည်။

နောက်တော့လည်း စစ်စခန်းတစ်ခုလုံး ဆူဆူညံညံ အသံများ တိတ်ဆိတ်ကာ ပြန်လည်ငြိမ်သက်သွားလေတော့သည်။

သန်းခေါင်ယံအချိန်လောက် ရောက်သောအခါ ကပ္ပတိန်ဘွိုက် နေသော ဘိုတဲဘက်မှ ကျားဟိန်းသံကြီးတစ်ချက်



www.burmeseclassic.com

www.burmeseclassic.com


ပေါ်ထွက်လာပြီးနောက် ကပ္ပတိန်ဘွိုက်၏စူးစူးဝါးဝါးအော်သံကြီးကို အစောင့်စစ်သားများက ကြားလိုက်ရလေသည်။

သို့ကြောင့်. . .

သံချောင်းခေါက်၊ ခရာမှုတ်၍ အချက်ပေးကာ ထိုနေရာသို့ အပြေးအလွှား သွားရောက်ကြည့်ရှုကြသောအခါ ကပ္ပတိန်ဘွိုက်တစ်ယောက် ၎င်း၏ကုတင်ပေါ်မှာ ရုပ်ပျက်ဆင်းပျက် အသက်ပျောက်နေလေတော့သည်။

ကပ္ပတိန်ဘွိုက်၏လည်ပင်းနှင့် မျက်နှာတဝိုက်မှာ ကျားကိုက်ဒဏ်ရာကဲ့သို့ အစွယ်ရာများ တွေ့ရပြီး သွေးများကလည်း ရွှဲနစ်နေသည်။ သူ၏မျက်လုံးမှာ ပြူး၍ လန်ထွက်နေသောကြောင့် မသေခင်မှာ ကြောက်မက်ဖွယ်ရာ မြင်ကွင်းတစ်ခုကို တွေ့မြင်ခဲ့ရဟန်ရှိလေသည်။ အစောင့်စစ်သားများအနေနှင့် နောက်ထပ် ထူးထူးဆန်းဆန်း တွေ့ရသောအချက်မှာ. . .

ကပ္ပတိန်ဘွိုက်မော်တွန်၏ရင်ဘတ်ပေါ်မှာ ကျားနက်ရုပ်ကလေးတစ်ရုပ် ရောက်နေခြင်းပင်ဖြစ်၏။



## အခန်း(၅)

# ကျားနက်ဂိုဏ်းနှင့် လျှို့ဝှက်ချက်များ

စစ်ကြိုခေတ်ကာလလောက်က ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကင်းဘဲလမ်း(ယခုငါးထပ်ကြီးဘုရားလမ်း)အတွင်းပိုင်း ငါးထပ်ကြီးဘုရား တောင်ဘက်ယွန်းယွန်းလောက်က ရှေးက ကုလားသူဌေးတစ်ဦး ဆောက်လုပ်သွားသော ရှေးအိမ်ကြီးတစ်လုံးရှိလေသည်။

အမှန်တော့ အိမ်ဟုပင် ဆိုရစေကာမူ ရှေးဟောင်းနှစ်ထပ်တိုက်ကြီးတစ်လုံးပင်ဖြစ်သည်။

လေးဘက်လေးတန် ဝရံတာများ ပါပြီး အခန်းဖွဲ့ပုံ


www.burmeseclassic.com

www.burmeseclassic.com



များကလည်း တစ်ခန်းနှင့်တစ်ခန်း ဆင်တူပင်ဖြစ်၏။ ကျွန်းတံခါးကြီးများဆိုလျှင် လူ့လက်ခုပ်တစ်ဖောင်ခန့် အမြင့်ရှိလေသည်။ အပေါ်၌ အုတ်ကြွပ်များ မိုးထားပြီး အိမ်အတွင်းရှိ အသုံးအဆောင် ပရိဘောဂများမှာလည်း ရှေးဟောင်းအသုံးအဆောင် ပစ္စည်းများ ဖြစ်ကြလေသည်။

ထိုတိုက်ကြီးကို ရှေးက ဒီဖူဇာကုလားသူဌေးတစ်ဦး ပိုင်ဆိုင်ခဲ့ပြီး ၎င်းနေထိုင်စဉ်က အသုံးအဆောင်ပစ္စည်းများကို စိတ်တိုင်းကျ မွမ်းမံပြင်ဆင်ခဲ့ဟန်ရှိသည်။

ယခုတိုင်အောင် တောက်ပြောင်နေဆဲပင် ရှိသေး၏။

ရှေးလက်ရာများဖြင့် တပ်ဆင်ထားသော ကျွန်းတံခါးကြီးများ၊ ဘီဒို၊ ကုတင်၊ စားပွဲ၊ ကုလားထိုင်များမှာ ယခုထက်တိုင် ခန့်ညား ထယ်ဝါနေဆဲပင် ရှိသေး၏။

ယခု ထိုအိမ်ကြီးကို ကျောက်စာဝန်ဟောင်း ဦးဘသိန်းဟန်က ဝယ်ယူပြီး နေထိုင်လျက်ရှိသည်။

ဦးဘသိန်းဟန်မှာ အသက်ငါးဆယ်ကျော်၊ ခြောက်ဆယ်အရွယ်နီးပါးသာ ရှိသေးသော်လည်း အလုပ်မှ ပင်စင်ယူလိုက်ပြီးနောက် ဝါသနာပါသော သုတေသနအလုပ်များ၊ စာရေးခြင်းအလုပ်များကိုသာ ဇောက်ချကာ လုပ်ကိုင်နေတော့သည်။

၎င်း၏နေအိမ်တစ်ခုလုံးမှာ သုတေသနပစ္စည်းများ၊ ရှေးဟောင်းပစ္စည်းများဖြင့် ပြည့်နေတော့သည်။

၎င်းအနေနှင့် သားမယား မရှိတော့ပဲ အသက်နှစ်ဆယ်





ကျော်အရွယ် သားတစ်ယောက်သာ ရှိလေသည်။

၎င်း၏အမည်မှာ 'ကျော်စွာ' ဖြစ်သည်။

ကျော်စွာက ဆေးတက္ကသိုလ် တက်နေသော ဆေးကျောင်းသားတစ်ဦးဖြစ်ပြီး ဖခင်ဖြစ်သူ၏သုတေသနလုပ်ငန်းများကို လုံးဝစိတ်ဝင်စားခြင်း မရှိပေ။

"ဖေဖေ့မလည်း တစ်နေ့တစ်နေ့ ဒီအရုပ်အကျိုးအပဲ့တွေ စာရွက်အစုတ်အပြတ်တွေ ပစ္စည်းအဟောင်းတွေနဲ့ပဲ အချိန်ကုန်နေတော့တာပဲ၊ တစ်အိမ်လုံးမှာမှ သားအဖနှစ်ယောက်ထဲ ရှိတာ၊ မျက်နှာချင်းဆိုင်ပြီး အေးအေးဆေးဆေး စကားပြောချိန်တောင် မရဘူး"

ထိုအခါ ဦးဘသိန်းဟန်က ဆေးတံအတွင်းသို့ လင်ကွန်းတံဆိပ် ဟာဂျီးနီးယား ဆေးတံသောက်ဆေးမှုန့်များကို ဖြည့်၍ တယောတံဆိပ် ယမ်းမီးခြစ်ကို ခြစ်ကာ မီးညှိလိုက်ပြီး တစ်ဖွာနှစ်ဖွာ ဖွာလိုက်လေသည်။

"ငါ့သားက ဘာတွေများ ပြောချင်လို့လဲ၊ အခုလို အေးအေးဆေးဆေး တွေ့ကြတုန်း သားလိုချင်တာ ပြောပေါ့ကွယ်၊ ကိုင်း. . . ဘာလိုချင်လို့လဲ"

ထိုအခါ အပြင်မှ ပြန်လာသော ကျော်စွာက လွယ်အိတ်ကို စားပွဲပေါ် ပစ်တင်လိုက်ပြီး ဖခင်ဖြစ်သူအနားသို့ လာထိုင်လေသည်။

"ဖေဖေ့အနေနဲ့ အသက်လည်း ကြီးပြီ၊ အလုပ်တွေကို



www.burmeseclassic.com

www.burmeseclassic.com



နားပြီး အေးအေးဆေးဆေး အနားယူပါတော့လား ဖေဖေရယ်"

"ဒါကတော့ သားရယ်၊ အဖေက ကိုယ်ဝါသနာပါတဲ့ အလုပ်လုပ်နေရတာ၊ ဒီအတိုင်း ထိုင်ပြီး အနားယူနေရတာထက် တောင် ပိုပြီးစိတ်ချမ်းသာပါတယ်"

"ဖေဖေ. . . အဲဒီအလုပ်တွေ လုပ်နေတာ ဘာများ အကျိုးရှိမှာလဲ ဖေဖေ"

"ရှေးဟောင်း သုတေသနလုပ်ငန်းဆိုတာ. . . သမိုင်း ဟောင်းတွေရဲ့ဇစ်မြစ်တွေဆိုရင်လည်း ဟုတ်တယ်၊ ပျောက်ဆုံး နေတဲ့ ဂမ္ဘီရ ပညာတွေကို ကွင်းဆက်ရှာဖွေပေးတဲ့အလုပ်မျိုး ဆိုရင်လည်း မမှားဘူး၊ နောက်တစ်ချက်က ကွင်းဆက်ပြတ်နေ တဲ့ ယဉ်ကျေးမှု သမိုင်းကြောင်းတွေကို ပြန်ဆက်ပေးတဲ့အလုပ် မျိုးဆိုတော့ တကယ်လေ့လာရင် လေ့လာသလောက် အကျိုးရှိ တယ် သားရဲ့"

"ဒါပေမယ့် ဖေဖေ့ကြည့်ရတာ နေ့ရောညပါ ဒီအလုပ် ထဲမှာပဲ အမြဲနှစ်ထားတော့ တစ်နေ့ကျရင် လူရောစိတ်ပါ ပင်ပန်း ပြီး ကျန်းမာရေး ထိခိုက်မှာစိုးရတယ်"

"ဒီလောက်လည်း စိတ်မပူပါနဲ့ သားရယ်၊ ဖေဖေ့အနေ နဲ့ အခုလို ကိုယ်ဝါသနာပါတဲ့အလုပ်မျိုးကိုသာ လုပ်နေရရင် ဘယ်လိုကျန်းမာရေး ချို့တဲ့မှုမျိုးမှ မဖြစ်နိုင်ပါဘူးကွယ်၊ အခုဆို ရင် ဖေဖေ သုတေသန လုပ်ထားတဲ့ တွေ့ရှိချက်တွေကို ကျမ်းစာ တစ်စောင် ပြုစုနေတာ တစ်ဝက်လောက်တောင် ပြီးစီးနေပြီ၊



တကယ်လို့ နောက်ထပ် လိုချင်တဲ့အချက်တွေသာ ထည့်လိုက်ရ ရင်တော့ ကမ္ဘာကျော်လောက်တဲ့ သုတေသနကျမ်းစာတစ်စောင် ဖြစ်လာမှ သေချာတယ်ကွယ့်"

ဦးဘသိန်းဟန်က ဆေးတံကို အဆက်မပြတ် ဖွာရင်း အားရပါးရ ပြောနေလေသည်။

"ဖေဖေက ဘယ်လိုအချက်အလက်တွေ လိုချင်သေးလို့ လဲ"

"ဖေဖေ သုတေသန ပြုနေတဲ့အချက်က လူတွေရော တိရစ္ဆာန်တွေပါ ရုပ်ပိုင်းဆိုင်ရာတွေ အဆင့်ဆင့် ပြောင်းလဲလာပုံ တွေပဲ၊ လူဖြစ်ဖြစ် တိရစ္ဆာန်ဖြစ်ဖြစ် သဘာဝ အကျင့်စရိုက်တွေ ကြောင့်ပဲဖြစ်ဖြစ်၊ စိတ်စွမ်းအားရဲ့ပြုပြင်ပြောင်းလဲမှုကြောင့်ပဲဖြစ် ဖြစ်၊ ခန္ဓာကိုယ် ဖွဲ့စည်းမှုတွေ ပြောင်းလဲသွားတဲ့အချက်တွေပဲ၊ လူဝံ မျောက်ဝံတွေရဲ့ကြားထဲမှာ နှစ်ပေါင်းများစွာ ရောက်နေတဲ့ လူသားတစ်ယောက်ဟာ ကြာလာရင် လူရဲ့ပုံပန်းသဏ္ဌာန် ပြောင်းလဲသွားပြီး သူ့ရဲ့စိတ်ကပါ လူဝံမျောက်ဝံတွေရဲ့စိတ်မျိုး ဖြစ်လာတာမျိုးပေါ့၊ ဖေဖေက အဲဒီအချက်တွေကို လေ့လာပြီး သုတေသန ပြုနေတာ၊ တကယ်လို့ ပြည့်စုံသွားရင် သုတေသန ကျမ်းတစ်စောင် ရေးပြီး ကမ္ဘာအထိ ဖြန့်ဖို့ စိတ်ကူးထားတယ်"

ကျော်စွာက ဖခင်ဖြစ်သူ၏အမူအယာကို ကြည့်ပြီး ဟအံ့တသြ ဖြစ်နေလေသည်။

"ဒီလိုဖြင့် ဖေဖေ သုတေသနပြုဖို့ အတော်က[illegible]



www.burmeseclassic.com

www.burmeseclassic.com

လိုဦးမှာပေါ့"

"အင်း. . . ပြည့်စုံတန်သလောက်တော့ အတော်ကလေး ပြည့်စုံနေပါပြီ၊ နောက်ထပ် လိုချင်တဲ့အချက်ကလေးတွေ ရရင်တော့ ပြီးသလောက် ဖြစ်မှာပါ"

"ဘယ်လိုအချက်မျိုးတွေလဲ"

"လူကနေ အသွင်ပြောင်းနိုင်တဲ့ မှတ်တမ်းတွေပေါ့"

ထိုစကားကြောင့် ကျော်စွာမှာ ပို၍အံ့ဩသွားလေသည်။

"ဒီလိုအဖြစ်မျိုးတွေက တကယ်ရော ရှိလို့လား ဖေဖေရဲ့၊ ပါးစပ်ရာဇဝင်တွေ မဟုတ်ဘူးလား"

ကျော်စွာစကားကြောင့် ဦးဘသိန်းဟန်က သဘောကျစွာဖြင့် တစ်ချက်ပြုံးလိုက်လေသည်။

"မှတ်တမ်းမှတ်ရာတွေကို တိတိကျကျ တင်မပြနိုင်တဲ့အခါမှာတော့ ဒီလိုပဲ ထင်ကြေးနဲ့ ပြောနေကြမှာပဲ၊ တကယ်လို့ ကိုယ့်ဘက်က ခိုင်လုံတဲ့ သက်သေအထောက်အထားတွေနဲ့ မှတ်တမ်းမှတ်ရာတွေ ပြည့်စုံအောင် တင်ပြနိုင်ရင်တော့ အားလုံးက လက်ခံသွားကြမှာပါ"

"ဖေဖေ လိုချင်တဲ့ အချက်အလက်တွေက ဘယ်နေရာမှာ ရနိုင်မှာလဲ"

"မြန်မာပြည်အလယ်ပိုင်း တစ်နေရာမှာ ရှိတဲ့ နမ္မားနယ်ဘက်ကို သွားရင် ရနိုင်ပါတယ်"





"နမ္မားနယ်. . နမ္မားနယ်ဆိုတာ ကဒူးဒေသကို ပြောတာလား ဖေဖေ"

"ဟုတ်တယ်. . . မင်းက ကြားဖူးလို့လား"

"စာတွေထဲမှာ ဖတ်ဖူးတာပါ၊ လူစင်စစ်ကနေ ပြောင်းလဲနိုင်တဲ့အကြောင်းတွေကို ဖတ်ဖူးတယ်"

"ဟုတ်တယ် သားရဲ့၊ အာဖရိကတောနက်ထဲမှာ ရှိတဲ့ လူကနေ ခြင်္သေ့ဖြစ်တဲ့ တိုတမ်ဝါဒဆိုတာ ဖေဖေတို့ မြန်မာပြည်မှာလည်း ရှိခဲ့တယ်"

"တိုတမ်ဝါဒဆိုတာ ဘယ်လိုဟာမျိုးလဲ ဖေဖေ"

"တိုတမ်ဝါဒဆိုတာ လူတစ်ယောက်ရဲ့စိတ်စွမ်းအားတွေဟာ သာမန်ထက် နှစ်ဆသုံးဆ မြင့်တက်သွားပြီး အဲဒီစိတ်ရဲ့ ပြောင်းလဲမှုအတိုင်း ခန္ဓာကိုယ်ရဲ့စရိုက်လက္ခဏာတွေကပါ ပြောင်းလဲသွားတဲ့ အယူအဆမျိုးပေါ့၊ တိုတမ်ဝါဒဆိုတာ ပင်ကိုယ်စိတ်က သာမန်ထက် နှစ်ဆင့်သုံးဆင့် မြင့်တက်သွားတယ်လို့ ယုံကြည်တဲ့ အယူအဆပါပဲ"

ထိုစကားကြားသောအခါ စောစောက သာမန် အနေအထားသာ ရှိနေသော ကျော်စွာပင် စိတ်ဝင်စားမှု ရှိလာလေသည်။

"ကျွန်တော်တောင် စိတ်ဝင်စားလာပြီ၊ နည်းနည်းလောက် ရှင်းပြပေးပါဦး ဖေဖေရဲ့"

ကျော်စွာစကားကြားသောအခါ ဦးသိန်းဟန်က ဆေးတံ


www.burmeseclassic.com

www.burmeseclassic.com

ကို တစ်ဖွာနှစ်ဖွာ ဖွာလိုက်ပြီးမှ စကားပြန်ဆက်သည်။

"စိတ်ရဲ့ပြောင်းလဲမှုကြောင့် ကိုယ်ခန္ဓာ ပြောင်းလဲသွားတယ်ဆိုတာ တခြားမကြည့်ပါနဲ့၊ စိတ်ဆိုး ဒေါသထွက်နေတဲ့ လူတစ်ယောက်ကိုပဲ ကြည့်လေ၊ သိပ်ပြီးစိတ်ဆိုးလွန်းနေတဲ့ လူတစ်ယောက်ဟာ သူ့ရဲ့မူလရုပ် ပျောက်ပြီး ရုပ်ပြောင်းသွားတယ်၊ မျက်လုံးတွေ အသားတွေ နီတက်လာမယ်၊ အသံတွေ အသားတွေ တဆတ်ဆတ် တုန်လာမယ်၊ တစ်ခုခုကို လုပ်မယ်ဆိုရင် ချက်ချင်း 'ဝုန်း'ကနဲ ထလုပ်မယ်၊ လူစိတ်ပျောက်လောက်အောင် ဖြစ်သွားမယ်ဆိုရင်တော့ လူသတ်ရမယ်ဆိုရင်လည်း သတ်မှာပဲ၊ သွေးသောက်ဆိုရင်လည်း သောက်မှာပဲ၊ နောက်ဆုံး အသားကို အစိမ်းလိုက် စားဆိုရင်တောင် စားမှာပဲ၊ အဲဒါ သာမန်စိတ်ထက် နှစ်ဆသုံးဆ လွန်ကဲမှုကြောင့် ဖြစ်တာပဲ၊ အဲဒါမျိုးကို တိုတမ်ဝါဒလို့ ခေါ်တာပေါ့"

ဦးဘသိန်းဟန်က ၎င်း၏လုပ်ငန်းများကို သားဖြစ်သူက စိတ်ဝင်တစား ရှိလာသည်ကို သိရသဖြင့် အားရှိလာကာ စိတ်ရှည်လက်ရှည် ရှင်းပြလေသည်။

"အသိစိတ် ပျောက်နေလောက်အောင် ဒေါသစိတ် ကြီးနေတဲ့ လူတစ်ယောက်ဟာ အဲဒီဒေါသစိတ်က ကျန်တဲ့ စိတ်ခံစားမှုအားလုံးကို ဖုံးလွှမ်းပစ်လိုက်နိုင်တယ်၊ ဘာကြောင့်လဲဆိုတော့ လူ့ရဲ့စိတ်အစဉ်မှာ ဒေါသစိတ်ဆိုတာ ပူလောင်မှုနဲ့ အပြင်းထန်ဆုံးစိတ်တစ်ခုပဲလေ၊ ဒေါသပြင်းထန်နေတဲ့ လူတစ်ယောက်ဟာ





သနားကြင်နာစိတ်၊ ညှာတာထောက်ထားစိတ်၊ ကိုယ်ချင်းစာနာစိတ်၊ ဝေဖန်ချင့်ချိန်တဲ့စိတ်၊ ချစ်ခြင်းမေတ္တာစိတ်တွေ လုံးဝမရှိနိုင်တော့ဘူး၊ ဘာကြောင့်လဲဆိုတော့ ဒေါသဆိုတဲ့မီးရဲ့လောင်မြိုက်မှုကြောင့် ကျန်တာတွေက ပျောက်သွားရတာပဲ၊ တိုတမ်ဝါဒဆိုတာ အစွန်းရောက် စိတ်တစ်ခုဆိုရင်လည်း မမှားဘူး၊ အမှန်တော့ ဒီအယူအဆ(ဝါဒ)ဟာ လူသူအရောက်အပေါက်နည်းတဲ့ တောတောင်တွေထဲမှာ နေတဲ့လူတွေမှာ ပိုပြီးအဖြစ်များလေ့ရှိတယ်"

"ဟုတ်ကဲ့"

"ဘာကြောင့်လဲဆိုတော့ သူတို့တတွေဟာ ပတ်ဝန်းကျင်က ရိုက်ခတ်တဲ့ အသိဉာဏ် မရရှိလေတော့ တစ်ခုခုကို စွဲလမ်းပြီး လုပ်လေ့ရှိတယ်"

တိုတမ်ဝါဒနှင့် ပတ်သက်၍ ရှေးမှတ်တမ်းဟောင်းများ၌ မနုဿဗေဒပညာရှင်တို့က မနုဿဗေဒ သီဝရီဖြင့် သိပ္ပံနည်းကျကျ လေ့လာဆန်းစစ်ခဲ့ကြသည်။

မနုဿဗေဒပညာရှင်တို့က သမန်းကျားဟူသည် ယုံကြည်စွဲလမ်းမှု တိုတမ်ဝါဒတွင် အကျုံးဝင်သော ဖြစ်ရပ်ဆန်းတစ်ခုဖြစ်သည်ဟု မှတ်တမ်းရေးခဲ့ကြသည်။

အချို့ကတော့ တိုတမ်ဝါဒကို ရှေးအကျဆုံး ဘာသာရေးအဖြစ် သတ်မှတ်ကြ၏။

မနုဿဗေဒ ပညာရှင်တစ်ဦးဖြစ်သူ "ဝီလျံဟောင်ဝဲလ်"


www.burmeseclassic.com

www.burmeseclassic.com

အမည်ရှိ ပုဂ္ဂိုလ်ကတော့ အောက်ပါအတိုင်း အဓိပ္ပာယ် ဖွင့်ဆိုထားခဲ့လေသည်။

တိုတမ်ဝါဒမှာ ဘာသာရေး မဟုတ်ချေ။

သစ်ပင် သို့မဟုတ် တိရစ္ဆာန်တစ်မျိုးမျိုးနှင့် ပတ်သက်သည့် စွဲလမ်းယုံကြည်မှု၊ အလေးထား လေးစားလွန်းမှု၊ သစ်ပင်၊ တိရစ္ဆာန်တို့နှင့် ဆွေမျိုးနွယ်စပ်နေသည်ဟု ထင်သည့် စိတ်ကူးလွန်ကဲသော တွေးခေါ်မှုမျိုးသာဖြစ်သည်။

အာဖရိကတိုက် 'ထရန်စဗော်' နယ် တောနက်ရာဒေသရှိ လူရိုင်းရွာများတွင် ပြုစားတတ်သည့် စုန်းကဝေအတတ် တတ်ကြသည့် ဆရာကြီးများသည် လူ့ဘဝမှ မိမိလို့ အလိုရှိသောအခါ ခြင်္သေ့အဖြစ်သို့လည်းကောင်း၊

ဝံပုလွေအဖြစ်သို့လည်းကောင်း ပြောင်းလဲနိုင်သည်ဟု အဆိုရှိသည်။

၎င်းတို့ကို ခြင်္သေ့တိုတမ်ဝါဒ၊ ဝံပုလွေတိုတမ်ဝါဒဟု သတ်မှတ်ခေါ်ဝေါ်ကြသည်။

ခြင်္သေ့တိုတမ်ဝါဒ ရှိသူများသည် မိမိတို့သည် ခြင်္သေ့မျိုးနွယ်မှ ဆင်းသက်ပေါက်ဖွားလာသည်ဟု စွဲစွဲလမ်းလမ်း ယုံကြည်နေကြသည်။

ခြင်္သေ့များနှင့် မိမိတို့ ဆွေမျိုးတော်စပ်ကြသည်ဟု လုံးဝယုံကြည်ကြသည်။

သို့ကြောင့် ခြင်္သေ့များသည် သူတို့အတွက် အန္တရာယ်လုံးဝမရှိ၊ သူတို့ကလည်း လုံးဝမကြောက်ရွံ့ကြပဲ ခြင်္သေ့ ဂူများ ရှိရာတောတွင်းသို့ ရဲဝံ့စွာ သွားလာဝံ့ကြသည်။

'ထို့အတူ ဝံပုလွေတိုတမ်ဝါဒ ယုံကြည်ကြသူများသည်လည်းကောင်း၊ မိကျောင်းတိုတမ်ဝါဒ ရှိကြသူများသည်လည်းကောင်း၊ သူတို့သည် မိကျောင်းပေါသည့် မြစ်ချောင်းများထဲမှာ ရဲဝံ့စွာ ကူးခတ်သွားလာဝံ့သလို ဝံပုလွေ သားရဲတွင်းများ ရှိရာသို့လည်း မကြောက်မရွံ့ သွားလာဝံ့ကြသည်။

ဝက်ဝံတိုတမ်ဝါဒ ရှိသူများမှာလည်း ဝက်ဝံများကို မကြောက်ရွံ့ကြပေ။

နှစ်စဉ်ပွဲတော်ရက်များတွင် အထူးသီးသန့်မွေးထားသော ဝက်ဝံကို သတ်၍ အသားကို အနည်းငယ်စီ ဝေမျှစားသောက်ကြလေသည်။

တိုတမ်ဝါဒကိုပင် မနုဿဗေဒပညာရှင်တို့က သုံးမျိုးသုံးစား ခွဲခြားထားကြပြန်သည်။

ကျေးရွာတစ်ခုလုံး၌ ဆွေမျိုးအုပ်စုတစ်စုကသာ လက်ခံယုံကြည်ထားသည့် ဆွေမျိုးစု တိုတမ်ဝါဒ၊

တစ်ရွာလုံးတွင် တစ်ဦးတည်းကသာ ယုံကြည်လက်ခံသည့် ပုဂ္ဂလိကတိုတမ်ဝါဒနှင့် ကျား၊ မ အုပ်စုအလိုက် လက်ခံယုံကြည်ကြသည့် လိင်အလိုက် သက်ဆိုင်သည့် တိုတမ်ဟူ၍ဖြစ်၏။

မနုဿဗေဒ ပညာရှင်တို့ လေ့လာတွေ့ရှိချက်အရ







www.burmeseclassic.com

www.burmeseclassic.com


အထက်ချင်းတွင်း၊ နာဂနယ်မြေ၌ ပေါ်ပေါက်ခဲ့သည့် သမန်းကျား အယူဝါဒမှာ ဆွေမျိုးအုပ်စုတစ်စုနှင့်သာ သက်ဆိုင်သည့် ဆွေမျိုးစု တိုတမ်သာဖြစ်ပေသည်။

စိတ္တဗေဒပညာအရ သမန်းကျားစိတ်သည် 'ဟစ်စတီးရီးယား' ခေါ် အလွန်အမင်း စိတ်ဓာတ်တက်ကြွမှု (စိတ်ကျိုးကျိုးကြွကြွဖြစ်မှု)တစ်မျိုးသာဖြစ်ကြောင်း မှတ်ချက်ချကြလေသည်။

အကြောင်းပြချက်မှာ. . .

သမန်းကျားအဖြစ် ပြောင်းလဲနိုင်သည်ဟု မိမိကိုယ်ကို ယုံကြည်စွဲလမ်းနေသူသည် ကျားစိတ်ကျားမာန်သွင်း၍ သားကောင်များကို နိုင်အောင် တိုက်ခိုက်သတ်ပုတ်နိုင်၏။

ရက်စက်စွာစွန့်စားဝံ့ကြသည်။

ကျားစိတ်ဝင်အောင် အထင်အမြင်စိတ်ဖြင့် ယုံကြည်စွာ လှည့်စားပြောင်းလဲပစ်နိုင်သောကြောင့်ဖြစ်၏။

ထို့ကြောင့်. . .

မိမိတို့၏နာကျည်းချက်၊ ခံစားချက်နှင့် ကလဲ့စားချေလိုချက်တို့ကို စုစည်းကာ သမန်းကျားစိတ်မျိုး ဝင်အောင် ဖန်တီး၍ လက်စားချေ တုန့်ပြန်ကြခြင်းဖြစ်သည်ဟုလည်း စိတ္တဗေဒပညာဖြင့် ကောက်ချက်ဆွဲကြခြင်းဖြစ်သည်။

"အဲဒီလို ပြောင်းလဲသွားတော့ ဘယ်လို ထူးခြားမှုတွေ ဖြစ်လာသလဲ ဖေဖေ"

"စိတ်ဓါတ်စွမ်းအားကြီးလာတာနဲ့အမျှ လူရဲ့ခွန်အားနဲ့ လျင်မြန်ဖျတ်လတ်မှုတွေလည်း ပြောင်းလဲလာနိုင်တာပေါ့၊ တခြားမကြည့်နဲ့၊ ဇာတ်တော်တွေထဲမှာ အင်္ဂုလိမာလဇာတ်တို့ ပေါဒိဿရ ဇာတ်တော်တွေကိုပဲကြည့်၊ အင်္ဂုလိမာလ သတို့သားဟာ ပညာသင်ချိန်မှာ အင်မတန် နူးညံ့ပျော့ပျောင်းသလောက် ဆရာရဲ့စေခိုင်းချက်ကြောင့် လူပေါင်းများစွာကို လိုက်သတ်ရတဲ့အခါမှာ သူ့ရဲ့စိတ်ရော ခန္ဓာကိုယ်ပါ ပြောင်းလဲသွားခဲ့တယ်၊ အမေကို အမေမှန်း မသိတော့လောက်အောင် စိတ်က ခက်ထန်ကြမ်းကြုတ်သွားသလောက် ခန္ဓာကိုယ်ကလည်း ဘီလူးတစ်ကောင်လို ဖြစ်သွားလို့ လူတွေဟာ သူ့ကို ဘယ်လိုမှ ယှဉ်ပြိုင်တိုက်ခိုက်လို့ မနိုင်နိုင်အောင် ဖြစ်သွားခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်. . . 'ဟိန္ဒက' ဟော့လို့ အော်ပြီးလိုက်ရင် တစ်ဂါဝုတ် အကွာအဝေးမှာ ရှိတဲ့လူတောင် ပြေးမလွတ်ပဲ အသတ်ခံရတယ်လို့ ဖတ်ဖူးပါတယ်"

"ဒီလိုပေါ့. . . သူက သာမန်လူထက် စိတ်ရော ခန္ဓာကိုယ်ပါ ပြောင်းလဲသွားလေတော့ စွမ်းအားလည်း အများကြီး ပိုလာတာပေါ့၊ ဒီလိုပဲ. . . ပေါရိသာရဆိုရင်လည်း လူသားစားဖို့အတွက် လူတွေကို လိုက်ဖမ်းတဲ့နေရာမှာ သာမန်လူတစ်ယောက်ရဲ့စိတ်စွမ်းအားမျိုးနဲ့ ဖမ်းဆီးတာ မဟုတ်ဘဲ ဘီလူးစိတ် ဘီလူးမာန် သွင်းပြီး လိုက်ဖမ်းတယ်ဆိုတာ သေချာတာပေါ့"

"အင်း. . . ဖေဖေ ပြောပြမှပဲ ဒီအကြောင်းတွေဟာ အဖော့ကို စိတ်ဝင်စားဖို့ ကောင်းမှန်း သိရတော့တယ်၊ ဒီလိုဆို



www.burmeseclassic.com

www.burmeseclassic.com



ရင် ဖေဖေလိုချင်တဲ့ အချက်အလက်တွေ ပြည့်စုံဖို့အတွက် အတော်ကလေး လိုဦးမှာပေါ့နော်"

"သိပ်တော့ မလိုတော့ဘူး သားရဲ့၊ လိုအပ်တဲ့ မှတ်တမ်း မှတ်ရာအချို့ ရရင်တောင် ပြည့်စုံသလောက် ဖြစ်တော့မှာပါ၊ ဒါကလည်း နယ်တွေမှာ ရှိတဲ့ ဖေဖေ့ မိတ်ဆွေတွေဆီကို စာရေး အကြောင်းကြားထားပါတယ်၊ အခြေအနေ ထူးရင်တော့ သူတို့ ဆက်သွယ်လာကြမှာပါ၊ ကဲ. . . ငါ့သား ကျောင်းက ပြန်လာ တုန်း တို့သားအဖနှစ်ယောက် စစ်တုရင် ကစားလိုက်ကြ အောင်ကွယ်"

ဟု ပြောကာ အခန်းထောင့်တစ်နေရာတွင် အကျအန ပြင်ဆင်ထားသော စစ်တုရင်ခုံ ရှိရာသို့ ထသွားကြလေသည်။





## အခန်း(၆)

# ဦးဘိုးကျွန်းတို့ ရောက်လာခြင်း

တစ်နေ့သ၌ ကျောက်စာဝန် ဦးဘသိန်းဟန်တို့၏နေ ...ကြီး၏ခြံပေါက်ဝ တံခါးသို့ လံချားတစ်စီး ရောက်လာပြီး ...ည်နှစ်ယောက်တို့ လံချားပေါ်မှ ဆင်းလာကြသည်။

တစ်ဦးမှာ အသက်ငါးဆယ်ကျော် ခြောက်ဆယ်အရွယ် ...ရှိ ရှေးလူကြီးတစ်ဦးဖြစ်ပြီး ကျန်တစ်ယောက်ကတော့ ...က်နှစ်ဆယ်ကျော်အရွယ်ရှိ မိန်းမပျိုတစ်ဦးတို့ဖြစ်ကြလေ...

လူကြီးက သျှောင်တစောင်းနှင့် နှုတ်ခမ်းမွေးတို့ ရှိကြပြီး



www.burmeseclassic.com

www.burmeseclassic.com



ရင်ဖုံးအင်္ကျီကြမ်းနှင့် ပုဆိုးကို ဝတ်ဆင်ထားသည်။

သူ့လက်ထဲမှာ ပစ္စည်းပစ္စယများ ထည့်ထားဟန်ရှိ အထုပ်တစ်ထုပ်ကို ကိုင်ထားလေသည်။

မိန်းကလေးကတော့ တောသူမိန်းကလေးတို့ အယာအတိုင်း ရိုးရိုးယဉ်ယဉ်အဝတ်အစားများကို ဝတ်ဆ စေကာမူ ပင်ကိုယ်အလှများက ကြည့်ရုံနှင့် သိသာစွာ ပေါ် နေ၏။

သူမလက်ထဲမှာ အဝတ်အစား ထည့်ထားဟန်ရှိ လွယ်အိတ်ဟောင်းတစ်လုံးကို ကိုင်ထားလေသည်။

လံချားကုလားက သူတို့နှစ်ယောက်ကို ပိတ်ထား ခြံပေါက်ဝတံခါးနားမှာ ချထားပေးခဲ့ပြီး လံချားကို ပြန်လှည့် လေတော့သည်။

ခြံတံခါးပေါက် အုတ်တိုင်မှာတော့ 'ကျောက် ဦးဘသိန်းဟန်' ဟု အမည်ရေးထားသည့် ကြေးဆိုင်းဘု ချိတ်ဆွဲထားပြီး အောက်ဘက်မှာ ခြံအမှတ်နှင့် လမ်းအမ ရေးထားလေသည်။

ညွှန့်သည်နှစ်ယောက်တို့မှာ လမ်းအမည် အိမ် နှင့် လူအမည်ကို တွေ့နေရသော်လည်း ခြံဝန်းထဲမှာ ယောက်မှ မတွေ့ရသဖြင့် ဘယ်လိုလုပ်ရမှန်း မသိ အခက်တွေ့ကာ ခြံဝန်းအလယ်ရှိ တိုက်ကြီးရှိရာသို့ တမျှော် နှင့် ရှိနေကြလေသည်။





ထိုအခိုက်မှာပင် အနောက်ဘက်မှ ကင်းဘဲလမ်း မောင်းဝင်လာသော ဘောက်စ်ဝွန်းကားအဖြူလေး တစ် ည် ၎င်းတို့ရပ်နေသော ခြံပေါက်ဝသို့ ရောက်သောအခါ ပ်လိုက်သည်။ ထို့နောက် ကားတံခါးဖွင့်ကာ လူရွယ်တစ် ကားပေါ်မှ ဆင်းလာလေသည်။

ကျော်စွာပင် ဖြစ်သည်။

ကျော်စွာက အထုပ်ကလေး ပိုက်ပြီး သူ့ကို မျက်လုံးရွဲ ဖြင့် လှမ်းကြည့်နေသော မိန်းကလေးကို တစ်ချက်ကြည့် ပြီး. . .

"ဖေဖေ့ဆီ လာကြတဲ့ ညွှန့်သည်တွေများလား"

ဟု မေးလိုက်သည်။

"ဟုတ်. . ဟုတ်ပါတယ်ကွယ်၊ ဒါ ကျောက်စာဝန် ဦးဘ ဟန်ရဲ့နေအိမ် မဟုတ်လား"

"ဟုတ်ပါတယ်. . . ကျွန်တော်က သူ့ရဲ့သား ကျော်စွာ

"တော်ပါသေးရဲ့ မောင်ရယ်၊ ကျုပ်တို့မှာ ဝန်မင်းရဲ့နေ ကို ဆိုက်ဆိုက်မြိုက်မြိုက်မှ ရောက်ပါ့မလားလို့ စိတ်တထင့် လာခဲ့ကြရတာ၊ အခုမှပဲ စိတ်အေးရတော့တယ်"

ထိုအခါမှပင် မိန်းကလေး၏မျက်နှာမှာလည်း အတန် စိတ်သက်သာရာ ရသွားဟန် ရှိလေသည်။

"ဖေဖေက အပေါ်ထပ်က အခန်းထဲ ရောက်နေလို



www.burmeseclassic.com

www.burmeseclassic.com



ဦးကြီးတို့ ရောက်နေတာကို မသိသေးတာ ဖြစ်ပါလိမ့်မယ်၊ ဒ
ထဲကို ကြွကြပါ"

ဟု ပြောကာ ခြံတံခါးပေါက်ဝမှာ တပ်ထားသေ
ခလုတ်တစ်ခုကို နှိပ်လိုက်ရာ နောက်ဘက်မှ လူတစ်ယော
ထွက်လာပြီး တံခါးဖွင့်ပေးသဖြင့် ကားရောလူတွေပါ အတွင်း
ကြရသည်။

တိုက်ကြီးအတွင်းသို့ ရောက်သောအခါ ဧည့်သည်
ယောက်ကို ဧည့်ခန်းမှာ နေရာချပေးခဲ့ပြီး အပေါ်ထပ်အခ
ဖခင်ဖြစ်သူကို အကြောင်းကြားလိုက်ရာ ဦးဘသိန်းဟ
အောက်သို့ ဆင်းလိုက်လာသည်။

ဦးဘသိန်းဟန်သည် ဧည့်သည်ကြီးကို တွေ့သော
သဲကန္တာရထဲမှာ ရေအိုင်တစ်အိုင် တွေ့လိုက်ရသကဲ့သို့
မြောက်ဝမ်းသာ အမူအယာဖြင့် နှုတ်ဆက်လေသည်။

"ဟာ. . . ဦးဘိုးကွန်းပါလား၊ အကြောင်းမကြား
မကြားနဲ့ ဘယ်ကနေ ဘယ်လို ရောက်လာတာလဲဗျ၊ ခင်ဗျ
အခုလို တွေ့ရတာ ဝမ်းသာလိုက်တာဗျာ"

"ဝန်ထောက်မင်းဆီကို အကြောင်းမကြား ဘာမ
အခုလို ရောက်လာတဲ့ကိစ္စကတော့ နောက်မှ အေးအေး
ဆေး ပြောပြပါ့မယ်၊ ကျုပ်ဖြင့် အခုလို ဝန်ထောက်မင်း
တွေ့ရတာ အတော်ကလေး အားရှိတာပါပဲ"

"ကဲ. . . ဒီရောက်လာမှတော့ အေးအေးဆေး





သာ နေကြပေတော့၊ ဒီတိုက်ကြီးမှာ ကျုပ်တို့သားအဖနှစ်ယောက်ရယ်၊ ထမင်းချက် လင်မယားရယ်ပဲ ရှိကြတယ်၊ ဒါထက် သူက ဘယ်သူလဲ"

ဦးဘသိန်းဟန်က ဦးဘိုးကွန်းနံဘေးတွင် ထိုင်နေသော မိန်းကလေးကို တစ်ချက်ကြည့်ကာ မေးလိုက်လေသည်။

"သူက ကျွန်တော့်ရဲ့မြေးမလေးပါ၊ နာမည်က မြလေးခင်လို့ ခေါ်ပါတယ်၊ အခု ဝန်ထောက်မင်းဆီကို လာခဲ့တာ သူ့အတွက်လည်း ပါပါတယ်"

"ကဲ. . . ဒီရောက်မှတော့ ဘာမှ ပူစရာ မရှိတော့ဘူး၊ ခင်ဗျားလိုတဲ့ အကူအညီကို ကျုပ်ပေးပါ့မယ်၊ ကဲ. . . ခင်ဗျားတို့ မြေးအဖိုး ခရီးပင်ပန်းလာကြတယ်၊ အေးအေးဆေးဆေး နားကြဦး၊ နောက်မှ စကားပြောကြတာပေါ့"

ဟု ပြောသဖြင့် ကျော်စွာကိုယ်တိုင် ဧည့်သည်များအတွက် နေရာထိုင်ခင်းများ စီစဉ်ပေးလေသည်။

ဦးဘိုးကွန်းသည် နမ္မားနယ်သား တစ်ယောက်ဖြစ်ပြီး ဦးဘသိန်းဟန် ကျောက်စာဝန်ဘဝက ရှေးဟောင်းသုတေသနတာဝန်ဖြင့် ထိုနယ်တကြောသို့ ရောက်စဉ်က လိုအပ်သည်များကို လက်ရင်းတပည့်တစ်ဦးပမာ အကူအညီပေးခဲ့လေသည်။

သူသည် နမ္မားနယ်သားတစ်ဦးဖြစ်သလို ထိုနယ်မှ ထူးဆန်းအံ့သြဖွယ်အကြောင်း အတော်များများကိုလည်း နှံ့နှံ့စပ်စပ် သိကျွမ်းသူတစ်ဦးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးဘသိန်းဟန် သိလိုသော လျှို့ဝှက်အကြောင်းများကို သိနိုင်ရန် အကူအညီပေးခဲ့လေသည်။

ထိုသို့ အကူအညီပေးခဲ့သည်ကို ကျားနက်ဂိုဏ်းသား အချို့က မကျေနပ်ကြပေ။

၎င်းတို့၏လျှို့ဝှက်ချက်များကို အခြားသူများအား ပြောပြသည်ဟု ယူဆကာ နည်းအမျိုးမျိုးဖြင့် ရန်ရှာခဲ့ကြလေသည်။

ဦးဘိုးကွန်းအနေကလည်း ဦးဘသိန်းဟန်က သူ့အပေါ်တွင် လိုလေသေး မရှိအောင် ကောင်းခဲ့သဖြင့် လိုအပ်သော အကူအညီများကို လုပ်ကိုင်ပေးခဲ့လေသည်။

"အခုတော့ ကျားနက်ဂိုဏ်းသားတွေက ကျွန်တော့်ကို သစ္စာဖောက်တစ်ယောက်လို သဘောထားပြီး ဝိုင်းပယ်ထားကြတယ်၊ ဒါတင် မကသေးဘူး၊ အသက်အန္တရာယ်ကို ရန်ရှာတာလည်း မနည်းတော့ဘူး၊ ကံကောင်းနေသေးလို့ အခုလို အသက်နဲ့ခန္ဓာ မြဲနေသေးတာပါ"

ညဘက်ရောက်တော့ ဦးဘိုးကွန်းက သူကြုံတွေ့ခဲ့ရသောအကြောင်းများကို ပြောပြလေသည်။

ဦးဘသိန်းဟန်က ဆေးတံကို ဖွာရင်း ဦးဘိုးကွန်း ပြောပြသောအကြောင်းများအား နားထောင်ရင်းမှ စိတ်မကောင်းဖြစ်မိလေသည်။

"အေးဗျာ. . . ကျုပ်ကို အကူအညီပေးမိလို့ ခင်ဗျားတို့ အခုလို ဒုက္ခရောက်ခဲ့ရတာ စိတ်မကောင်းပါဘူး၊ တကယ်ပြောရရင် ဒီကိစ္စမှာ ကျုပ်မှာလည်း တာဝန်မကင်းပါဘူး၊ အခု ခင်ဗျားတို့ ဒီကို လာကြတဲ့ကိစ္စကိုလည်း တဆိတ်လောက် ပြောပြပါဦး"





ထိုသို့ပြောသည့်တိုင် ဦးဘိုးကွန်းမှာ ပြောရမှာ အားနာနေဟန်ဖြင့် လက်ဖက်ရည်ကြမ်းပန်းကန်ကိုသာ ငုံ့သောက်နေရင်း အတန်ကြာအောင် ဘာမှ ပြန်မပြောပဲ ရှိလေသည်။

"ဦးဘိုးကွန်းအနေနဲ့ နမ္မားကနေ ဒီကိုတောင် ရောက်အောင် လာပြီးမှ ဘာမှ အားနာမနေနဲ့၊ လိုတဲ့အကူအညီကိုသာ ပြောပါ၊ ဘာမှ အားမနာပါနဲ့"

ထိုအခါမှ လက်ထဲမှ လက်ဖက်ရည်ပန်းကန်ကို ပြန်ချလိုက်ပြီး. . .

"ကျွန်တော်ကတော့ အသက်အရွယ်ကလည်း ကြီးပြီဆိုတော့ ဘယ်လိုအန္တရာယ်မျိုးပဲကြုံကြုံ အရေးလုပ်စရာ မရှိတော့ပါဘူး၊ အရေးကြီးတာက ဒီသမီးလေးအတွက်ပါ၊ သူက မိမရှိ ဖမရှိဘဲ ငယ်စဉ်ကတည်းက ကျွန်တော့်လက်ပေါ်မှာ ကြီးခဲ့ရတာဆိုတော့ ကျွန်တော့်အတွက်နဲ့ သူ တစ်ခုခု ဖြစ်သွားမှာကိုပဲ စိုးရိမ်တာပါပဲ"

"ပြောပါ ဦးဘိုးကွန်း"

"သူက ငယ်ငယ်က ကောင်းဟိန်းဘက်မှာ ကျောင်းနေခဲ့ဖူးတော့ စာလည်း ကောင်းကောင်းတတ်ပါတယ်၊ အချက်အပြုတ်လည်း ကျွမ်းကျင်နိုင်နင်းပါတယ်၊ ဒါကြောင့် ဒီမြေးလေးကို ဝန်မင်းတို့ဆီမှာ အပ်ထားချင်လို့ အားကိုးတကြီးနဲ့ လာခဲ့တာ


www.burmeseclassic.com

www.burmeseclassic.com

ပါ"

ထိုစကားကြားသောအခါ ဦးဘသိန်းဟန်က တဟားဟားနှင့် သဘောကျစွာ ရယ်မောလိုက်လေသည်။

"ဦးဘိုးကောင်းရယ်. . . ခင်ဗျားတို့ ကျုပ်နဲ့က မိတ်ဆွေရင်းချာတွေပဲဗျာ၊ တစ်ယောက်အကြောင်းရှိရင် တစ်ယောက်အကူအညီ ပေးရမှာပေါ့၊ ကျုပ်တို့မှာလည်း မိသားစုက များများစားစား ရှိကြတာမှ မဟုတ်တာ၊ အဖေတစ်ခု သားတစ်ခုပဲ ရှိတာ၊ ဒီတော့ ခင်ဗျားရဲ့မြေးမလေးကို ကျုပ်တို့က သားသမီးလိုပဲ စောင့်ရှောက်ပေးရမှာပေါ့ဗျာ"

"ဒီစကားကြားရတာ ဝမ်းသာလိုက်တာ ဝန်မင်းရယ်၊ အခုမှပဲ ကျွန်တော့်မြေးမလေးအတွက် စိတ်အေးရတော့တယ်ဗျာ၊ ဒီလိုဆိုရင်တော့ ဝန်မင်းကို ပြောစရာရှိတာတွေ ထပ်ပြောရဦးမယ်ဗျ"

"ဘာများလဲဗျ ဦးဘိုးကွန်း"

"မကြာသေးခင်ကမှ ကျွန်တော် ကျားနက်ဂိုဏ်းသားတွေရဲ့လျှို့ဝှက်ချက်အတော်များများကို သိခဲ့ရတယ်"

ထိုစကားမှာ ဦးဘသိန်းဟန်အတွက် စိတ်ဝင်စားစရာအကောင်းဆုံး ဖြစ်လေတော့သည်။

"ဘယ်လို လျှို့ဝှက်ချက်တွေလဲဗျ. . . ပြောပြပါဦး"

"ဝန်ထောက်မင်း ကျွန်တော်တို့ရွာကို ရောက်ခဲ့တုန်းက ရွာမြောက်ဖျားဘက် တောင်ကုန်းဘက်မှာ ရှိတဲ့ တိုက်ပျက်ကြီး





တစ်လုံးရှိတယ်ဆိုတာကို သိခဲ့ရတယ် မဟုတ်လား"

ဦးဘသိန်းဟန်က အနည်းငယ် စဉ်းစားလိုက်ပြီးမှ. . .

"ဟို. . . ဘယ်သူမှ မနေဝံ့တဲ့ ရှေးဟောင်းတိုက်ပျက်ကြီးကို ပြောတာ မဟုတ်လား"

ဟု မေးလိုက်သည်။

"ဟုတ်တယ်. . . နေတဲ့လူတိုင်း သေလို့ ဘယ်သူမှ မနေဝံ့တဲ့ တိုက်ပျက်ကြီးကို ပြောတာ၊ အဲဒီတိုက်ပျက်ကြီးက အခြားမဟုတ်ဘူး၊ ရှေးက ကျားနက်ဂိုဏ်းခေါင်းဆောင်တွေ နေသွားတဲ့နေရာပဲ"

"ဟင်. . "

"အဲဒီတိုက်ပျက်ကြီးရဲ့လျှို့ဝှက်နေရာတွေမှာ လူကနေ အသွင်ပြောင်းလဲနိုင်တဲ့ မှတ်တမ်းတွေ ရှိတယ်လို့ သိခဲ့ရတယ်"

ထိုစကားကြားသောအခါ ဦးဘသိန်းဟန်မှာ တစ်ကိုယ်လုံး အားဆေးများ တစ်လုံးပြီးတစ်လုံး ထိုးသွင်းလိုက်သကဲ့သို့ လန်းဆန်းတက်ကြွလာကာ မျက်လုံးများပင် အရောင်တောက်လာလေသည်။

"ဒီသတင်းက အမှန်ပဲလားဗျ ဦးဘိုးကွန်း"

"အမှန်ပါပဲ. . . ကျားနက်ဂိုဏ်းသားတွေက အဲဒီတိုက်ကြီးထဲမှာ သူတို့ရဲ့လျှို့ဝှက်ချက်တွေ ရှိတော့ ဒါတွေကို မသိစေချင်တော့ အဲဒီမှာ နေသမျှ လူတွေကို နည်းအမျိုးမျိုးနဲ့ သတ်ပစ်နေတာပါ"


www.burmeseclassic.com

www.burmeseclassic.com

"ဒါထက် သူတို့ရဲ့လျှို့ဝှက်ချက်တွေက ဘယ်နေရာမှာ ထားသတဲ့လဲဗျ"

"အဲဒီတိုက်ကြီးရဲ့မြေတိုက်ခန်းထဲမှာလို့တော့ သတင်းကြားရတာပဲ၊ အဲဒီနေရာကို သေသေချာချာ သွားကြည့်ဖို့ကလည်း မလွယ်ကူတော့ ကျွန်တော်လည်း ဂဃနဏ မသိခဲ့ရဘူး"

"ဒါဖြင့် ဘယ်လိုလုပ်ရင် ကောင်းမလဲဗျ၊ အကြံဉာဏ်လေးများရှိရင် ပြောပါဦး"

"အကောင်းဆုံးကတော့ ဝန်မင်းသိချင်တာ သိရဖို့အတွက် အဲဒီတိုက်ကြီးမှာ လေးငါးခြောက်လတန်သည် နေပြီး စနည်းနာကြည့်ရင်တော့ ဟန်လိမ့်မယ်ထင်တယ်"

"အဲဒီတိုက်ပျက်ကြီးမှာ နေဖို့ကတော့ ထားပါတော့၊ သူတို့က နေခွင့်ပေးပါ့မလားဗျ"

"အဲဒီတိုက်ပျက်ကြီးက ဘယ်သူပိုင်ဆိုင်တာမှ မဟုတ်ဘူး၊ လူမနေဝံ့တဲ့ ရှေးဟောင်းအဆောက်အဦးပျက်ကြီးနေနဲ့ပဲ သူ့ဖာသာ ရှိနေတာပဲ၊ ဝန်မင်းတို့ နေမယ်ဆိုရင် အင်္ဂလိပ်အစိုးရကို အကူအညီတောင်းပြီး သူတို့ရဲ့ခွင့်ပြုချက်နဲ့ နေမယ်ဆိုရင် ဘယ်သူကမှ တားပိုင်ခွင့် မရှိပါဘူး"

"အင်း. . . ဒီအကြံအစည်လည်း ကောင်းပေတာပဲ၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်၊ ကျုပ်သွားရင်တော့ ခင်ဗျားပါ ပြန်လိုက်ခဲ့ရင် ပိုပြီးအဆင်ပြေမယ်ထင်တယ်. . . လိုက်ဝံ့ပါ့မလား"





"ဝန်မင်းတစ်ယောက်လုံးတောင် ပါနေမှတော့ ဘာများမလိုက်ဝံ့စရာ ရှိသလဲဗျာ၊ နောက်ပြီး ကျွန်တော့်မြေးမလေးအတွက်ကလည်း စိတ်အေးရပြီမို့ နောက်ဆံတင်းစရာ မရှိပါဘူး၊ ကျွန်တော်တို့ မြေးအဖိုးနှစ်ယောက်စလုံး ရွာကို ပြန်လိုက်ခဲ့ပြီး ဝန်မင်းကို အကူအညီပေးပါ့မယ်"

ဟု ကတိပြုလေသည်။

ထို့နောက်. . .

ရန်ကုန်၌ စီစဉ်စရာများ စီစဉ်ရန်အတွက် နှစ်ပတ်ခန့် ဆက်နေကြလေသည်။

အလုပ်အားသော၊ ကျောင်းအားသောရက်များတွင် ကျော်စွာက မြလေးခင်ကို ခေါ်ပြီး ရန်ကုန်မြို့တွင်းရှိ ဘုရားများကို လိုက်လံပို့ပေးသေည်။

ဘောက်စ်ပက်ဂွန်းကားလေးဖြင့် နှစ်ယောက်အတူသွားကြရင်းမှပင် ခင်မင်ရင်းနှီးမှု ရသွားလေသည်။

"ကျွန်မတို့ နမ္မားရွာကို သွားရင် အစ်ကိုလည်း လိုက်ခဲ့မှာလား"

"ကျွန်တော်ကတော့ ဆေးကျောင်းတစ်ဖက်နဲ့ဆိုတော့ မလိုက်တော့ပါဘူး၊ မြလေးတို့ မြေးအဖိုးတော့ ပြန်လိုက်သွားကြမှာ မဟုတ်လား"

"ကျွန်မတို့ မြေးအဖိုးကတော့ ဘဘကြီးနဲ့အဖော်ရအောင် ပြန်လိုက်သွားကြမယ်လို့ ပြောတယ်၊ တကယ်လို့ ကျွန်မ


www.burmeseclassic.com

www.burmeseclassic.com



တို့ ဟိုမှာ အချိန်ကြာနေခဲ့ရင် အစ်ကို ကျောင်းအားတဲ့အချိန်နဲ့ ကြုံရင် လိုက်လာခဲ့ပေါ့”

“ကောင်းပါပြီ”

မြလေးခင် ရန်ကုန်မှာ ရှိနေစဉ်ကာလမှာပင် ကျော်စွာ အပေါ်၌ အစ်ကိုတစ်ယောက်လို ခင်မင်သွားရုံမက ကျော်စွာက လည်း ညီမလေးတစ်ယောက် ကောက်ရသကဲ့သို့ မြလေးခင် အပေါ် ခင်မင်တွယ်တာသွားလေတော့သည်။





အခန်း(၇)

# ကိုက်နီကြီးနှင့် လျှို့ဝှက်မှုများ

တကယ်တော့ နမ္မားနယ်မြေမှာ ဦးဘသိန်းဟန်အတွက် နယ်မြေစိမ်းတစ်ခုတော့ မဟုတ်ပါပေ။

ကျောက်စာဝန်ဘဝက တစ်ကြိမ်နှစ်ကြိမ် ရောက်ဖူးခဲ့ပြီး လအတန်ကြာသည်အထိ နေထိုင်ခဲ့ဖူးပေပြီ။

ထိုအချိန်က ဒေသခံဖြစ်သော ဦးဘိုးကွန်းနှင့် တွေ့ပြီး ခင်မင်ရင်းနှီးသွားခြင်းဖြစ်လေသည်။

ကျော်စွာက ဆေးကျောင်းတဖက်နှင့်မို့ မလိုက်ခဲ့နိုင် သောကြောင့် ဦးဘသိန်းဟန်မှာ ဦးဘိုးကွန်းတို့ မြေးအဖိုး နှစ်



www.burmeseclassic.com

www.burmeseclassic.com


ယောက်ကို့နှင့်အတူ နမ္မားသို့ တကျော့ဆန်တက်ခဲ့ကြလေသည်။

ပင်လယ်ဘူးသို့ ရောက်သောအခါ ခရီးတစ်ထောက် ဝင်နား၍ နယ်ပိုင်ဝန်ထောက်ရုံးသို့ ဝင်ကာ အကျိုးအကြောင်း ပြောပြကာ အကူအညီ တောင်းသောအခါ မျက်နှာဖြူအရေးပိုင်က လိုအပ်သော အကူအညီ ပေးလေသည်။

နမ္မားရွာတွင် ရှိသော တိုက်ဟောင်းကြီးကိုလည်း သုတေသနလုပ်ငန်း အသုံးပြုရန်အတွက် ခွင့်ပေးလိုက်သည်။

ခွင့်ပေးကြောင်း အမိန့်စာပေါ်မှာ ရုံးတံဆိပ် နှိပ်၍ နယ်ပိုင်ဝန်ထောက်က လ...မှတ်ရေးထိုးပေးလိုက်ရာ ဦးဘသိန်းဟန်အတွက် များစွာ အားတက်ဖွယ်ရာ ရှိလေသည်။

ထို့နောက်. . .

ပင်လယ်ဘူးမှတစ်ဆင့် နမ္မားရွာ ရောက်အောင် ဆန်တက်ကြလေသည်။

နမ္မားရွာသို့ ရောက်သောအခါ ရွာလူကြီးအိမ်သို့ အရင်သွားကြလေ၏။ နမ္မားရွာသည် မုန်းမြစ်ကမ်းတစ်လျှောက်ရှိသော ကျေးရွာများထဲတွင် အကြီးဆုံးနှင့် ရှေးအကျဆုံး ရွာကြီးတစ်ရွာဖြစ်သည်။ ရှေးနှစ်ပေါင်းများစွာကတည်းက နေထိုင်ခဲ့ကြသောကြောင့် ရှေးလက်ရာဖြင့် ဆောက်လုပ်ထားသော အိမ်ကြီးအိမ်ကောင်းများစွာတို့ ရှိကြသည်။

ဒေသခံတို့မှာ ဆန်စပါး၊ လက်ဖက်၊ မုန်ညှင်း၊ ကွမ်းသီး၊ လိမ္မော် စသည့် စိုက်ခင်းနှင့် ခြံများ စိုက်ပျိုးကြသည်။



ဗမာ၊ ရှမ်း၊ ကရင်၊ ရခိုင်၊ မွန်၊ နာဂနှင့် ချင်းလူမျိုးတို့ ရောနှောနေထိုင်ကြသည်။

နမ္မားသည် နာဂတောင်တန်းများနှင့် ဆက်သွယ်ထားသော စခန်းထောက် ရွာကြီးတစ်ရွာလည်း ဖြစ်သည်။

နာဂတောင်တန်းများပေါ်သို့ သွားလိုလျှင် နမ္မားမှတဆင့် လေရှီးရောက်အောင် သွားပြီးမှ ခရီးဆက်၍ရသည်။

နမ္မား၏အမည် နာမည်ကျော်ရခြင်းမှာ နက်ရှိုင်းလှသော တောနက်ကြီးကြောင့်လည်း တစ်ကြောင်းပါသည်။

တောနက်ကြီးထဲတွင် ကညင်၊ ကံ့ကော်၊ ခလောင်၊ သစ်ကတိုး၊ ရေတမာ၊ သပြေ၊ ကျွဲကောပင်များ ထူထပ်စွာ ပေါက်ရောက်ကြလေသည်။

ထိုတောနက်ထဲတွင် ဆင်၊ ကျား၊ ပြောင်၊ ကြံ့၊ ဝက်ဝံ၊ ကျားသစ်၊ တောခွေး၊ တောဝက်၊ ဆတ်၊ ဒရယ်၊ သမင် အစရှိသည့် တောရိုင်းတိရစ္ဆာန်များကလည်း ပေါများလှသောကြောင့် နမ္မား၌ အမဲလိုက်ခြင်းဖြင့် အသက်မွေးဝမ်းကြောင်းပြုသူများလည်း ရှိသည်။

အချို့ကလည်း မုန်းမြစ်ထဲ ဆင်း၍ ငါးရှာကြသည်။ ရှေးအခါကတော့ နမ္မား၌ ချင်းလူမျိုးနှင့် နာဂများသာ နေထိုင်ကြပြီး စားတတ်သော ပညာများကြောင့် လူသိများခဲ့လေသည်။

နောက်ပိုင်းကာလရောက်တော့ လူမှ အသွင်ပြောင်းနိုင်သည်ဆိုသော အယူအဆများကြောင့် ပိုမို၍ လူသိများလာခဲ့ရ


www.burmeseclassic.com

www.burmeseclassic.com



သည်။ 'နမ္မား' အမည်ကြားလိုက်ရုံနှင့် ကျားနက်ဂိုဏ်းသားမျာ: ဟူသော အမည်ပါ တွဲ၍သိကြလေသည်။

အင်္ဂလိပ်မျက်နှာဖြူများ သိမ်းပိုက်ထားစဉ်ကာလ တစ် လျှောက်လုံးမှာလည်း ထိုအယူအဆက တိမ်ကောမသွားပဲ ထွန်း ကားမြဲ ထွန်းကားနေဆဲပင် ရှိ၏။

အဘယ်ကြောင့်ဆိုသော်. . .

အင်္ဂလိပ်အစိုးရက မြန်မာနိုင်ငံမှ အဖိုးတန် သယံဇာ ပစ္စည်းများကို ထုတ်ယူရန်သာ အဓိက ထားပြီး မြို့ပြနှင့် ဝေ သောနေရာမှ လူများကို အသိဉာဏ် မတိုးတက်စေရန် ရည်ရွ ချက်ဖြင့် ထိုကဲ့သို့သော အယူအဆများကို တားဆီးပိတ်ပင်ခြ မပြုဘဲ မသိကျိုးနွံပြုထားခြင်းဖြစ်ပေသည်။

နမ္မားသို့ ရောက်သောအခါ ဦးဘသိန်းဟန်က ရွာလူ အိမ်သို့ သွားရောက်ကာ အကျိုးအကြောင်း ပြောပြရလေသည ရွာလူကြီးက ဦးဇာမှိုင်းဆိုသူဖြစ်ပြီး သူကြီးကတော်က ဒေါ်မ ရေးဖြစ်သည်။

အခြားရွာနီးချုပ်စပ်မှ လူများကလည်း ဒီအတိုင်း သိကာ ကြောက်ရွံ့လေးစားကြသည်။

ဦးဘသိန်းဟန်နှင့် ဦးဘိုးကွန်းတို့ ရောက်သွားေ ရွာလူကြီး ဦးဇာမှိုင်းက မူသိပ်မပျက်သော်လည်း ဒေါ်မင်းရေ သမီးဖြစ်သူ မဟူရာဆိုသော မိန်းကလေးကတော့ မနှစ်မြို့သေ အသွင်ပေါ်နေလေသည်။





သူတို့နှစ်ယောက်က အခန်းထောင့်မှာ ထိုင်နေရင်း အကဲခတ်သလို ကြည့်နေကြသည်။

ဒေါ်မင်းရေးကဆိုလျှင် ပြောင်းဖူးဖက် ဆေးပေါ့လိပ် ကြီးကို မီးတရဲရဲ ဖြစ်အောင် ဖွာရင်း ဦးဘိုးကွန်းကို မကျေနပ် သော မျက်လုံးများဖြင့် လှမ်းလှမ်းကြည့်နေလေသည်။

"ဘာကိစ္စရှိလို့လဲ"

ရွာလူကြီးက မေးသည်။

"ကျုပ်က ကျောက်စာဝန် ဦးဘသိန်းဟန်ပါ၊ ရန်ကုန်က လာတာပါ၊ ဒီက ရွာလူကြီးဆီ လာရတဲ့အကြောင်းကတော့ ဒီရွာ နှန်မှာ ရှိတဲ့ တိုက်ပျက်ကြီးမှာ နေထိုင်ဖို့နဲ့ ဒီနယ်တစ်ဝိုက်မှာ သုတေသနအလုပ်တွေ လုပ်မယ်ဆိုတဲ့အကြောင်း လာပြောတာ ပါ"

ဦးဘသိန်းဟန်က အရေးပိုင်လက်မှတ်နှင့် တံဆိပ်ပါ သော စာရွက်ကို ထုတ်ပြလိုက်သောအခါ ရွာလူကြီး ဦးဇာမှိုင်းမှာ ဘာမှ မပြောသာအောင် ရှိတော့သည်။

"နေတာကတော့ ဟုတ်ပါပြီ. . . ဘာအလုပ် လုပ်ကြ မှာလဲ"

"သုတေသနအလုပ်တွေ လုပ်မှာပါ"

"တစ်ခုတော့ ရှိတယ်ဗျ၊ အဲဒီတိုက်ဟောင်းကြီးက နေ တဲ့လူတိုင်း သေကြတာပဲ၊ ခင်ဗျားတို့ နေလို့ဖြစ်ပါ့မလား"

"ဒီလိုပဲ သတိနဲ့ နေရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခုက ကျုပ်တို့အရပ်ဒေသတွေမှာ ထူးထူးခြားခြား ဘာမှ လေ့လာစရာ သိပ်မရှိလှပါဘူး၊ ခင်ဗျားအတွက် အန္တရာယ်တစ်ခုခု ကြုံတာကလွဲပြီး အကျိုးရှိလှမယ် မထင်ဘူး၊ ဒီတော့ တခြားနေရာတွေမှာသွားပြီး လေ့လာရင် ပိုကောင်းမယ် ထင်ပါတယ်၊ ကျုပ်က ခင်ဗျားအတွက် စေတနာနဲ့ သတိပေးတာပါ"

"အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ သတိဝီရိယ ထားပြီး လုပ်ကိုင်ပါမယ်"

ဦးဘသိန်းဟန်က အလျှော့မပေးဘဲ ပြောသောအခါ ရွာလူကြီး ဦးဇာမှိုင်းမှာ ဘာမှဆက်မပြောသာတော့ပဲ ဆေးတံရှည်ကြီးကိုသာ မီးခိုးတထောင်းထောင်းထအောင် ဖွာနေတော့သည်။

"ခင်ဗျားက ဇွဲသည်ဆိုတော့ နောက်တစ်ခုလည်း သတိပေးရဦးမယ်"

"ဘာများလဲဗျ"

"ဒီနယ်မြေတွေမှာ ထူးဆန်းထွေပြညာရပ်တွေ ရှိကြတယ်၊ အဲဒီပညာတွေက သူတို့တတွေရဲ့လျှို့ဝှက်ချက်တွေဆိုတော့ အဲဒါမျိုးတွေကို ဝင်ရောက်စပ်စုတာမျိုးကိုတော့ သဘောကျလှေ့ မရှိကြဘူး၊ အဲဒါမျိုးတွေကို စပ်စုမိရင် အန္တရာယ်တစ်ခုခုနဲ့ ကြုံရတတ်တယ်ဆိုတာကို သတိပေးချင်တာပါ"

ရွာလူကြီးဦးဇာမှိုင်း၏လေသံမှာ သတိပေးသည့်အသံ





မျိုးထက် ခြိမ်းခြောက်သည့်လေသံမျိုး ဖြစ်နေလေသည်။

"အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျုပ်က အဲဒီလို ရှေးဟောင်းအယူအဆတွေကို ကြောက်လည်း မကြောက်ဘူး၊ အယုံအကြည်လည်း မရှိဘူးဗျ"

ဟု ပြောဆိုကာ ရွာအစွန်ဘက်ရှိ တိုက်ပျက်ကြီး ရှိရာသို့ လာခဲ့ကြလေသည်။

ထိုတိုက်ပျက်ကြီးမှာ နမ္မားရွာ၏အစွန် မြောက်ဘက် တောင်ကုန်းပေါ်တွင် ရှိပြီး အလွန်ရှေးကျသော အဆောက်အဦးကြီးဖြစ်လေသည်။

ရှေးခေတ်သုံး အုတ်ချပ်ကြီးများဖြင့် ဆောက်ထားပြီး အုတ်ကြွပ်ပြားကြီးများကို မိုးထားသော်လည်း အချို့နေရာများမှာ ကျိုးပဲ့ ပျက်စီးနေလေပြီ။

နှစ်ဆောင်ပြိုင် ပုံသဏ္ဌာန်ဖြစ်ပြီး အပေါ်ပိုင်း၌ လည်ပေါ်နှင့် ထပ်ခိုးတစ်ခု တင်ထားရာ အဝေးမှ ကြည့်လျှင် ရှေးဟောင်းပြတိုက်ကြီးတစ်ခုနှင့်ပင် သဏ္ဌာန်တူလေတော့သည်။

နံရံအင်္ဂတေသားများမှာ ရေညှိ၊ ရေမှော်များ တက်ကာ မည်းနေသော်လည်း အချို့နေရာများမှာ အချပ်လိုက် ကွာကျနေပြီဖြစ်သောကြောင့် အနီရောင်များ ပေါ်နေသည်။

မိုးလေကင်းစင်သည့်အခါ အဝေးမှ ကြည့်လျှင် အိမ်နီကြီးတစ်ဆောင်ကဲ့သို့ လှမ်းမြင်ရသောကြောင့် ရွာသူရွာသားများက "တိုက်နီကြီး" ဟုပင် အလွယ်တကူ ခေါ်ဝေါ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com


ရှေးနှစ်ပေါင်းများစွာက ထိုတိုက်နီကြီး၌ ကျားနက်ဂိုဏ်း၏ခေါင်းဆောင်များ အစဉ်အဆက် နေထိုင်ခဲ့ကြပြီး ဗျူဟမနုဿဂမ္ဘီရ ပညာများကို သိုဝှက်သိမ်းဆည်းရာ နေရာတစ်ခုအဖြစ် အသုံးချခဲ့ကြလေသည်။

နောက်ဆုံး အဖွဲ့ခေါင်းဆောင်မှာ 'ရှင်မထီး' ဟုလည်း အမှတ်အသား ရှိခဲ့ကြသည်။

နောက်ပိုင်းမှာတော့ ခေါင်းဆောင်များ အဆက်ပြတ်နေသွားခဲ့ပြီး ကျားနက်ဂိုဏ်းသားတို့ စခန်းချရာ နေရာဟောင်းတစ်ခုအဖြစ် အသုံးပြုခဲ့ကြလေသည်။

စစ်ကြိုခေတ်လောက်က စပြီး ရွာ၏အခြေအနေမှာလည်း အနည်းငယ် ပြောင်းလဲလာလေသည်။

ကျားနက်ဂိုဏ်းသားများအပြင် အခြားမှ လာရောက်နေထိုင်ကြသည့်လူများ တဖြည်းဖြည်းနှင့် များပြားလာသည်နှင့် အမျှ ဗုဒ္ဓဘာသာ ကိုးကွယ်မှုလည်း များပြားလာလေတော့သည်။

ထိုအခါ ရွာအကြီးအကဲများက ထိုတိုက်နီကြီးကို ကျောင်းအဖြစ် သတ်မှတ်ကာ ဘုန်းတော်ကြီးများ ပင့်၍ သီတင်းသုံး နေထိုင်ကြစေသည်။

သို့သော်လည်း ထိုတိုက်နီကြီးမှာ သီတင်းသုံးကြသော ဘုန်းတော်ကြီးများမှာ တစ်နှစ်တစ်ဝါ ပြည့်အောင် ဘယ်သူမှ မနေနိုင်ပဲ လေးငါးခြောက်လလောက် ကြာလျှင် ထိုကျောင်းထိုင်သော ဘုန်းကြီးမှာ အကြောင်းကိစ္စတစ်ခု ပေါ်ကာ ပျံလွန်တော်မူသွားခဲ့လေသည်။

ဤသို့ဖြင့် တစ်နှစ်လျှင် တစ်ပါးနှစ်ပါး ပျံလွန်ခဲ့ကြသောအခါ နောက်ထပ်ဘုန်းကြီးများလည်း ထိုတိုက်နီကြီးမှာ ကျောင်းမထိုင်ဝံ့ကြတော့သဖြင့် ဒီအတိုင်း ပစ်ထားခဲ့ရလေသည်။

ကျောင်းထိုင်သော ဘုန်းကြီးများ တစ်နှစ်လျှင် တစ်ပါးနှစ်ပါး အဘယ်ကြောင့် ပျံလွန်ကြသည်ကို စစ်ဆေးကြည့်သောအခါ လည်ပင်းတစ်ဝိုက်တွင် အစွယ်ရာကဲ့သို့ အပေါက်များတွေ့ရသဖြင့် သတ္တဝါတစ်ကောင်ကောင် ကိုက်ခဲသတ်ဖြတ်ခြင်းခံရသောကြောင့် သေဆုံးရသည်ဟုသာ ထင်မြင်ယူဆကြလေသည်။

အချို့ကလည်း လျှို့ဝှက်သော သတ္တဝါများက ကိုက်ခဲသတ်ဖြတ်သဖြင့် သေဆုံးရသည်ဟု ထင်သည်။

ထို့ထက်. . .

ထိုတိုက်နီကြီးတွင် အစောင့်အဖြစ်သော်လည်းကောင်း၊ ဘုန်းကြီးများ ရှိရင် ကပ္ပိယအဖြစ်သော်လည်းကောင်း၊ အမြဲနေထိုင်သည့် လူတစ်ဦးတော့ ရှိသည်။

၎င်း၏အမည်မှာ ကပ္ပိယကြီးဦးလွန်းအုံဖြစ်ပြီး အသက်ခြောက်ဆယ်ကျော်အရွယ်ခန့် ရှိလေသည်။

၎င်းမှာ အသက်အရွယ်ကြီးလှပြီဖြစ်သည်က တစ်ကြောင်း၊ ခါးက ကိုင်းနေပြီး ခြေတစ်ဖက်ကလည်း ကျိုးနေသောကြောင့် လမ်းသွားလျှင် ထော့ကျိုးထော့ကျိုးဖြင့်သာ သွားနိုင်



www.burmeseclassic.com

www.burmeseclassic.com

တော့သည်။ ငယ်စဉ်က ကျားကုတ်ခံခဲ့ရသောကြောင့် မျက်နှာတစ်ခြမ်းမှာ ပျက်နေပြီး မျက်လုံးက တစ်ဖက်ကျဉ်း တစ်ဖက်ကျယ်ဖြစ်သည်။ ထိုကဲ့သို့ အရုပ်ဆိုးလှသော ကပ္ပိယကြီးဦးလွန်းအုံကတော့ ထိုတိုက်နီကြီး၌ အမြဲနေလေ့ရှိသည်။

ဘုန်းကြီးရှိလျှင် ကပ္ပိယအဖြစ်နှင့် နေပြီး ဘုန်းကြီးမရှိလျှင် အစောင့်အဖြစ်နှင့် တစ်ယောက်တည်း နေလေ့ရှိသည်။

တစ်ရွာလုံးကတော့ သူ့ကို ကပ္ပိယကြီးဦးလွန်းအုံဟုသာ ခေါ်ကြလေသည်။

ကပ္ပိယကြီးဦးလွန်းအုံက တိုက်နီကြီး၌ နေ့ရောညပါ အမြဲနေသူဖြစ်သောကြောင့် ထိုနေရာမှ အဖြစ်အပျက် အကြောင်းများကို အတော်များများ သိသူဖြစ်သည်။

သူ့ကို အချို့လူများက အကျိုးအကြောင်း မေးကြည့်ကြသည်။

"မပြောပါနဲ့တော့ကွာ. . . ဒီအိမ်ကြီးက ဝိညာဉ်တွေစုနေတဲ့ ဝိညာဉ်လှောင်အိမ်ကြီးဆိုရင်တောင် မမှားပါဘူး"

"ဘာကြောင့်လဲ ကပ္ပိယကြီးရဲ့"

"ဘာကြောင့်လဲဆိုတော့ ဒီအိမ်ကြီးမှာ အန္တရာယ် အမျိုးမျိုး တွေ့ပြီး သေခဲ့ကြတဲ့လူတွေ နည်းတော့တာမှ မဟုတ်တာ၊ အဲဒီဝိညာဉ်တွေက မကျွတ်မလွတ်ကြတော့ ဘယ်မှ မသွားပဲ အဲဒီအထဲမှာပဲ ရှိနေကြတယ်"

"ဒါဖြင့် ကပ္ပိယကြီး တွေ့ရတာပေါ့နော်"





"အင်း. . . တွေ့တဲ့အခါလည်း တွေ့ရတာပေါ့"

"ကပ္ပိယကြီးကိုတော့ သူတို့က ဘာမှ မလုပ်ကြဘူးလားဟင်"

"ကျုပ်ကိုတော့ ဘာမှ မလုပ်ကြပါဘူး၊ ကျုပ်လို ဒုက္ခိတတစ်ယောက်ကိုတော့ သူတို့က ဘယ်စိတ်ဝင်စားကြမှာလဲ၊ နောက်ထပ်ရောက်လာမယ့် ဝိညာဉ်အသစ်တွေကိုပဲ မျှော်နေကြတာပေါ့"

ဟု ကြောက်မက်ဖွယ်ကောင်းသောစကားကို ပြောပြလေသည်။

ဦးဘသိန်းဟန်က ထိုအိမ်ကြီးရှိရာသို့ သွားဖို့ ပြင်ဆင်နေသောအခါ ရွာခံဖြစ်သော ဦးဘိုးကွန်းက ကပ္ပိယကြီး ဦးလွန်းအုံအကြောင်းကို ကြိုတင်ပြောပြထားလေသည်။

"ကျွန်တော့်အထင် ပြောရရင်တော့ အဲဒီလူကြီးမှာ လျှို့ဝှက်ချက်တွေ ရှိတဲ့ပုံပေါ်တယ် ဝန်မင်း"

"ဘယ်လို လျှို့ဝှက်ချက်မျိုးတွေလဲ ဦးဘိုးကွန်းရဲ့"

"ဒီအိမ်ကြီးမှာ နေသမျှလူတွေ တစ်ယောက်ပြီးတစ်ယောက် သေကြတာတွေကို တစ်နည်းနည်းနဲ့တော့ သူသိမှာပဲ၊ တမင်မပြောဘဲနဲ့ လျှို့ဝှက်ထားတာ ဖြစ်ရမယ်"

"သူက ဘာကြောင့် ဖုံးထားရတာလဲ"

"ကျွန်တော့်အထင် ပြောရရင်တော့ သူက ကျားနက်ဂိုဏ်းသားတွေနဲ့ အဆက်အသွယ် ရှိပုံရတယ်၊ ဒါကြောင့် ဘာမှ



www.burmeseclassic.com

www.burmeseclassic.com

မပြောပဲ ရေငုံနှုတ်ပိတ်ပြီး နေတာဖြစ်မှာပေါ့၊ ဆရာကြီး အဲဒီအိမ်ကြီး ရောက်ရင်တော့ အဲဒီလူကြီးကို သတိထားရလိမ့်မယ်"

ဟု ကြိုကြိုတင်တင် သတိပေးထားလေသည်။

တိုက်နီကြီးသို့ ဦးဘသိန်းဟန်နှင့် ဦးဘိုးကောင်းတို့ မြေးအဖိုးနှစ်ယောက်စလုံး သွားနေကြသည်။

ဦးဘိုးကောင်းက ဝေယျာဝစ္စ ဆောင်ရွက်ပေးရန်အတွက် ဖြစ်ပြီး မြလေးခင်က စားသောက်စရာများ စီစဉ်ပေးရန်နှင့် ဦးဘသိန်းဟန် လုပ်ငန်းများကို ဝိုင်းကူပေးရန်အတွက်ဖြစ်သည်။

သူတို့သုံးယောက် ရောက်သွားတော့ ကပ္ပိယကြီးဦးလွန်းအုံနှင့် တွေ့ရလေသည်။

စီစဉ်စရာများ စီစဉ်နေရသဖြင့် နောက်ကျနေသောကြောင့် ညဦးပိုင်းအချိန်လောက်မှ ထိုနေရာသို့ ရောက်သွားလေသည်။

သူတို့ရောက်သွားသောအချိန်တွင် ကပ္ပိယကြီးဦးလွန်းအုံက တောင်ဝှေးက တစ်ဖက်၊ ရေနံဆီမီးအိမ်က တစ်ဖက်ဆွဲကာ ထော့ကျိုးထော့ကျိုးနှင့် ထွက်လာလေသည်။

"ဒီအိမ်ကြီးမှာ နေကြမယ့်လူတွေလား"

"ဟုတ်တယ်"

"အင်း. . . ဒီအိမ်ကြီးမှာ ဝိညာဉ်တွေတော့ တိုးဦးမှာပဲ၊ ကဲ. . . အထဲကို လာကြပါ"





ဟု ပြောကာ ရှေ့မှ လျှောက်သွားပြီး တံခါးမကြီးကို ဖွင့်ပေးလေသည်။

သူတို့အတွက် ရေနံဆီမှန်အိမ်တစ်လုံးကိုလည်း ထွန်း၍ စားပွဲပေါ်သို့ လာချပေးသည်။

"ကျုပ်နာမည်က လွန်းအုံလို့ ခေါ်ပါတယ်၊ ကျုပ်က ဒီအိမ်ကြီးရဲ့နောက်ဘက်မှာ ရှိတဲ့ တဲကလေးမှာ နေပါတယ်၊ လိုတာရှိရင် ခေါ်ခိုင်းနိုင်ပါတယ်"

ဟု ပြောဆိုကာ အိမ်ကြီးအနောက်ဘက်သို့ တရွေ့ရွေ့နှင့် ထွက်သွားလေတော့သည်။

ဦးဘသိန်းဟန်တို့လည်း အခြားထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ဒီတစ်ညအဖို့ စိတ်ချလုံခြုံစွာ အိပ်စက်နိုင်မည့် အခန်းကို ရှာဖွေကြည့်ရာ အောက်ထပ်မှာပင် တံခါးပိတ်ထားသော အခန်းနှစ်ခန်းသုံးခန်းကို တွေ့ကြရသည်။

သို့ကြောင့်. . .

ခေါင်းရင်းဘက်နှင့် နီးသော အခန်းတစ်ခန်းကို ရှင်းလင်းသုတ်သင်ကာ သုံးယောက်သား ထိုအခန်းမှာပင် စခန်းချကြလေသည်။ အိပ်ယာဝင်ကာနီးသောအခါ ဦးဘသိန်းဟန်က ငှင်းလိုင်စင်နှင့် ကိုင်သော ခြောက်လုံးပြူးသေနတ်ကို အရေးအကြောင်းရှိလျှင် အသုံးပြုရန်အတွက် ဘေးနားမှာ အဆင်သင့်ချထားလေသည်။

ညဉ့်နက်ပိုင်း ရောက်တော့ ဦးဘိုးကွန်းနှင့် မြလေးခင်


www.burmeseclassic.com

www.burmeseclassic.com


တို့နှစ်ယောက်က အိပ်ကြသော်လည်း ဦးဘသိန်းဟန်ကတော့ မအိပ်နိုင်သေးဘဲ ခရီးစဉ်မှတ်တမ်းများနှင့် ထူးခြားသော အတွေ့အကြုံများကို ရေးမှတ်နေလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာတော့ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေလေသည်။

တစ်ခါတစ်ရံ ရွာဘက်မှ စူးစူးဝါးဝါး ဟောင်လိုက်သော ခွေးဟောင်သံများ၊ ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံများကို ကြားရလေသည်။

ခွေးအူသံ၊ ခွေးဟောင်သံများက နီးလာသလို ဝေးသွားသလို ကြားနေရလေသည်။

ဦးဘသိန်းဟန်လည်း အလုပ်လုပ်ရင်း မသိမသာ နားစွင့်နေလေသည်။ အတန်ကြာသောအခါ တိုက်ကြီးအပြင်ဘက်မှ ခြေသံလိုလို ကြားလာရသည်။

ခြံစောင့်ဦးလွန်းအုံ ခြေသံများလားဟု နားစွင့်ကြည့်သောအခါ ခြေသံက မကြားရတော့။

တိုက်ကြီး၏ပြတင်းပေါက် တံခါးချပ်များမှာ မှန်တံခါးချပ်များ ဖြစ်သော်လည်း အပြင်ဘက်မှာ မှောင်နေသောကြောင့် သဲသဲကွဲကွဲတော့ မမြင်ရပေ။

ကြားနေရသော ခြေသံက ပြတင်းပေါက်နား ရောက်တော့ ရပ်သွားသည်။

သူအလုပ်လုပ်နေသော စားပွဲရှိရာမှာ ပြတင်းပေါက်နှင့် မဝေးလှသောကြောင့် ပြတင်းပေါက်နားကို တစ်စုံတစ်ယောက် ကပ်လာသည်ဟု စိတ်ထဲမှ ထင်လိုက်မိသောကြောင့် အလုပ်လုပ်နေရာမှ မျက်မှန်အပေါ်မှ ကျော်၍ကြည့်လိုက်သည်။

"ဟင်. ."

ဦးဘသိန်းဟန် အံ့သြသွားလေသည်။

ကျွန်းသားဘောင်နှင့် လေးထောင့်ကွက် ခွေထားသော မှန်တံခါးချပ် နောက်ဖက်မှာ မျက်နှာတစ်ခုကို မသဲမကွဲ လှမ်းမြင်လိုက်ရသည်။ မှန်တံခါးနားမှာ မျက်နှာကို ကပ်ထားသောကြောင့် မျက်နှာ၏ပုံပန်းသဏ္ဌာန်ကိုတော့ မြင်လိုက်ရသည်။

ထိုမျက်နှာမှာ ခဏလေးသာ မြင်လိုက်ရပြီး ဖျပ်ကနဲ ပြန်ပျောက်ကွယ်သွားလေသည်။

ထိုမျက်နှာမှာ လူတစ်ယောက်၏မျက်နှာမျိုး မဟုတ်ပဲ ကြောက်မက်ဖွယ်ကောင်းသော မျက်နှာမျိုးဖြစ်နေသည်ကို အံ့သြစွာ တွေ့လိုက်ရလေသည်။ ဦးဘသိန်းဟန်က သေနတ်ကို ယူပြီး ပြတင်းပေါက်နားသို့ သွားကြည့်တော့ ဘာမှ မတွေ့ရတော့ပေ။

နမ္မားသည် သူတို့အတွက် လျှို့ဝှက်ဆန်းကြယ်စွာဖြင့် ကြိုဆိုနေခဲ့ချေသည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၈)

# မဟူရာနှင့် လျှို့ဝှက်အတတ်ပညာ

ဦးဘသိန်းဟန်တစ်ယောက် တိုက်နီကြီးသို့ ရောက်ခဲ့ကြပြီး တစ်ပတ်နှစ်ပတ်လောက် ကြာသည့်အချိန်လောက် ရောက်သည်အထိတော ဆိုးဆိုးဝါးဝါး အန္တရာယ်များနှင့် မတွေ့ကြုံရပဲ သူလေ့လာချင်သော အကြောင်းအရာများကို လေ့လာခွင့်ရလေသည်။

လိုအပ်သော ပစ္စည်းများနှင့် စားနပ်ရိက္ခာ ဆေးဝါး အစရှိသည်တို့ကို ဟုမ္မလင်းမှ မှာယူသုံးစွဲရုံမက ရန်ကုန်မြို့မှ သား[illegible]သူ ကျော်စွာနှင့်လည်း စာချင်း အဆက်အသွယ် မပြတ်ရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာ နောက်ဆုံးရေးလိုက်သော စာထဲ၌မူ . . .

"ဆေးပညာ စာမေးပွဲ ဖြေဆိုပြီးပါက ဖခင်ကြီး ရှိသော နမ္မားရွာသို့ အလည်တစ်ခေါက် လာရောက်မည်ဖြစ်ကြောင်း၊ သူရောက်လာပါက တောထဲ ထွက်၍ အမဲပစ်ရန် ခွင့်ပေးရမည် ဖြစ်ကြောင်း"

စီကာပတ်ကုံး ရေးသားလိုက်လေသည်။

ဦးဘသိန်းဟန် အဓိထား၍ လေ့လာသောအချက်မှာ

လူမှ အသွင်ပြောင်းနိုင်သော လျှို့ဝှက်ပညာရပ်များမှာ မြန်မာနိုင်ငံမှ အခြားသို့ ကူးသွားခဲ့လေသလော၊

ဒါမှမဟုတ် အခြားနိုင်ငံများမှ အယူအဆများက မြန်မာ နိုင်ငံသို့ ကူးစက်လာခဲ့သလော ဟူသည့်အချက်များ၊

သူလေ့လာမိသလောက်တော့ အောက်လမ်းပညာ (Black Magic)အတတ်နှင့် ပြုစားတတ်သော အတတ်ပညာများ ကို အနောက်ပိုင်း တောနက်ကြီးများထဲတွင် နေထိုင်ကျက်စား သည့် တောင်ပေါ် နာဂများက အစပြုခဲ့ကြောင်း တွေ့ရသည်။

မြောက်ဖျားအတွင်းပိုင်းများတွင် နေထိုင်ကြသောလူမျိုး များမှာ အမျိုးအစား အတော်များပြားလှပြီး အချို့မှာ လူရိုင်း သက်သက် အသွင်မျှသာ ရှိကြလေသည်။

အမဲသားငါးများကို ဖမ်းဆီးရလျှင် အစိမ်းလိုက် စား သောက်ခြင်း၊ လူများကို ဖမ်းမိလျှင် သတ်ဖြတ်၍ လူသားကို စားသောက်ခြင်း၊ အဝတ်မဝတ်ခြင်း၊ ကျွဲ၊ နွား၊ လူ စသည်တို့ဖြင့်





ယဇ်ပူဇော်ခြင်းများကို ရက်ရက်စက်စက် ပြုလုပ်တတ်ကြလေ သည်။

အချို့ဆိုလျှင် ကျားတစ်ကောင်ကဲ့သို့ တောထဲသို့ သွား လာတာ သားကောင်များကို ဖမ်းဆီးသတ်ဖြတ်လေ့ရှိသည်။

အချို့သုတေသီများကတော့ ထိုအတတ်ပညာကို ပြုစား တတ်သော အတတ်ပညာဟု မသတ်မှတ်ပဲ 'သက်ပြောင်းကိုယ် ခွာ' အတတ်ပညာဟု သတ်မှတ်ကာ သုတေသနပြုခဲ့ကြလေ သည်။

ရှေးနှစ်ပေါင်းများစွာ နမ္မားရွာကို ကဒူးမျိုးနွယ်ဘုန်းကြီး များက အုပ်ချုပ်ခဲ့ကြသည်။

ထိုအထဲတွင် 'ရှင်မထီး' ဟူသော ဘုန်းကြီးသည် ကဒူး မျိုးနွယ်လောကတွင် ထင်ရှားခဲ့ပေသည်။

ယခု ဦးဘသိန်းဟန်တို့ နေထိုင်နေသော တိုက်နီကြီးမှာ ရှင်မထီးအတွက် သီးသန့်ဆောက်လုပ်ပေးခဲ့သောတိုက်ကြီးဖြစ် သည်။

ရှင်မထီးသည် ပွဲကျောင်းပညာများ၊ ပြုစားတတ်သော မှော်ပညာ၊ စုန်းပညာများ၊ လျှို့ဝှက်အတတ်ပညာနှင့် ရုပ်ပြောင်း ရုပ်လွှဲ၊ သက်ပြောင်းကိုယ်ခွာ အတတ်ပညာများကို တစ်ဖက် ကမ်းခတ်အောင် တတ်ကျွမ်းသဖြင့် ကဒူးမျိုးနွယ်များအားလုံးက ကြောက်ရွံ့ရိုသေကြရလေသည်။

ရှင်မထီးက ၎င်း၏ပညာများကို သင့်တော်သောလူများ



www.burmeseclassic.com

www.burmeseclassic.com



ကို သင်ကြားပေးခဲ့လေ၏။

ဇင်း၏ပညာအတော်များများကို ရွာလူကြီး၏ကတော် ဒေါ်မိကြီးဆိုသော အမျိုးသမီးကြီးက အတော်များများကို ရ လိုက်ပေသည်။

ထိုအချိန်က ဒေါ်မိကြီးဆိုသူမှာ ရွာလူကြီးကတော် ဖြစ် သည်က တစ်ကြောင်း၊ စုန်းအတတ်ပညာများကို တစ်ဖက်ကမ်း ခတ်အောင် တတ်မြောက်သူဟု အများက ထင်သောကြောင့် အားလုံးက ကြောက်ရွံ့လေးစားသော သြဇာတိက္ကမ ရှိသူတစ်ဦး ဖြစ်ခဲ့သည်။

အင်္ဂလိပ်များ မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးစ အချိန် လောက်က မျက်နှာဖြူအရေးပိုင်တစ်ယောက် နမ္မားရွာသို့ ရောက်လာပြီး ထိုသတင်းများကို မေးမြန်းစုံစမ်းခဲ့ဖူးလေသည်။

ဒေါ်မိကြီးနှင့် တွေ့သောအခါ သူမက. . .

"နင်တို့က ဘာသိချင်တာလဲ"

BURMESE CLASSIC .com

ဟု လေသံမာမာဖြင့် မေးလေသည်။

ထိုအခါ စကားပြန်လုပ်သူက. . .

"သခင်ကြီးတို့က ဒီရွာမှာ ရှိတဲ့ လူကနေ အသွင်ပြောင်း နိုင်တယ်ဆိုတာကို လက်တွေ့ကြည့်ချင်တယ်လို့ ပြောပါတယ်"

ဟု ဇင်းတို့ နားလည်သော ဘာသာစကားဖြင့် ပြန်ပြော သည်။

"ဒီပညာမျိုးဆိုတာ လုပ်ချင်တိုင်း လုပ်လို့မရဘူး၊ ကြည့်





ချင်တိုင်းလည်း ကြည့်လို့မရဘူး"

"ဒီလိုတော့ မလုပ်ပါနဲ့၊ သခင်ကြီးတွေ စိတ်ကျေနပ် အောင် တစ်ခုခုတော့ လုပ်ပြလိုက်ပါ"

ထိုစကားကြားသောအခါ ဒေါ်မိကြီးမှာ ဒေါသဖြစ်လာ သောကြောင့် ရှုံ့ရှုံ့ရှားရှားဖြစ်လာလေတော့သည်။

"နင်တို့ တယ်ခက်ပါလား၊ နင်တို့က ငါတို့ရဲ့ပညာကို ထင်သေးနေကြပုံရတယ်၊ ဒီလိုဆိုရင် လက်တွေ့အနေနဲ့ နင့် ...က်ထဲကို အပင်းသွင်းပြရမလား၊ ဒါမှမဟုတ် နင့်ရဲ့ဝိညာဉ်ကို ...က်ချင်းနုတ်ပြလိုက်ရမလား"

ဟု ဒေါသသံနှင့် မေးလေရာ စကားပြန်လုပ်သူမှာ ကြောက်ရွံ့တုန်လှုပ်သွားလေသည်။

"ဒီ. . ဒီလိုတော့ မလုပ်ပါနဲ့၊ သူတို့ ကျေနပ်အောင် တစ်ခုခုတော့ လုပ်ပြပေးပါ"

ဟု တောင်းတောင်းပန်ပန်နှင့် ပြောသဖြင့် ဒေါ်မိကြီးက

"အေး. . . ဒီလိုဆိုရင်လည်း နင့်လူတွေ စိတ်ကျေနပ် အောင် ငါ တစ်ခုခုတော့ လုပ်ပြမယ်"

ဟု ပြောကာ တစ်ကိုယ်လုံး အနက်ရောင် အဝတ်အစား ...ဝတ်ဆင်ပြီးနောက် ရွာအနောက်ဘက်ရှိ တောစပ်သို့ ဝင် ...သွားလေသည်။

ထိုအခါ မျက်နှာဖြူအရာရှိက ဂေါ်ရခါးစစ်သားများကို ...နောက်သို့ ဝင်ရောက်ရှာဖွေစေရာ ဒေါ်မိကြီးကို မတွေ့ရ...



www.burmeseclassic.com

www.burmeseclassic.com



၎င်းဝတ်ဆင်သွားသော အဝတ်အစားများကိုသာ စုပုံထားသ
ကို တွေ့ကြရလေသည်။ ဂေါ်ရခါးစစ်သားများ ပြန်ထွက်လာ
ခဏကြာတော့ သူတို့ဦးခေါင်းပေါ်မှာ ဝဲပျံနေသော လင်းဋ္ဌကြီး
ခြုံပုတ်နောက်ဘက်သို့ ပြန်ထိုးဆင်းသွားပြီး ခဏကြာတော့ နော
ဖက်မှ ဒေါ်မိကြီး ပြန်ထွက်လာသည်ကို အံ့သြဖွယ်ရာ တွေ့မြ
ကြရလေသည်။

ဒေါ်မိကြီး မရှိတော့သည့်နောက်ပိုင်းတွင် ၎င်း၏ပည
များကို သမီးဖြစ်သူ ဒေါ်မင်းရေးက ရရှိခဲ့လေသည်။

ထိုအချိန်က မမင်းရေးမှာ အသက်အရွယ်က ငယ်
သေးပြီး ရွာလူကြီး၏သမီးလည်းဖြစ်ပြန်၊ မိခင်ဖြစ်သူ၏ပည
အမွေများကို ရလိုက်သောကြောင့် မမင်းရေးကို တစ်ရွာလုံး
ကြောက်ရွံ့ကြရလေသည်။

ရှေ့ပိုင်းအခန်းများတွင် ရေးသားဖော်ပြခဲ့သည့်အတိုင်
မြန်မာနိုင်ငံကို အင်္ဂလိပ်မျက်နှာဖြူများ သိမ်းပိုက်ပြီးစကာလ
မျက်နှာဖြူအရာရှိအချို့နှင့် ၎င်းတို့နှင့် နောက်လိုက်နောက်ပါမျ
ဂေါ်ရခါးစစ်သားများမှာ နမ္မားရွာသို့သော်လည်းကောင်း၊ တော
နက်ကြီးများအတွင်း၌ ထမန်းကျားများနှင့် တွေ့ဆုံပြီး အသက်
ဆုံးရှုံးခဲ့ရပုံများမှာ ဒေါ်မင်းရေး၏လက်ချက်ပင်ဖြစ်လေသည်။

ယခုအခါမှာတော့ ဒေါ်မင်းရေးမှာလည်း အသက်
အရွယ်က ရလာပြီဖြစ်သောကြောင့် ထိုပညာများကို သမီးဖြစ်သူ
အား သင်ကြားပေးခဲ့လေသည်။





မဟူရာဆိုသော မိန်းကလေးမှာ အသက်နှစ်ဆယ်ဝန်း
ကျင်အရွယ်ခန့် ရှိပြီး မျက်လုံးမျက်ခုံးကောင်းကောင်းနှင့် လှပ
ချောမောသော မိန်းကလေးတစ်ဦးဖြစ်သည်။

သူမ၏ထူးခြားချက်မှာ နက်မှောင်ထူထဲလှသည့်မျက်ခုံး
နှစ်ခုဆက်နေပြီး မျက်လုံးများက သာမန်ထက် ပို၍စူးရှ အရောင်
တောက်ပနေခြင်းပင်ဖြစ်၏။

သူမသည် မိခင်ဖြစ်သူထံမှာ ပညာအမွေများကို အ
များအပြား ရလိုက်သဖြင့် ပညာမာန်မာန ထက်မြက်ပြီး ဆတ်
ဆတ်ထိမခံသူတစ်ဦးဖြစ်သဖြင့် တစ်ရွာလုံးက ကြောက်ရွံ့ခဲ့ကြ
ရလေသည်။

BURMESE CLASSIC .com



www.burmeseclassic.com



www.burmeseclassic.com



## အခန်း(၉)

## လျှို့ဝှက်သင်္ချိုင်းမှ မရဏဆောင်ချောက်

ညနေပိုင်း၏ဆည်းဆာအရောင်များသည် နမ္မားရွာပေါ်သို့ ရွှေအိုရောင်များ ဖြန်းပက်ထားသကဲ့သို့ ရှိနေတော့သည်။

ရွာလယ်ပိုင်းတွင် ရှိသော ရွာသူကြီး၏အိမ်ကြီး အပေါ်ထပ်ရှိ အခန်းတစ်ခန်းထဲတွင် ဒေါ်မင်းရေးနှင့် သမီးဖြစ်သူ မဟူရာတို့ ရှိနေကြလေသည်။

"အမေ. . . အခု ကျွန်မတို့ပိုင်နက်ထဲကို ရန်သူတွေ ရောက်နေကြတယ်၊ သူတို့က ကျွန်မတို့ရဲ့လျှို့ဝှက်ပညာတွေကို



www.burmeseclassic.com

www.burmeseclassic.com



လာပြီးရှာဖွေကြတာ ဖြစ်မယ်၊ အဖေက ဘာကြောင့် သူတို့ကို အဲဒီတိုက်ကြီးမှာ နေခွင့်ပေးရတာလဲ၊ ရွာလူကြီးအာဏာနဲ့ နှင်ထုတ်လိုက်လို့ မရဘူးလားဟင်"

"သူတို့က အင်္ဂလိပ်မျက်နှာဖြူတွေဆီက အမိန့်အာဏာတွေနဲ့ လာတာ၊ ဘယ်လိုလုပ်ပြီး နှင်လို့ရမှာလဲတဲ့"

"ဒါဖြင့် ကျွန်မတို့ ပညာတွေနဲ့ သတ်ပစ်လိုက်ရင် မကောင်းဘူးလားဟင်"

"ဒီလို စိတ်ထင်တိုင်း လုပ်လို့မရနိုင်ဘူး၊ သူတို့ တစ်ခုခုဖြစ်ရင် အင်္ဂလိပ်အစိုးရ လူတွေက တို့ကို လာပြီးဒုက္ခပေးကြမှာပေါ့ဟဲ့"

"ဒါဖြင့် ဘယ်လိုလုပ်ရမလဲဟင်"

"အခြေအနေ စောင့်ကြည့်နေပေါ့၊ သူ့စည်း ကိုယ့်စည်းဆိုတာ ရှိတာပဲ၊ ကိုယ့်စည်းထဲ ကျော်လာရင်တော့ နင်ကြိုက်သလို လုပ်ပေါ့၊ စည်းမကျော်ပဲ လုပ်ရင် ဒဏ်ခတ်ခံရလိမ့်မယ်"

ဒေါ်မင်းရေး စကားကို လေသံတင်းတင်းနှင့် ပြောသည်။

"စည်းကျော်ရင် ဒဏ်ခတ်ခံရတယ်ဆိုတာ ဘယ်လိုမျိုးလဲ အမေ"

ဒေါ်မင်းရေးက ပြောင်းဖူးဖက် ဆေးပေါ့လိပ်ကြီးကို ယမ်းမီးခြစ်နှင့် မီးညှိပြီး တစ်ဖွာနှစ်ဖွာ ဖွာလိုက်ရာ မီးခိုးငွေ့များက တထောင်းထောင်းနှင့် ထလာသလို အမှောင်ရိပ်သမ်းနေ





သော အိမ်ခန်းထဲမှာလည်း ဆေးလိပ်မီးရောင်က ရဲကနဲ ပေါ်လာလေသည်။

"စည်းဆိုတာ သတ်မှတ်ထားတဲ့ အပိုင်းအခြားတစ်ခုပဲ၊ တစ်နေရာနဲ့ တစ်နေရာ၊ အရာဝတ္ထု တစ်ခုနဲ့တစ်ခု ရောထွေးမှု မဖြစ်အောင် ကန့်သတ်ထားတဲ့အရာ ဆိုရင်လည်း မမှားဘူး၊ လယ်တစ်ကွက်နဲ့တစ်ကွက်ကို ကန်သင်းနဲ့ ပိုင်းခြားထားသလို အိမ်တစ်ခုနဲ့တစ်ခု၊ ခြံတစ်ခုနဲ့တစ်ခုကိုလည်း စည်းရိုးနဲ့ ပိုင်းခြားထားကြတယ်၊ စည်းရိုးရဲ့အတွင်းဘက်က ကိုယ့်ရဲ့ပိုင်နက်၊ အပြင်ဘက်က သူတစ်ပါးရဲ့ပိုင်နက်လို့ ခေါ်တယ်၊ ကိုယ့်ပိုင်နက်ထဲ ဝင်လာရင် ကိုယ်ကြိုက်သလို လုပ်ခွင့်ရှိသလို သူများပိုင်နက်ထဲ ရောက်သွားရင်လည်း သူများလုပ်တာကို ကိုယ်က ခံရတတ်တယ်"

မဟူရာမှာ မိခင်ပြောနေသောစကားများကို အနည်းငယ် သဘောပေါက်သလို ခံစားရသည်။

"အမေတို့ လောကမှာ စည်းဆိုတာ ပိုပြီးအရေးကြီးတယ်၊ ဘာကြောင့်လဲဆိုတော့ လောကမှာ ကိုယ်မမြင်နိုင်တဲ့ စည်းတွေက အများကြီး ရှိတယ်၊ ဂမ္ဘီရလောကသားတွေလို့ ပြောလို့ရတဲ့ နတ်တွေ၊ ဝိဇ္ဇာတွေ၊ ပရလောကသားတွေ ဝိညာဉ်တွေမှာ စည်းတွေအများကြီး ရှိတယ်၊ ပရလောကသားတွေမှာလည်း ကောင်းတာရှိသလို မကောင်းတာတွေလည်း အများကြီး ရှိတယ်၊ မကောင်းတဲ့ ဝိညာဉ်တွေက လူတွေကို ဒုက္ခပေးချင်နေမယ့်



www.burmeseclassic.com

www.burmeseclassic.com

စည်းမကျော်ရင် ဘာမှလုပ်မရဘူး၊ တကယ်လို့ စည်းကျော်ပြီး လုပ်ခဲ့ရင် ဒီထက်ဆိုးဝါးတဲ့ဘဝမျိုးတွေ တဆင့်နိမ့်တဲ့ဘဝမျိုးတွေ ရောက်သွားတတ်ကြတယ်"

"ဒါဖြင့် ကျွန်မတို့ တတ်ထားတဲ့ပညာတွေက ဘယ်လို အသုံးချရမှာလဲ"

"ကိုယ့်အပေါ် ဒုက္ခပေးတဲ့သူ၊ မျက်ရည်ပေါက်ကြီးငယ် ကျအောင် လုပ်တဲ့သူ၊ အရှက်တကွဲ အကျိုးနည်းဖြစ်အောင် လုပ်တဲ့လူ၊ ကိုယ့်ရဲ့စည်းကို ကျော်လာတဲ့လူတွေကို ကောင်း ကောင်းတုန့်ပြန်တဲ့နေရာမှာ အသုံးချရမှာပေါ့"

"ဒါပေမယ့် အခု တိုက်နီကြီးမှာ ရောက်နေတဲ့လူကြီးက သူ့ဖာသာသူ နေပြီး သူ့အလုပ်ကို သူလုပ်နေတာဆိုတော့ ကျွန်မတို့က သူ့ကို ဘာမှ လုပ်မရဘူးပေါ့နော်"

"အခုနေတော့ ဘာမှ လုပ်မရသေးပေမယ့် တစ်နေ့ကျ ရင်တော့ သူက တို့ရဲ့စည်းထဲကို မလွဲမသွေ ရောက်လာရမှာပါ"

"ဘာကြောင့်လဲ အမေ"

"သူ ဒီရွာကို ရောက်လာတဲ့ ရည်ရွယ်ချက်က တို့ရဲ့လျှို့ ဝှက်ပညာတွေကို သိချင်လို့ လာတယ်ဆိုတာ ငါသိတယ်၊ တစ် နေ့ကျရင် သူဟာ ဒါတွေကို လိုက်ရှာရင်းနဲ့ တို့ရဲ့စည်းထဲကို ရောက်လာပါလိမ့်မယ်အေ့"

ဟု ဆေးလိပ်ကို ဖွာရင်း အေးအေးဆေးဆေး ပြောနေ လေသည်။





"ဘယ်လိုရောက်လာမှာလဲ အမေ"

"သူတို့ နေတဲ့ တိုက်နီကြီးရဲ့မြေအောက်ခန်းထဲမှာ တို့ ပညာတွေရဲ့လျှို့ဝှက်ချက်အချို့ရှိတယ်မဟုတ်လား၊ ဒီအကြောင်း တွေကို သိတဲ့တစ်နေ့မှာ သူတို့ မြေအောက်အခန်းထဲကို ဆင်း ကြမှာပေါ့၊ အဲဒီအခါကျရင် ကိုယ့်ရဲ့စည်းကို ကျော်ပြီဆိုတော့ တို့ကြိုက်သလို လုပ်လို့ရပြီပေါ့အေ"

"ဒါပေမယ့် တိုက်ကြီးရဲ့မြေအောက်ခန်း ရှိတယ်ဆိုတာ ရော၊ မြေအောက်ခန်းထဲမှာ ကျွန်မတို့ရဲ့လျှို့ဝှက်ချက်တွေ ထား တယ်ဆိုတာရော အတွင်းလူတွေလောက်သာ သိတာဆိုတော့ သူတို့တွေ အလွယ်တကူနဲ့ သိနိုင်မယ်မထင်ပါဘူး"

မဟူရာထံမှ ထိုစကားကြားသောအခါ ဒေါ်မင်းရေးက သောက်လက်စ ဆေးလိပ်ကို အသာပြန်ချထားလိုက်ပြီး သမီး ဖြစ်သူကို ဒေါသမျက်လုံးများဖြင့် လှမ်းကြည့်လိုက်လေသည်။

အမှောင်ရိပ်ထဲမှာပင် အရောင်တလက်လက် တောက် နေသော ဒေါ်မင်းရေး၏မျက်လုံးအကြည့်ကို မြင်လိုက်ရသော အခါ မဟူရာပင် အနည်းငယ် လန့်သွားလေသည်။

"အခုလာတဲ့ လူစိမ်းဧည့်သည်က မသိနိုင်ပေမယ့် ဒီ အကြောင်းတွေကို သိတဲ့ ရွာခံတစ်ယောက်က သူတို့ဆီမှာ ရောက်နေတာ နင်မေ့နေရော့သလား၊ ဘိုးကွန်းဆိုတဲ့လူက နင့် အဘိုး ရှိစဉ်က အတူနေခဲ့တဲ့လူဆိုတော့ ဒီအကြောင်းတွေကို မသိပဲ ရှိပါ့မလားဟဲ့"


www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားသောအခါ မဟူရာဆိုသော မိန်းကလေး၏မျက်နှာပေါ်မှာ တင်းမာခက်ထန်မှုများ ပေါ်လာလေသည်။

"ဒီလိုဆိုရင် ဦးဘိုးကွန်းဟာ သစ္စာဖောက်တစ်ယောက်ပဲပေါ့"

"အခုလောလောဆယ်တော့ သူဟာ သစ္စာဖောက်စစ်စစ်တစ်ယောက် မဟုတ်သေးဘူး၊ ဒါကြောင့် အခြေအနေစောင့်ကြည့်နေပြီး ကိုယ့်စည်းကျော်လာတော့မှ ကျကျနနအပြစ်ပေးကြစာပေါ့"

ဟု သားအမိနှစ်ယောက်တို့မှာ ပြောဆိုတိုင်ပင်ကြလေသည်။

တစ်နေ့သောအခါ နမ္မားရွာမှာ နေထိုင်သော ထမန်းမျိုးနွယ်တစ်ယောက်မှာ တောထဲ၌ အမဲလိုက်ရင်းနှင့် တောဆင်ရိုင်းအုပ်စုများနှင့် တွေ့ကာ သေဆုံးသွားခဲ့လေသည်။

သူသည် အသွင်ပြောင်းထားစဉ် သေဆုံးသွားသောကြောင့် ပုံသဏ္ဍာန်မှာ တစ်မျိုးဖြစ်နေတော့သည်။

သို့ကြောင့်. . .

သူ့ကို သာမန်လူတို့ မြှုပ်နှံသော သင်္ချိုင်းတွင် မြှုပ်နှံ၍ မရတော့ပဲ ကျားနက်ဂိုဏ်းသားများသာ သီးသန့်မြှုပ်နှံလေ့ရှိသော ကျားနက်တောင် ဂူသင်္ချိုင်း၌ သွားရောက်မြှုပ်နှံရလေသည်။

ထိုသင်္ချိုင်းမှာ နမ္မားရွာ၏မြောက်ဘက် သုံးလေးမိုင်ခန့်





ဝေးသော ကျားနက်တောင် တစ်နေရာ၌ ရှိလေသည်။

ထိုနေရာတစ်ဝိုက်မှာ တောတောင်ထူထပ်လှပြီး လူသူအရောက်အပေါက်လည်း မရှိလှပေ။

အကယ်၍ ကျူးကျော်၍ သွားရောက်မိလျှင်လည်း ကျားကိုက်ခံရ၍ သေဆုံးရသည်က များသဖြင့် ဘယ်သူမှ မသွားဝံ့သောနေရာဖြစ်သည်။

ထိုကျားနက်တောင်၏တစ်နေရာတွင် လှို့ဝှက်စွာပြုလုပ်ထားသော ဂူကြီးတစ်ဂူ ရှိသည်။

ထိုဂူကြီးမှာ ရှေးနှစ်ပေါင်းများစွာကတည်းက ရှိနေပြီးနောင်သောအခါ ၎င်းတို့၏လှို့ဝှက်သင်္ချိုင်းဂူအဖြစ် အသုံးပြုရန်စီမံပြုပြင်ထားခြင်းဖြစ်ပေသည်။

ထိုဂူကြီးကို ရှင်မထီးလက်ထက်မှပင် စတင်အသုံးပြုခဲ့ကြပြီး ဂူထဲ၌ ဗျူဟရူပဗေဒ ပညာရပ်များ သိုဝှက်ထားသည်ဟုလည်း သတင်းရှိလေသည်။

ထိုသင်္ချိုင်းဂူကို ကျားနက်ဂိုဏ်းသားများက အလှည့်ကျစောင့်နေသောကြောင့် အခြားသူများ လုံးဝ ဝင်ခွင့်မရပေ။

အသုဘ ချသောနေရာကိုလည်း သက်ဆိုင်သူတို့သာ လိုက်ခွင့်ရှိပြီး မသက်ဆိုင်သူတို့ မလိုက်ရပေ။

ဆင်ထိုးခံရသဖြင့် သေဆုံးသွားသော အလောင်းကို သင်္ချိုင်းဂူသို့ ပို့သောနေ့တွင် လူအနည်းငယ်သာ လိုက်ပါခွင့်ရလေသည်။ ထိုအထဲတွင် မဟူရာဆိုသော မိန်းကလေးလည်း



www.burmeseclassic.com

www.burmeseclassic.com

ပါဝင်လေသည်။ သူမကတော့ မိခင်ဖြစ်သူ မလိုက်နိုင်သော ကြောင့် မိခင်ကိုယ်စား ကျားနက်ဂိုဏ်းခေါင်းဆောင် တစ် ယောက်အနေနှင့် လိုက်ပို့ခြင်းဖြစ်၏။

သူမက တစ်ကိုယ်လုံး အနက်ရောင်အဝတ်အစားများ ဝတ်ကာ အနက်ရောင် ပုဝါတစ်ထည်ကို ဦးခေါင်းပေါ်မှ ပတ်ခြုံ ထားသလို အခြားသူများကလည်း အနက်ရောင်ပုဝါများကို ဦးခေါင်းလုံအောင် ပတ်ခြုံထားကြလေသည်။

ထိုလိုက်ပို့သောလူများထဲမှာ ဦးဘိုးကွန်း ပါလာလေ သည်။ ဦးဘိုးကွန်းသည် နမ္မားရွာသားတစ်ဦး ဖြစ်သောကြောင့် ၎င်းတို့၏မလေ့ကို သိထားပြီဖြစ်ရာ ထိုသတင်းကို ကြားသည်နှင့် ဦးဘသိန်းဟန်နှင့် တိုင်ပင်ကာ လျှို့ဝှက်စွာ လိုက်ရန် စီစဉ်ပြီး ထိုကဲ့သို့ တိတ်တဆိတ် လိုက်လာခဲ့ခြင်းဖြစ်သည်။

၎င်းတို့ အသုဘ ချသောအချိန်မှာ ညနေစောင်း နေဝင် ရီတရောအချိန်ဖြစ်သည်။

အမှောင်ရိပ်သမ်းစ ပြုနေပြီဖြစ်သောကြောင့် လူလုံး မသဲမကွဲဖြစ်နေချေပြီ။

ထို့ပြင်. . .

လိုက်ပို့သည့်သူများသည် အဝတ်နက်များ ခြုံထားသော ကြောင့် တစ်ယောက်နှင့်တစ်ယောက် မသိနိုင်ကြပေ။

၎င်းတို့တွင် မီးတုတ်မီးတိုင်များလည်း အဆင်သင့် ပါ လာကြပြီး လူလေးယောက်က ဝါးကပ်စင်ကို ပြုလုပ်၍ အ





လောင်းကို တင်၍ ထမ်းကြပြီး ကျန်လူများက နောက်မှ လိုက်ကြ ရလေသည်။

ရွာမှ ထွက်လာစဉ်က သိပ်မမှောင်သေးသော်လည်း လမ်းတစ်ဝက်လောက် အရောက်မှာပင် တဖြည်းဖြည်း မှောင် လာပြီဖြစ်သောကြောင့် အသင့်ယူဆောင်လာသော မီးတိုင်များ ကို ထွန်း၍သွားကြလေသည်။

ဦးဘိုးကွန်းက လူကြားထဲမှာ လိုက်ရင်း ရှေ့မှ ထမ်းသွား သော စင်ပေါ်မှ အလောင်းကို မကြာခဏ လှမ်းကြည့်မိလေ သည်။

အဘယ်ကြောင့်ဆိုသော်. . .

ကျားနက်ဂိုဏ်းသားများ ရန်သူလက်ချက်ဖြင့် သေဆုံး သည့်အခါ ၎င်းတို့၏ဝိညာဉ်က ရန်သူကို လိုက်ရှာ၍ ကလဲ့စား ချေတတ်သည်ဟု ကြားဖူးထားရာ ယခု အသုဘ ပို့သောအဖွဲ့ထဲ မှာ မသက်ဆိုင်ပဲ လိုက်လာသော သူ့ကို သေဆုံးသူ၏ဝိညာဉ်က သိသွားပြီး ဘယ်လိုများ လုပ်လေမလဲဟု စိတ်မချသောကြောင့် အလောင်းရှိရာသို့ မကြာခဏ လှမ်းကြည့်နေမိခြင်းဖြစ်၏။

သူရှိသောနေရာနှင့် အလောင်းထမ်းသွားသောနေရာ မှာ အနည်းငယ် ဝေးနေသောကြောင့် သဲသဲကွဲကွဲတော့ မမြင်ရ ပေ။

တစ်ခါတစ်ရံ အောက်မှ ထမ်းသွားသူများက ဟန်ချက် ပျက်သွားပြီး ယိမ်းယိုင်သွားသောအခါ အပေါ်မှ အလောင်းက


www.burmeseclassic.com

www.burmeseclassic.com


လှုပ်သွားကာ ကျုံးထလာသယောင် ထင်မိလေ၏။

သူက အလောင်းနောက်မှ လိုက်လာသူမို့ ရှေ့စင်ပေါ်မှ အလောင်းက ကုန်းထလာလျှင် သူနှင့် မျက်နှာချင်းဆိုင် ဖြစ်ဖြစ်သွားသည်ဟု မြင်နေရသည်။

ထို့ထက်. . .

သူ့စိတ်ထဲမှာ သူလိုက်လာတာကို သိသဖြင့် အလောင်းကောင်က ထထကြည့်နေသည်ဟုလည်း စိတ်ထဲမှ ထင်နေမိသည်။

လမ်းခုလတ် ရောက်တော့မှ အသုဘ လိုက်ပို့သူများထဲမှာ မိန်းမသုံးလေးယောက် ပါလာသည်ကိုလည်း သတိပြုမိလေသည်။

အားလုံးကတော့ အဝတ်နက်များကို ခေါင်းမြီးခြုံထားကြသောကြောင့် တစ်ယောက်နှင့်တစ်ယောက် မျက်နှာကို မမြင်ကြရပေ။

တောင်ခြေတစ်ဝိုက်သို့ရောက်သောအခါ ကွေ့ကောက်သောလမ်းများမှ သွားကြရသည်။

မီးတုတ်များ တစ်တိုင် ဆီခမ်းသွားလျှင် နောက်တစ်တိုင်ကို မီးညှိပြီး သွားကြလေသည်။

တောင်ခြေသို့ ရောက်သောအခါ အမှောင်ရိပ်က ပတ်ဝန်းကျင်တစ်ဝိုက်သို့ ဖုံးလွှမ်းနေချေပြီ။

တောင်ကုန်း သုံးလေးကုန်းမျှ ကျော်လွန်သောအခါ



တောင်ကမ်းပါးယံတစ်နေရာမှာ ဆောက်ထားသော ဝါးတဲတစ်တဲရှိရာသို့ ရောက်သွားကြသည်။

တဲအရှေ့တွင် မီးဖိုကြီးတစ်ခု ဖိုထားပြီး ထိုမီးဖိုကြီးအနားတွင် ပုတီးစိပ်နေသော ဘုန်းကြီးတစ်ပါး ရှိလေသည်။

အသုဘပို့သောလူစုက ထမ်းလာသော အလောင်းကို ပုတီးစိပ်နေသော ဘုန်းကြီးနှင့် မလှမ်းမကမ်းမှာ ချလိုက်ကြသည်။

အသုဘ ပို့သောလူများကလည်း မြေပေါ်မှာ ထိုင်ကြလေသည်။ ထိုအခါ ဘုန်းကြီးက ပုတီးစိပ်နေရာမှ ထလာသည်။

ရှေ့ဆုံးမှ နေရာယူထားသော မဟူရာက. . .

"အသုဘ သင်္ဂြိုဟ်ဖို့ သရဏဂုံ တင်ပေးပါ ဘုရား"

ဟု လျှောက်ထားလေသည်။

"ဆင်ထိုးခံရတဲ့လူလား"

"မှန်ပါတယ် ဘုရား"

"ဘဝကံ မကောင်းခဲ့လို့ အသေဆိုးနဲ့ သေရရှာတယ်"

"မှန်ပါ့ဘုရား"

"ဒီဘဝမှာ ကိုယ့်ကံနိုင်လို့ သတ်ရင် နောက်ဘဝမှာ ကံကြွေးက ပြန်သတ်လေ့ရှိတယ်၊ ဘယ်သူမဆို သေရမှာပဲ၊ ဒါပေမယ့် ဝဋ်ကြွေးမပါဘဲ သေကြရင်တော့ အကောင်းဆုံးပေါ့၊ ကဲ. . ကဲ. . သရဏဂုံ တင်ကြရအောင်"

ဟု ပြောကာ သရဏဂုံ တင်ပေးလေသည်။


www.burmeseclassic.com

www.burmeseclassic.com



ပြီးသောအခါ ဘုန်းကြီးက သော့တစ်ချောင်းကို ယူလာပြီး မဟူရာလက်ကို ပေးလေသည်။

သော့ကို ရသောအခါ မဟူရာက ရှေ့မှ သွားပြီး ကျန်လူများက နောက်မှ လိုက်သွားကြသည်။ လူအများနှင့်အတူ ဦးဘိုးကွန်းလည်း ရောစ်လိုက်သွားလေသည်။

တောင်ကမ်းပါးယံသို့ ကွေ့ပြီး ရှေ့သို့ အတန်ကြာအောင် သွားမိသောအခါ တောင်နံယံကို ထွင်းဖောက်ထားသည့် တံခါးပေါက်ဝတစ်ခု ရှိရာသို့ ရောက်သွားကြသည်။

တံခါးဝသို့ ရောက်သောအခါ မဟူရာက ပိတ်ထားသော တံခါးသော့ကို ဘုန်းကြီးပေးလိုက်သော သော့ဖြင့် ဖွင့်ပြီး တံခါးဖွင့်ကာ အတွင်းသို့ ဝင်သွားလေသည်။ ဦးဘိုးကွန်းလည်း လိုက်သွားလေသည်။ တကယ်တော့ ဦးဘိုးကွန်းသည် နမ္မားနယ်သားတစ်ယောက်ဖြစ်သော်လည်း ၎င်းတို့၏လျှို့ဝှက်သချိုင်းကိုမူ ယခုပထမဦးဆုံးအကြိမ် ရောက်ဖူးခြင်းဖြစ်၏။

အတွင်းပိုင်း ရောက်သောအခါ ကျောက်စင်များပေါ်တွင် ခေါင်းများ အစီအရီ တင်ထားသည်ကို တွေ့ရပြီး ခေါင်းများပေါ်မှာ ဘာသာစကားတစ်မျိုးဖြင့် အမှတ်အသားများ ရေးခြစ်ထားလေသည်။

အချို့ခေါင်းများမှာ ဖုံအလိမ်းလိမ်း တက်နေပြီး အချို့ခေါင်းများမှာ ထုံးကျောက်များ တက်ကာ ခဲနေလေပြီ။

အရေအတွက် ဘယ်ရွေ့ဘယ်မျှ ရှိမှန်း မသိရသော်လည်း မီးရောင်ဖြင့် မြင်နေရသောနေရာမှာရော မမြင်ရသောအတွင်းပိုင်းမှာပါ အတော်များများ ရှိလေသည်။

အတွင်းပိုင်း ရောက်သောအခါ အစွန်ဘက်တွင် အဖုံးဖွင့်ထားသော ခေါင်းတလား ရှိနေသည်။

အလောင်းကို မ,ယူလာသော လူလေးယောက်တို့က ကိုနေရာသို့ ရောက်သောအခါ အလောင်းစင်ကို ချ၍ အလောင်းကို မ,၍ ခေါင်းထဲသို့ ထည့်လိုက်ကြသည်။

ထို့နောက်. . .

အသုဘပို့ လိုက်သော ဆွေမျိုးများက သေဆုံးသူနှင့် သက်ဆိုင်သော အသုံးအဆောင်ပစ္စည်းများကို ခေါင်းထဲသို့ ထည့်ပေးကြပြီးနောက် အဖုံးကို ပိတ်လိုက်ကြသည်။

ပြီးလျှင် ခေါင်းအဖုံးနှင့် ဘေးနေရာများ၌ သင်္ကေတအမှတ်အသားများကို ရေးခြစ်မှတ်သားကြလေသည်။

ကိစ္စပြီးသောအခါ အသုဘပို့ရန် လိုက်လာသူများက ၎င်းတို့နှင့် သက်ဆိုင်သူများ၏အလောင်းများကို ရှာဖွေ၍ ငိုကြွေးကြလေသည်။

ဦးဘိုးကွန်းလည်း သူနှင့် သက်ဆိုင်သည့် ဆွေမျိုးသားချင်း မရှိသောကြောင့် ရောက်တုန်းရောက်ခိုက် ဂူထဲအနှံ့ လိုက်လံကြည့်ရှုနေလေသည်။ ဦးဘိုးကွန်းသည် အခြားသူများနှင့် မရောပဲ တစ်ယောက်တည်း လိုက်လံကြည့်ရှုနေခြင်းဖြစ်သည်။

အကယ်၍ ဂူထဲ၌ အခြေအနေ ထူးခြားမှုများ တွေ့ရှိ





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဦးဘသိန်းဟန်ကို အကျိုးအကြောင်း ပြောပြီး နောက်တစ်ခေါက် လာကြည့်ကြရန် စိတ်ကူးရှိသဖြင့် နေရာအနှံ့ နှံ့စပ်အောင် လိုက်လံကြည့်ရှုနေလေရာ အခြားသူများ တစ်ယောက်ပြီးတစ်ယောက် ဂူအပြင်သို့ ပြန်ထွက်သွားကြသည်ကို သတိမပြုမိလိုက်ပေ။

အချိန်အတော်ကြာမှ သတိရ၍ကြည့်လိုက်တော့ သူ့ ပတ်ဝန်းကျင်မှာ တစ်ယောက်မှ မရှိတော့ပေ။

"ဟင်. ."

ထိုအခါမှ ကပျာကယာ ဂူပေါက်ဝဘက် ပြန်ထွက်လာတော့ ဂူပေါက်ဝက ပြန်ပိတ်သွားလေပြီ။

ထိုအခါမှ ဦးဘိုးကွန်းမှာ များစွာထိတ်လန့်တုန်လှုပ်သွားလေသည်။ အလင်းရောင် မရှိသော ဂူကြီးတစ်ဂူထဲမှာ အသက်မရှိသော အလောင်းများနှင့် အချိန်ဘယ်လောက်ကြာအောင် နေရမည် မသိသော အတွေးများက စိတ်ကို တုန်လှုပ်သွားစေသည်။

သူသည် ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ဂူပေါက်ဝဖက်သို့ သွားကာ ထွက်ပေါက်ကို တွေ့လိုတွေ့ငြား လိုက်လံရှာဖွေသော်လည်း အစအနမျှပင် မတွေ့ရပေ။

ထိုအခိုက်မှာပင် အတွင်းပိုင်းဘက်မှ စကားပြောသံလိုလို အသံများ ကြားရသဖြင့် အနည်းငယ် အားရှိသွားသည်။

နောက်ထပ် အပြင်သို့ ထွက်ရန် လူကျန်ပါက သူတို့နှင့်





အတူ ပြန်ထွက်ရန် စိတ်ကူးလိုက်မိသည်။

သို့သော်လည်း အသံသာ ကြားနေရပြီး လူရိပ်လူခြည်တော့ မတွေ့ရသေးပေ။

အတန်ကြာသောအခါ ဂူအတွင်းဘက်မှ အသံသြသြကြီးနှင့် စကားပြောသံကြီးကို ကြားရပြန်လေသည်။

"နင်က သူ့စည်းကိုယ့်စည်း မစောင့်စည်းပဲ တို့ရဲ့စည်းထဲ ကျော်ဝင်လာတာကိုး၊ ဒီတော့ နင့်ထိုက်နဲ့နင့်ကံ ခံပေတော့"

ဟု ကြားလိုက်ရလေသည်။

ဦးဘိုးကွန်းက အသံကြားရာသို့ လိုက်ကြည့်ပြန်တော့လည်း အမှောင်ရိပ်များမှလွဲ၍ အခြားဘာမှ မတွေ့ရပေ။

ခဏကြာတော့ ဂူအတွင်းပိုင်းဘက်မှ ခြေသံလိုလို ကြားရသဖြင့် အလန့်တကြား လှမ်းကြည့်လိုက်သောအခါ ဟင်္သာပဒါးခဲကဲ့သို့ ရဲရဲနီနေသော မျက်လုံးနှစ်လုံးတို့ကို အရင်လှမ်းမြင်ရလေသည်။

"ဟင်. ."

သူမြင်ရသော မျက်လုံးအစုံက လူတစ်ယောက်၏ မျက်လုံးမျိုး မဟုတ်ဘဲ သတ္တဝါတစ်ကောင်ကောင်၏မျက်လုံးဖြစ်မှန်း သိလိုက်ရသောအခါ ပို၍တုန်လှုပ်သွားလေသည်။

"ဝေါင်း"

ကျယ်လောင်သော ကျားဟိန်းသံကြီးက တိတ်ဆိတ်နေသော ဂူအတွင်း၌ ဟိန်းထွက်သွားပြီးနောက် အမှောင်ရိပ်ထဲမှ



www.burmeseclassic.com

www.burmeseclassic.com

ကြီးမားသော ကျားကြီးတစ်ကောင် လှွားကနဲ ခုန်ထွက်လာလေသည်။

ပြေးပေါက်မရှိသော ဦးဘိုးကွန်း၏ကံကြမ္မာကား. . .။







## အခန်း( ၁၀ )

# ကျော်စွာနှင့် မဟူရာ

ကျော်စွာနှင့် ကိုဘဇံတို့နှစ်ယောက်ကို ပင်လယ်အရေးပိုင်ရုံးမှ ဂျစ်ကားဖြင့် နမ္မားရွာခြေနားထိအောင် လိုက်ပို့ပေးကြသည်။ ဂျစ်ကားက သူတို့ကို ရွာအပြင်ဘက်မှာတင် ချပေးခဲ့ပြီး ဆက်မောင်းသွားလေတော့သည်။

ကျော်စွာသည် ဆေးကျောင်းစာမေးပွဲ ဖြေဆိုပြီးသည်နှင့် ဖခင်ကြီး ရှိရာ နမ္မားသို့ လိုက်လာခဲ့ခြင်းဖြစ်ပေသည်။

ရန်ကုန်က ထွက်လာစဉ်က တစ်ယောက်တည်း ဖြစ်သော်လည်း ပင်လယ်ဘူး ရောက်သောအခါမှ မိတ်ဆွေတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ဒ..ကူအညီပေးသဖြင့် နယ်မြေခံလည်းဖြစ် သစ်တော အလုပ်သမားလည်း ဖြစ်သော ကိုဘဇံကို သင့်တော်သော အခ ကြေးငွေ ပေးကာ အဖော်ခေါ်လာခြင်းဖြစ်သည်။

ကျော်စွာထံမှ လိုင်စင်နှင့် ကိုင်သော အမဲပစ် ပြောင်း ရှည်သေနတ်တစ်လက် ပါပြီး ကိုဘဇံဆီမှာတော့ ခရီးဆောင် လွယ်အိတ်တစ်လုံးက လွယ်ထားလေသည်။

သူတို့ နမ္မားရွာကို ရောက်တော့ ညနေစောင်းအချိန် ဖြစ်သည်။ မူးမြစ်ကမ်းပေါ်မှာ မေးတင်လျက်ရှိနေသော နမ္မားရွာ ကြီးမှာ ရှေးဟောင်းရွာကြီးတစ်ရွာ ဖြစ်သည်နှင့်အညီ ရှေးလက် ရာဖြင့် ဆောက်ထားသော အိမ်တော်တော်များများ ရှိနေလေ သည်။ ကျော်စွာတို့နှစ်ယောက်သည် ရွာအဝင်လမ်းအတိုင်း လျှောက်လာကြသည်။

"ဖေဖေ နေတဲ့နေရာက ရှေးက ဆောက်ထားတဲ့ တိုက် ဟောင်းကြီးတစ်လုံးလို့တော့ စာထဲမှာ ပါတာပဲ၊ ဘယ်နေရာမှာ ရှိမလဲ မသိဘူး ကိုဘဇံ"

"ရွာက ဒီလောက်ကြီးလှတာမှ မဟုတ်တာ၊ တစ် ယောက်ယောက်ကို မေးကြည့်ရင် သိနိုင်မှာပါ ဆရာရဲ့၊ ဟိုးရှေ့ က ရေတွင်းမှာ ရေငင်နေကြတဲ့ မိန်းကလေးတစ်စုကို မေးကြည့် ပါလား"

"လာဗျာ. . . သွားကြစို့"

သူတို့နှစ်ယောက် ရောက်သွားသောအခါ ရေငင်နေ





သော မိန်းမပျိုတစ်စုမှာ ကြိုးပြတ်ပြီး ပုံးက ရေတွင်းထဲ ကျသွား သဖြင့် ဆူဆူညံညံ ဖြစ်နေလေသည်။

ကျော်စွာတို့ အနီးရောက်သွားတော့ မီးကို ရေနှင့် ဖြန်း လိုက်သလို ဖြစ်သွားပြီး သူတို့နှစ်ယောက်ကို ဝိုင်းကြည့်နေကြ လေသည်။

ကျော်စွာမှာ ပညာတတ် မြို့ကြီးသားဖြစ်သည်က တစ် ကြောင်း၊ ယောကျ်ားပီသသော ရုပ်ရည်ရှိသည်က တစ်ကြောင်း ကြောင့် မိန်းကလေးများက ကိုဘဇံထက် ကျော်စွာကို ကြည့်ကြ လေသည်။

ခဏကြာတော့ လူအုပ်ထဲမှ မျက်လုံးမျက်ခုံးကောင်း ကောင်း၊ နှာတံပေါ်ပေါ်နှင့် မိန်းမပျိုတစ်ဦးက ရှေ့သို့ ထွက်လာ သည်။

"ရပ်ဝေးက လာကြတဲ့ ဧည့်သည်တွေ ထင်ပါရဲ့" ဟု မေးလေသည်။

"ဟုတ်ပါတယ်. . . ကျွန်တော်တို့ ရန်ကုန်က လာကြ တာပါ"

"အို. . . အဝေးကြီးက လာတာပဲ၊ ဒါထက် ဒီရွာမှာ ဘယ်သူ့ဆီကိုများ သွားမှာလဲရှင့်"

"ဒါ နမ္မား ဟုတ်ပါသလားခင်ဗျာ"

"ဟုတ်ပါတယ်. . . ဒါ နမ္မားရွာပါပဲ"

"ဒီရွာမှာ ရန်ကုန်က လာပြီး သုတေသနကိစ္စ လုပ်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com

လူကြီးတစ်ယောက် ရှိပါသလား၊ ကျွန်တော်က အဲဒီကို သွားမှာပါ"

မိန်းကလေးက ကျော်စွာမျက်နှာကို တအံ့တဩနှင့် ကြည့်လေသည်။ ပြီးလျှင် ကျော်စွာ လွယ်ထားသော သေနတ်ကိုလည်း တစ်ချက်ကြည့်သည်။

"ရှင်က သေနတ်ကြီးနဲ့ဆိုတော့ အစိုးရဘက်က လူတစ်ယောက်လားဟင်"

"မဟုတ်ပါဘူး.. ကျွန်တော်က ဆရာဝန်တစ်ယောက်ပါ၊ ဒီကို ရောက်တုန်းရောက်ခိုက် အမဲပစ်ချင်လို့ သေနတ်ယူလာတာပါ"

ဟု ပြန်ပြောလေရာ မိန်းကလေးက သွားတက်ကလေးများ ပေါ်သည်အထိ ပြုံးလိုက်လေသည်။

"လူနာတွေရဲ့အသက်ကို ကယ်တင်ပေးတဲ့ ဆရာဝန်တစ်ယောက်က တိရစ္ဆာန်တွေရဲ့အသက်ကို သတ်တဲ့အလုပ်လည်း လုပ်တာပဲနော်"

"ဝါသနာပါလို့ပါ.. ဒါထက် ကျွန်တော်မေးတဲ့လူကြီး ဒီရွာမှာ ရှိတယ်မဟုတ်လားဟင်"

"ရှိပါတယ်ရှင်.. ရွာလမ်းအတိုင်း သွားလို့ မြောက်ဖျားဘက် ရောက်ရင် တောင်ကုန်းတစ်ခုပေါ်မှာ တိုက်နီကြီး တစ်လုံးတွေ့ရပါလိမ့်မယ်၊ သူတို့ အဲဒီမှာ ရှိကြပါတယ်"

"ကျေးဇူးပါပဲဗျာ.. ဒါထက် စောစောက ဘာဖြစ်နေ





ကြတာလဲ၊ ကျွန်တော် အကူအညီပေးနိုင်ရင် ပေးပါရစေ"

"ကျွန်မတို့ရေပုံး ရေတွင်းထဲ ကျသွားလို့ပါ"

"ဒီလိုဆိုရင် ကျွန်တော်ဆယ်ပေးပါရစေ"

"တို့ဧည့်သည်ကို ဒုက္ခပေးသလို ဖြစ်နေပြီ.. အားနာစရာရှင်"

"ရပါတယ်.. ကျွန်တော်တို့အတွက် အပန်းမကြီးလှပါဘူး"

ကျော်စွာက ကိုဘဇံကို မလှမ်းမကမ်းရှိ ဝါးရုံတောမှ ဝါးတက်တစ်ခုကို ခုတ်ယူခိုင်းပြီး ကြိုးဖြင့် တပ်ကာ ချိတ်ဆွဲသောအခါ ရေပုံးပြန်ပါလာလေသည်။

"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မက ဒီရွာက ရွာလူကြီးရဲ့သမီးပါ၊ 'မဟူရာ' လို့ ခေါ်ပါတယ်၊ ကျွန်မတို့အိမ်က ရွာလည်ပိုင်းမှာ ရှိပါတယ်၊ အချိန်မရွေး လာလည်နိုင်ပါတယ်"

ဟု ပြောဆိုနှုတ်ဆက်ကာ ရေအိုးကိုယ်စီ ရွက်ကာ ရွာထဲသို့ ပြန်သွားကြလေတော့သည်။

ကျော်စွာတို့လည်း ရွာလမ်းအတိုင်း ဆက်လျှောက်လာခဲ့ကြရာ ညဦးပိုင်းအချိန်လောက်တွင် တိုက်နီကြီး ရှိရာသို့ ရောက်သွားကြလေသည်။

ကပ္ပိယကြီး ဦးလွန်းအုံက မီးအိမ်ကြီး ဆွဲကာ ထွက်လာပြီး အကျိုးအကြောင်း မေးကာ တံခါးဖွင့်ပေးလေသည်။


www.burmeseclassic.com

www.burmeseclassic.com

ကျော်စွာကို မြင်သောအခါ ဦးဘသိန်းဟန်မှာ များစွာ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ အားတက်သွားဟန်လည်း ရှိလေသည်။

"ငါ့သား ရောက်လာတာ အတော်ပဲကွာ"

"ဖေဖေ နေကောင်းရဲ့လား"

"အေး. . . ကောင်းပါတယ်"

"အလုပ်တွေရော အဆင်ပြေရဲ့လား"

"ပြေတန်သလောက်တော့ ပြေတယ်ဆိုပါစို့. . . ဒါပေမယ့်"

ဦးဘသိန်းဟန်က ခရီးရောက်မဆိုက် ထိုအကြောင်းကို ပြောရမှာ ဝန်လေးနေဟန်ရှိသည်။

"ဒါပေမယ့် ဘာဖြစ်သလဲ ဖေဖေ၊ ဘယ်လို အခက်အခဲတွေ တွေ့နေရလို့လဲ"

"ဦးဘိုးကွန်းတစ်ယောက်တော့ ဆုံးသွားရှာပြီကွယ်"

ဦးဘသိန်းဟန်က လွန်စွာစိတ်မကောင်းသောလေသံဖြင့် ပြောလိုက်သောအခါမှ အခန်းထောင့်တွင် တရှုံ့ရှုံ့ ငိုနေသော မြလေးခင်ကို သတိပြုမိလေသည်။

"တကယ်တော့ ဦးဘိုးကွန်း သေရတာ ဖေဖေ့အတွက်ကြောင့်ဆိုရင်တောင် မမှားဘူး၊ သူ့ခမျာ နမ္မားကို ကြောက်လို့ ရန်ကုန်ကိုတောင် ပြေးလာပြီးမှ ဖေဖေ့ကို စိတ်မချလို့ တကျော့ပြန်လိုက်လာလို့ အခုလို အဖြစ်ဆိုးမျိုးနဲ့ ကြုံရတာပါကွယ်"





"ဦးဘိုးကွန်းကို ဘယ်သူတွေ သတ်သွားတာလဲ ဖေဖေ"

"မသိပါဘူးကွယ်. . . သူပြန်မလာလို့ ရွာသားတွေကို အကူအညီတောင်းပြီး လိုက်ရှာကြတော့ ကျားနက်တောင်တောင်ချောက်ထဲမှာ လည်ပင်းမှာ ကျားကိုက်ဒဏ်ရာတွေနဲ့ သေနေတာကို တွေ့ရတာပါပဲ"

ကျော်စွာလည်း ခရီးရောက်မဆိုက်ဆိုသလို ထိုသတင်းကို ကြားရသဖြင့် များစွာစိတ်မကောင်းဖြစ်မိလေသည်။

ထို့ထက်. . .

ကျန်ခဲ့သော မြလေးခင်အတွက် ပို၍စိတ်မကောင်းဖြစ်မိလေသည်။ ဦးဘိုးကွန်းသည် သူသေရမည့်အကြောင်းများကြိုတင်သိသောကြောင့် မြေးဖြစ်သူကို သူတို့ထံ လာရောက်အပ်နှံလေသလားဟုလည်း တွေးတောမိလေသည်။

နောက်တစ်နေ့မနက် ရောက်သောအခါ မြလေးခင်နှင့်တွေ့ပြီး နှစ်သိမ့်အားပေးမှု ပြုရလေသည်။

"ဦးကြီးရဲ့သတင်း ကြားရတာ အစ်ကိုလည်း စိတ်မကောင်းပါဘူးကွယ်၊ မြလေး ဘာမှ အားငယ်စရာ မလိုဘူး၊ ဦးကြီးမရှိတော့ပေမယ့် မင်းကို တစ်သက်လုံး စောင့်ရှောက်ပေးပါမယ်"

ထိုစကား ကြားရသည့်တိုင် မြလေးခင်မှာ ငိုနေဆဲပင်ရှိသေး၏။

"မြလေးကို အစ်ကို တစ်ခုတော့ မေးချင်တယ်"


www.burmeseclassic.com

www.burmeseclassic.com



"မေးပါ အစ်ကို"

"တခြားတော့ မဟုတ်ပါဘူး၊ ဦးကြီးသေတာ သူ့ဖာသာ တောတက်သွားရင်း သေတာလား၊ ဒါမှမဟုတ် သူများသတ်လို့ သေတာလားဟင်"

ထိုစကားကြားသောအခါ မြလေးခင်က အငိုမျက်လုံး ဖြင့် မော့ကြည့်လေသည်။

"ဒီအကြောင်းတွေကို မသိချင်ပါနဲ့တော့ အစ်ကိုရယ်၊ အန္တရာယ်များလှပါတယ်"

"ဘယ်လို အန္တရာယ်များတာလဲ မြလေး၊ ကိုယ့်ကို သေ သေချာချာ ပြောပြစမ်းပါ"

ဟု အတင်းအကျပ် မေးတော့မှ မြလေးခင်က ပြောပြ လေသည်။

"တကယ်တော့ အဘ သေတာ ရိုးရိုးကျားကိုက်ခံရလို့ သေတာ မဟုတ်ပါဘူး၊ ကျားနက်ဂိုဏ်းသားတွေရဲ့ကလဲ့စားချေ တာကို ခံလိုက်ရတာပါ"

"ဟင်. . "

"ဟုတ်ပါတယ်. . . အဘက သူတို့ရဲ့လျှို့ဝှက်ချက်တွေ အတော်များများကို သိထားတယ်၊ ဘဘကြီး ဒီရွာကို ရောက်လာ တော့ သူသိသမျှတွေကို ပြောပြပြီး အကူအညီပေးခဲ့တယ်၊ ဒါကို ကျားနက်ဂိုဏ်းသားတွေက မကျေနပ်ကြဘူး၊ အဘကို သစ္စာ ဖောက်တစ်ယောက်ဆိုပြီး နည်းအမျိုးမျိုးနဲ့ သတ်ဖို့ကြိုးစားကြ





တယ်၊ ဒါကြောင့် သူ တစ်ခုခုဖြစ်သွားရင် ကျွန်မ ဒုက္ခရောက်မှာ စိုးလို့ အစ်ကိုတို့ဆီကို လာအပ်ခဲ့တာပါ။ အခုတော့. . ."

မြလေးခင်က ပြောရင်းနှင့် မျက်ရည်များ စီးကျလာကာ ငိုပြန်လေသည်။

"ဖြစ်ပြီးခဲ့တဲ့ကိစ္စတွေလည်း ပြီးခဲ့ပြီဆိုတော့ ကိုယ့်စိတ်ကို ကြိုးစားပြီးသာ ဖြေပါတော့ကွယ်၊ ဦးကြီး အခုလို ဖြစ်ရတာ အစ်ကိုတို့မှာလည်း တာဝန်မကင်းပါဘူး၊ တကယ်လို့ ဦးကြီး အသတ်ခံရတယ်ဆိုတာသာ မှန်ရင် ဘယ်သူသတ်တာလဲဟင်"

"ကျားနက်ဂိုဏ်းသားတွေ သတ်တာပေါ့ အစ်ကို"

"ကျားနက်ဂိုဏ်းသားတွေ ဆိုတော့ သူတို့ရဲ့ခေါင်း ဆောင်က ဘယ်သူလဲဟင်"

ကျော်စွာက ဒေါသသံဖြင့် လေသံခပ်ကျယ်ကျယ်ဖြင့် မေးလိုက်သောအခါ မြလေးခင်မှာ ကြောက်ရွံ့တုန်လှုပ်သွားလေ သည်။

"အစ်ကို. . . တိုးတိုးပြောပါ အစ်ကိုရယ်၊ ဒီအကြောင်း တွေကို သူတို့သိသွားရင် အစ်ကို့အတွက် အန္တရာယ်တွေ ရောက် လာလိမ့်မယ်"

"ဒါတွေ ဘာမှကြောက်နေစရာ မလိုပါဘူး မြလေးရယ်၊ သူတို့ သတ်ချင်တိုင်းသတ်၊ လုပ်ချင်တိုင်း လုပ်လို့ရအောင် မင်းမဲ့ တိုင်းပြည်လည်း မဟုတ်ပါဘူး၊ ကဲ. . . မြလေးသိရင် ပြောပြပါ ဦး၊ သူတို့တွေရဲ့ ခေါင်းဆောင်က ဘယ်သူလဲ"



www.burmeseclassic.com

ဟု လေသံကို နှိမ့်မေးလိုက်သည်။

ထိုအခါ မြလေးခင်က လေသံတိုးတိုးဖြင့် . . .

"ဒီနယ်တဝိုက်မှာတော့ ကျားနက်ဂိုဏ်းသားတွေရဲ့ ခေါင်းဆောင်က ဒီရွာက ရွာလူကြီးကတော် ဒေါ်မင်းရေးဆိုတဲ့ မိန်းမကြီးပါပဲ၊ ဒါပေမယ့် သူက အသက်ကြီးလာလို့ ဒီလောက် မလုပ်နိုင်တော့ဘူး၊ အခု ဒီကိစ္စတွေကို သူ့သမီးကပဲ ဆက်လုပ်နေတယ်"

"သူ့သမီးက ဘယ်သူလဲ"

"မဟူရာဆိုတဲ့ မိန်းကလေးပဲ"

"ဟင် . . မဟူရာ ဟုတ်လား"

ကျော်စွာစိတ်ထဲမှာ မနေ့က ရွာအဝင်နားက ရေတွင်းမှာ တွေ့ခဲ့ရသော မျက်လုံးမျက်ခုံးကောင်းကောင်းနှင့် မိန်းကလေးကို ချက်ချင်းသတိရလိုက်မိသည်။

"အစ်ကိုက သူ့ကို သိလို့လား"

"ဟင့်အင်း . . မသိပါဘူး၊ နာမည်က အထူးအဆန်းဖြစ်နေလို့ပါ၊ တကယ်လို့ ဦးကြီးကို သတ်တဲ့တရားခံဟာ သူတို့သာ အမှန်ဖြစ်ရင်တော့ ပင်လယ်ဘူးဂါတ်တဲကို အကြောင်းကြားပြီး ချက်ချင်း အရေးယူပစ်လိုက်ရမယ်"

"သူတို့တတွေကို အဲသည်လို လုပ်လို့မရဘူး အစ်ကို၊ သူတို့က လူတစ်ယောက်ကို သတ်တော့မယ်ဆိုရင် လျှို့ဝှက်ပညာတွေ အသုံးပြုပြီးမှ သတ်ဖြတ်လေ့ရှိကြတယ်၊ ဘယ်လိုမှ





အရေးယူလို့ မရနိုင်ဘူး"

"အို . . ဒီအတိုင်းတော့ ဘယ်နေပါ့မလဲ၊ လူတွေကို လိုက်သတ်နေတဲ့ တိရစ္ဆာန်ကျတော့လည်း တရားဥပဒေအရ အရေးယူလို့ မရရင် သေနတ်နဲ့ အသေပစ်သတ်ရုံ ရှိတော့မပေါ့"

ဟု ပြောဆိုနေစဉ် ပြတင်းပေါက်တံခါးနားမှာ လူရိပ်လိုလို မြင်လိုက်ရသဖြင့် ကျော်စွာက ကပျာကယာ ထ၍ သွားကြည့်သောအခါ ပြတင်းပေါက်အနီးတွင် ဘယ်သူမှ မတွေ့ရတော့ပေ။

"အစ်ကို . . ဘာဖြစ်လို့လဲ"

"စောစောက ဒီနားမှာ လူရိပ်လိုလို တွေ့လိုက်ရတယ်"

ဟု ပြောကာ စိတ်မကျေနပ်သောကြောင့် အိမ်ပေါက်ဝတံခါးကို ဖွင့်၍ အပြင်သို့ ထွက်ကြည့်တော့ ပြတင်းပေါက်နားမှာ ဘယ်သူမှ မရှိပေ။

မကျေမနပ်နှင့် ပတ်ဝန်းကျင်သို့ ကြည့်နေစဉ် တိုက်ကြီး၏အနောက်ဘက်မှ ကပ္ပိယကြီး ဦးလွန်းအုံ ထွက်လာလေသည်။

သူသည် တုတ်တစ်ချောင်းကို ထောက်၍ ထော့နဲ့ထော့နဲ့ဖြင့် တဖြည်းဖြည်း လျှောက်လာရာ အနားသို့ ရောက်လာသည်။

"ဘာရှာနေတာလဲ ဆရာလေး"

အသံသြသြကြီးဖြင့် မေးလိုက်သည်။

"စောစောက ဒီနားမှာ လူရိပ်တွေ့လိုက်ရလို့ ထွက်



www.burmeseclassic.com

www.burmeseclassic.com

ကြည့်တာ၊ ခင်ဗျားဖြတ်သွားတာလား"

"ကျုပ်က တိုက်နောက်ဘက်က အခုမှ ထွက်လာတာပါ၊ ဒီခြံဝန်းထဲကိုတော့ ဘယ်သူမှ လာဝံ့မယ် မထင်ပါဘူး၊ ဆရာလေး မျက်စိမှားလို့ ဖြစ်ပါလိမ့်မယ်"

ဟု ပြောကာ ထော့ကျိုးထော့ကျိုးနှင့် အရှေ့ဘက်သို့ ထွက်သွားလေသည်။

ထိုအချိန်မှာ မြလေးခင်က အနားသို့ ရောက်လာသဖြင့်

"သူက ဘယ်သူလဲ"

ဟု မေးလိုက်သည်။

"သူ့နာမည်က ကပ္ပိယကြီး ဦးလွန်းအုံလို့ ခေါ်တယ်၊ သူက ဒီတိုက်ကြီးမှာ တစ်သက်လုံး နေလာတဲ့သူပေါ့၊ ဘာဖြစ်လို့လဲ အစ်ကို"

"ကိုယ်တော့ ဒီလူကြီးကို သိပ်ပြီးမသင်္ကာချင်ဘူး"

"သူက ဒုက္ခိတကြီးတစ်ယောက်ပါ အစ်ကိုရယ်၊ သူ့ကိုယ်ကိုတောင် အနိုင်နိုင်ဆိုတော့ ဘာမှလုပ်နိုင်မှာ မဟုတ်ပါဘူး"

မြလေးခင် ပြောလို့သာ နားထောင်နေလိုက်ရသည်။ ကျော်စွာစိတ်ထဲမှာတော့ ဒီတိုက်ကြီးနှင့် ပတ်သက်၍ လျှို့ဝှက်ချက် တစ်ခုခု ရှိနေပြီဟု သိလိုက်ရလေသည်။





အခန်း(၁၁)

# ကပ္ပိယ ဦးလွန်းအုံနှင့် လျှို့ဝှက်ချက်

တိုက်နီကြီး၏အတွင်းဘက်ရှိ အခန်းအတော်များများမှာ ဦးဘသိန်းဟန်၏စာအုပ်စာတမ်းများနှင့် သုတေသနပြုရာတွင် အသုံးပြုသော အသုံးအဆောင်ပစ္စည်းများဖြင့် ပြည့်နေလေသည်။

အပေါ်ဆင့်များတွင် ကျောက်စာချပ်များ၊ သစ်သားချပ်အချို့ကို တင်ထားပြီး ရှေးဟောင်းဘီဒိုကြီးများထဲမှာတော့ ပေစာများ၊ ပုရပိုဒ်များ၊ မှတ်တမ်းများ၊ စာအုပ်စာတမ်းများကို သူ့နေရာနှင့်သူ စနစ်တကျ ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အ ရှိုပုရပိုဒ်များ၊ ပေစာများမှာ ရွှေချထားလေသည်၊ ရွှေပြား၊ ငွေပြား၊ ကြေးပြားဖြင့် ပြုလုပ်ထားသော ပု ပိုဒ်များကိုတော့ သီးသန့်ဘီဒိုကြီးတစ်လုံးဖြင့် ထည့်ထားလေ သည်။

ထို့ပြင် . . .

တစ်ခုသောအခန်းထဲ၌ လူအရိုးများ ကျားအရိုးမျာ ရှိနေလေသည်။

အခန်းထောင့်တစ်နေရာမှာ ရှိသည့် လူအရိုးများ၊ ကျာ အရိုးစုနှင့် ဦးခေါင်းမှာ လူဦးခေါင်းရိုးမျိုး မဟုတ်ဘဲ ကျားတစ် ကောင်၏ဦးခေါင်းသဏ္ဌာန် ခပ်မျောမျော ရှိနေလေသည်။

လူ၏ဦးခေါင်းရိုးမှာ ခပ်လုံးလုံး ပုံသဏ္ဌာန်ဖြစ်သေ လည်း ထိုအရိုးစု၏ဦးခေါင်းမှာ ခပ်ရှည်ရှည် ရှိကာ မေးရိုးနှ ပါးစပ်မှာလည်း ကြီးမားရှည်လျားလှပေသည်။

ပါးစပ်ထဲမှာလည်း လူသွားများနှင့် မတူသော သွားမျာ ပါရှိပြီး ရှည်လျားသော အစွယ်လေးချောင်း ပါလေသည်။

ကျော်စွာက လူတစ်ပိုင်း၊ တိရစ္ဆာန်တစ်ပိုင်း ဖြစ်နေသေ အရိုးစုကြီးကို ကြည့်ကာ တအံ့တသြ ကြည့်ရှုနေလေသည်။

ထိုအချိန်မှာပင် အနောက်ဘက်မှ ဦးဘသိန်းပ ရောက်လာလေသည်။

"ဘယ်လိုလဲ သား၊ မင်းဒီအရုပ်ကြီးကို ကြည့်ပြီး တော်ကလေး စိတ်ဝင်စားနေပြီလား"





"ဟုတ်တယ် ဖေဖေ၊ ဒီအရိုးစုက ဘယ်လိုသတ္တဝါမျိုးလဲ၊ ကိုယ်ခန္ဓာက လူအရိုးစု ကိုယ်ခန္ဓာနဲ့ ဦးခေါင်းက တိရစ္ဆာန်တစ် ကောင်ရဲ့ဦးခေါင်းမျိုးနဲ့၊ အတော်ထူးဆန်းပါလား"

"တိရစ္ဆာန်တစ်ကောင်ရဲ့ဦးခေါင်းမျိုးဆိုတာထက် ကျား တစ်ကောင်ရဲ့ဦးခေါင်းမျိုးနဲ့ မတူပေဘူးလား"

"တူတယ် ဖေဖေ"

"ဒီအရိုးစုကို တောထဲ အမဲလိုက်သွားတဲ့လူတွေက တွေ့ လို့ သယ်ယူလာကြတာ၊ ဒီရောက်တော့ ဖေဖေက သူတို့ဆီက ကြဲကဲ ဆံပေးပြီး ဝယ်ယူထားလိုက်တာ၊ အမှန်တော့ ဒါဟာ အကြောင်းတစ်ခုခုကြောင့် သေသွားတဲ့ ကျားနက်ဂိုဏ်းသား တစ်ယောက်ပဲ"

ထိုစကားကြောင့် ခေတ်ပညာတတ် တစ်ယောက်ဖြစ် သော ကျော်စွာမှာ တအံ့တသြဖြစ်သွားလေသည်။

"ဒီအဖြစ်မျိုးတွေက တကယ်ရော ရှိနေတာပဲလား ဖေဖေ"

"ရှိတာပေါ့ကွယ် . . . လူကနေကျား၊ လူကနေ ခြင်္သေ့ အဖြစ် ပြောင်းနိုင်တဲ့ အောက်လမ်းပညာ (Black Magic)တွေက ကမ္ဘာအနှံ့မှာ ရှိနေတာပဲ၊ အာဖရိကတိုက် တရန်စပော်နယ်ရဲ့ တောနက်ထဲမှာ နေတဲ့ လူရိုင်းအုပ်စုတွေကို ခေါင်းဆောင်တဲ့ လူတွေမှာ လူကနေ ခြင်္သေ့အဖြစ် ပြောင်းနိုင်တဲ့ အောက်လမ်း အတတ်ပညာတွေ ရှိကြတယ်၊ တို့မြန်မာနိုင်ငံ အထက်ပိုင်းဒေသ



www.burmeseclassic.com

www.burmeseclassic.com



တွေမှာ နေတဲ့ တောင်ပေါ်နာဂတွေလည်း လူကနေ ကျ
အသွင်ပြောင်းနိုင်တဲ့ အောက်လမ်းပညာတွေကို တတ်ကြတ
တောထဲမှာ သားကောင်တွေကို လိုက်ဖမ်းတဲ့အခါ ကျားစိ
ကျားမာန်သွင်းပြီး လိုက်ဖမ်းလေ့ရှိကြတယ်"

"စိတ်ကို ပြောင်းလို့ရတာတော့ ဟုတ်ပါပြီ ဖေဖေ
လူရုပ်ကနေ ကျားရဲ့ပုံသဏ္ဍာန်မျိုးက ပြောင်းလို့ရနိုင်ပါ့မလ
ဖေဖေ"

"လူတစ်ယောက်မှာ စိတ်က အရေးကြီးဆုံးပဲ၊ လူ
ပုံပန်းသဏ္ဍာန်ကို စိတ်ကြောင့် ပြောင်းလဲစေနိုင်တယ်၊ တော
မှာ အမြဲနေပြီး သူဟာ ကျားရဲ့မျိုးနွယ်လို့ ထင်နေတာရယ်၊
ကိုယ်သူ ကျားတစ်ကောင်လို့ စိတ်က ထင်တာ များနေ
ပုံသဏ္ဍာန်ဟာလည်း တဖြည်းဖြည်း ပြောင်းသွားမှာပဲ၊ လူ
မျောက်ဝံတွေကြားထဲမှာ နှစ်ပေါင်းများစွာ နေလာရတဲ့ လူ
ယောက်ဟာ လူနဲ့ မတူဘဲ မျောက်နဲ့ သွားတူသလိုပေါ့"

"အတော်ထူးဆန်းတာပဲ"

"အာဖရိကတိုက်ရဲ့တောနက်ထဲမှာ ဝံပုလွေတွေ
အတူတကွ နေနိုင်တဲ့ လူရိုင်းအချို့ ရှိတယ်၊ သူတို့ရဲ့မျက်နှာ
ဟာ လူနဲ့ သိပ်မတူတော့ဘဲ ဝံပုလွေမျက်နှာမျိုးတွေ ဖြစ်နေ
တစ်ကိုယ်လုံးမှာလည်း အမွေးအမျှင်တွေ ဖုံးနေကြတယ်၊ သူ
ရဲ့အသံတွေကလည်း လူစကားသံနဲ့ မတူဘဲ ဝံပုလွေအူသံတွေ
တူနေပြီး ပြေးတဲ့နေရာမှာလည်း လူလို မတ်တတ်မပြေး





ဝံပုလွေတွေလို လေးဘက်ထောက်ပြီး ပြေးလေ့ရှိကြတယ်"

"ဘာကြောင့် ဒီလိုဖြစ်ရတာလဲ ဖေဖေ"

"လူဖြစ်ဖြစ် တိရစ္ဆာန်ပဲဖြစ်ဖြစ် ပတ်ဝန်းကျင်ကြောင့်
ဇီဇစိတ်နဲ့ ပုံပန်းသဏ္ဍာန်ပါ ပြောင်းသွားတယ်ဆိုတဲ့သဘောပါပဲ၊
အဓိက,ကတော့ စိတ်ပေါ့၊ စိတ်ရဲ့စွမ်းအား ကောင်းလာရင် လူရဲ့
ပုံပန်းသဏ္ဍာန်ပါ ပြောင်းသွားလေ့ရှိတယ်"

ဦးဘသိန်းဟန်က ထိုသို့ရှင်းပြရင်း ဘီဒိုထဲမှ ပုရပိုဒ်တစ်
ထပ်ကို ယူ၍ ကျော်စွာလက်ထဲသို့ ထည့်ပေးလိုက်သည်။

"အဲဒီပုရပိုဒ်ထဲမှာ ပါတဲ့ မှတ်တမ်းတွေကို ဖတ်ကြည့်ပါ
ဦး"

ဟု ပြောသဖြင့် ကျော်စွာ ကုလားထိုင်တစ်လုံးပေါ်မှာ
ဝင်ထိုင်ရင်း ဦးဘသိန်းဟန် ပေးသော ပုရပိုဒ်များကို ဖတ်ကြည့်
လေသည်။

"နမ္မားတွင် ရှေးအခါက ရှင်မထီးဆိုသော ဆရာကြီး
တစ်ဦးရှိခဲ့ပြီး ၎င်း၏လက်ထက်တွင် 'ဗျူဂ္ဂရူပဗေဒ' ပညာ များစွာ
ထွန်းကားခဲ့လေသည်။

ဗျူဂ္ဂရူပဗေဒပညာမှာ လူမှ ကျားအသွင်ပြောင်းနိုင်သော
ပညာဖြစ်သည်။

အချို့ကလည်း 'ရုပ်ပြောင်းနာမ်ခွာ' ပညာဟု ခေါ်ဝေါ်
သမုတ်ကြလေသည်။

ရှေးက လူမှကျားအသွင် ပြောင်းလဲတော့မည်ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



ရွာစောင့်နတ်၊ တောစောင့်နတ်တို့ထံတွင် ခွင့်တောင်းပြီး ခွင့်ပြုချက်ရမှ ပြောင်းလဲခွင့် ရှိလေသည်။

အာဖရိကတိုက် ထရန်စဗော်နယ် အူဝိဇိုဟု ခေါ်သောရွာတစ်ရွာ၌ ခြင်္သေ့တစ်ပိုင်း လူတစ်ပိုင်း အရိုးစုတစ်ခုကို မကြာသေးမီကမှ ရှာဖွေတွေ့ခဲ့ကြရလေသည်။

နမ္မားနယ်မှာလည်း အင်္ဂလိပ်မျက်နှာဖြူများ ဗမာပြည်ကို သိမ်းပိုက်စဉ် အစပိုင်းကာလတွင် ထိုကဲ့သို့အဖြစ်မျိုးနှင့် ကြုံခဲ့ကြရလေသည်။

ထိုအကြောင်းကို သိလိုသော အင်္ဂလိပ်အရာရှိတို့မှာ ကျားနှင့် ပုံပန်းသဏ္ဌာန်တူသော သတ္တဝါများ တိုက်ခိုက်ခြင်းခံရသဖြင့် အတော်များများ သေဆုံးသွားခဲ့ကြလေသည်။

ထို့အတူ အင်္ဂလိပ်စစ်သားများ၏ သေနတ်ဒဏ်ရာကြောင့် အဆိုပါ သတ္တဝါအတော်များများလည်း သေဆုံးသွားခဲ့ကြလေသည်။

၎င်းတို့သည် ရန်သူများနှင့် တိုက်ခိုက်ရာတွင် တစ်ကိုယ်လုံး အဝတ်နက် ခြုံထားသည့် အမျိုးသမီးတစ်ယောက်က ဦးဆောင်တိုက်ခိုက်သည်ဟု အဆိုရှိလေသည်။

၎င်းလူများမှာ ရန်သူလက်ချက်ကြောင့် ၎င်းတို့ထဲမှ တစ်ယောက်ယောက် သေဆုံးသွားပါက ထိုအလောင်းကို မရရတဲ့နည်းဖြင့် ပြန်ယူသွားတတ်ကြလေသည်။

သို့တိုင်အောင် တောနက်ထဲ၌ ရန်သူများလက်ချက်





ကြောင့် ၎င်းတို့၏အလောင်း အတော်များများ ကျန်ရစ်ခဲ့ကြလေသည်။

ထို့ပြင် . . .

နမ္မားရွာ၏မြောက်ဘက်ဆုံး လေးမိုင်ဝေးသောနေရာ၌ တောတောင် ထူထပ်သောနေရာ၏အလယ်တွင် ကျားနက်တောင်ဟူသော တောင်တစ်လုံးရှိသည်။

ထိုတောင်မှာ ကျောက်တောင်ဖြစ်ပြီး အတွင်း၌ လျှို့ဝှက်စွာ ထွင်းဖောက်ထားသော ကျောက်ဂူတစ်လုံး ရှိရာ ထိုဂူမှာ ရှေးက ကျားနက်ဂိုဏ်းသားတို့၏အလောင်းများကို မြှုပ်နှံရာ လျှို့ဝှက်သင်္ချိုင်းဂူဖြစ်လေသည်။

ထိုဂူကြီးအတွင်း၌ ၎င်းမျိုးနွယ်တို့၏ 'ဗျဂ္ဃရူပ' ဟု ခေါ်သော လူမှ ကျားအသွင်ပြောင်းလဲခြင်း အတတ်ပညာများကို အစဉ်အဆက် လျှို့ဝှက်သိမ်းဆည်းထားလေသည်။

သို့သော်လည်း ထိုဂူကြီးအတွင်း၌ မမြင်ရသောအစောင့်များရှိနေသည့်အပြင် အစောင့်ဘုန်းကြီးများလည်း ရှိသောကြောင့် အခြားမသက်ဆိုင်သူများ ဝင်ခွင့်မရနိုင်ပေ။

"ဒီမှတ်တမ်းထဲမှာ ပါတဲ့အတိုင်းဆိုရင် ၎င်းတို့တွေဟာ အသွင်ပြောင်းထားပြီးမှ သေဆုံးသွားရင် မူလပြောင်းထားတဲ့ရုပ်အတိုင်း ကျန်ခဲ့တာ နေမှာပေါ့၊ ဟုတ်လား ဖေဖေ"

"ဒီအချက်ကတော့ သေချာတယ်၊ အာဖရိကမှာ ခြင်္သေ့တစ်ပိုင်း၊ လူတစ်ပိုင်း အရိုးစုတွေ တွေ့နေရတာ သက်သေကပဲ၊



www.burmeseclassic.com

www.burmeseclassic.com



နဂါးတွေဟာ လူအသွင် ဖန်ဆင်းပြီး လူနဲ့ နေနိုင်ပေမယ့် အိပ်ပျော်နေတဲ့အချိန်နဲ့ သေသွားတဲ့အချိန်တွေမှာ မူလကမ္ဘဇရုပ်ပြန်ပေါ်လေ့ ရှိသလိုမျိုး နေမှာပေါ့"

"ဖေဖေ ပြောပုံအရဆိုရင် ကျားနဲ့ သဏ္ဌာန်တူတဲ့လူအသွင်ပြောင်းထားတဲ့အချိန်မှာ အသတ်ခံလိုက်ရရင် မူလရုပ်အတိုင်း ကျန်ခဲ့တာ ဖြစ်မှာပေါ့နော်"

"ဒါပေါ့ကွာ. . . ဖေဖေ ရှာဖွေနေတာလည်း အဲဒီအချက်တွေပဲ၊ အခုဆိုရင် ဒီမှာ အရိုးစုမှတ်တမ်းတွေ ရပြီးပြီ၊ တကယ်လို့ သူတို့ရဲ့လျှို့ဝှက်မှတ်တမ်း တစ်ခုခုကိုသာ ရလိုက်ရင်တော့ ဖေဖေ လိုချင်တာတွေအားလုံး ပြည့်စုံပြီ၊ ဒီအကြောင်းတွေကိုသာ စာအုပ်ရေးပြီး ထုတ်လိုက်ရင်တော့ မြန်မာပြည်သာ မကဘူး၊ ကမ္ဘာမှာပါ ကျော်ကြားသွားစေရမယ်၊ အင်္ဂလိပ် အရေးပိုင်တွေကလည်း တကယ်လို့ ဖေဖေ လေ့လာနေတဲ့အချက်အလက်တွေ ပြည့်စုံလို့ စာအုပ်အဖြစ် ရေးသားပြီးရင် စာမူခငွေ ထိုက်ထိုက်တန်တန် ပေးပြီး ဝယ်မယ်လို့ ကမ်းလှမ်းထားတယ်၊ ဒါကြောင့် ဒီမှာလာပြီး သုတေသန ပြုလုပ်နေတဲ့ကိစ္စကို လိုလေသေး မရှိအောင် အကူအညီ ပေးခဲ့ကြတာပေါ့"

"ဟန်ကျတာပေါ့ ဖေဖေရယ်၊ ဖေဖေက စာတစ်အုပ်သာ ရေးပေမယ့် မြန်မာပြည်သာ မကဘူး၊ ကမ္ဘာကျော်တဲ့ စာရေးဆရာဖြစ်လာတော့မှာပေါ့၊ ဒါပေမယ့် နောက်ထပ် ဖေဖေလိုချင်တဲ့အချက်တွေက လွယ်လွယ်နဲ့ ရနိုင်ပါ့မလား"





"ဒါကတော့ လွယ်လွယ်နဲ့တော့ ဘယ်ရနိုင်ပါ့မလဲ၊ ဒီလိုပဲ ကြိုးစားယူရမှာပေါ့၊ ဒါပေမယ့် ခါတိုင်းထက်တော့ ရဖို့ ပိုပြီးနီးစပ်နေတယ်လို့ ဆိုရမယ်"

"ဘယ်လို နီးစပ်တာလဲ ဖေဖေရဲ့"

"ဖေဖေလိုချင်တဲ့ အချက်အလက်တွေ ဘယ်နေရာမှာ ရှိတယ်ဆိုတာကို သိတဲ့အဆင့် ရောက်နေပြီ၊ အခါအခွင့် သင့်တာနဲ့ ယူဖို့အဆင့်ပဲ ကျန်တော့တယ်"

"ကျွန်တော်သိရသလောက် ကျားနက်ဂိုဏ်းသားတွေက သူတို့ရဲ့လျှို့ဝှက်ချက်တွေကို အခြားလူတွေ မသိစေချင်ကြဘူး မဟုတ်လား၊ လွယ်လွယ်နဲ့တော့ ရမယ်မထင်ဘူး၊ အန္တရာယ်လည်း များပုံပေါ်တယ်၊ ကျွန်တော့်သဘောကတော့ ကျွန်တော်တို့မှာ အဖေတစ်ခု သားတစ်ခု ရှိတဲ့ဘဝမှာ ဖေဖေ့ကို ဒီလောက်အန္တရာယ်များတဲ့အလုပ်မျိုးတွေကို မလုပ်စေချင်ဘူး၊ ဖေဖေလည်း အသက်အရွယ်ကြီးပြီဆိုတော့ ရန်ကုန်ကိုပဲ ပြန်ပြီး အေးအေးဆေးဆေး နေစေချင်တယ်"

ထိုစကားကြားသောအခါ ဦးဘသိန်းဟန်က သဘောကျစွာ ရယ်လိုက်လေသည်။

"နေပါဦး သားရယ်၊ ဆင်ပြောင်ကြီး အမြီးကျမှတစ်ဆိုသလို အနှစ်နှစ်အလလက ကြိုးစားလာခဲ့တာ၊ အခု လက်တစ်ကမ်း ရောက်နေတော့မှတော့ နောက်ကြောင်းပြန်မလှည့်ပါရစေနဲ့၊ ကျားနက်ဂိုဏ်းသားတွေရဲ့မှတ်တမ်းတွေကို ရအောင်ရှာပါရ



www.burmeseclassic.com

www.burmeseclassic.com



စေဦး"

"ဟိုးတောထဲတောင်ထဲမှာ ရှိတဲ့ ကျားနက်တောင် ဂူသင်္ချိုင်းအထိ သွားရှာရမှာ မဟုတ်လား"

"အဲဒီမှာ သွားရှာရမှာက နောက်ဆုံးပါ၊ မင်းမပြန်ခင် ဗဟုသုတ ရအောင် ဖေဖေတို့ ဆင်းကြည့်ရမယ့် တစ်နေရာ ရှိသေးတယ်"

"ဘယ်နေရာလဲ ဖေဖေ"

"တခြားဝေးဝေးလံလံတော့ မဟုတ်ပါဘူး၊ ဒီတိုက်ကြီးရဲ့မြေအောက်အခန်းထဲကိုပါပဲ"

"ဟင်. . ဒီတိုက်ကြီးရဲ့အောက်မှာ မြေတိုက်ခန်းရှိတယ် ဟုတ်လား ဖေဖေ၊ အဲဒီအထဲမှာ ဘာတွေ ရှိသလဲဟင်"

"အဲဒီအထဲမှာ ခေါင်းဆောင်တွေရဲ့ရုပ်ထုတွေနဲ့ မှတ်တမ်းတွေ ရှိတယ်လို့ သိထားပြီးပြီ၊ အဲဒါ ငါ့သားမပြန်ခင် အတွင်းကို တစ်ခေါက်လောက် ဆင်းကြည့်ဖို့ စိတ်ကူးထားတယ်"

ဟု ပြောဆိုနေစဉ် ပြတင်းတံခါးပေါက်နားမှ လူရိပ်လိုလို မြင်ရသဖြင့် ဖခင်ဖြစ်သူကို မျက်ရိပ်ပြလိုက်သည်။

သူတို့ စကားသံ တိတ်သွားပြီး အခြေအနေ အကဲခတ်နေမှန်း သိသောအခါ ပြတင်းပေါက်ဘောင်အကွယ်၌ ရပ်နေဟန်ရှိသောလူမှာ တရွေ့ရွေ့နှင့် ပြန်ထွက်သွားလေတော့သည်။

သားအဖနှစ်ယောက် ပြတင်းပေါက်အနီးသို့ ရောက်သောအခါ ခြေထောက်တစ်ဖက် ထော့နဲ့ထော့နဲ့နှင့် ထွက်သွား





သော ကပ္ပိယကြီး ဦးလွန်းအုံ၏ကျောပြင်ကို မသဲမကွဲ လှမ်းမြင်လိုက်ရသည်။

"ဒီလူကြီးက ဖေဖေခိုင်းထားတဲ့ ကပ္ပိယကြီး မဟုတ်လား၊ သူ့ကြည့်ရတာ ကျွန်တော်တို့ စကားပြောရင် လာပြီး ချောင်းချောင်းနားထောင်နေသလိုပဲ"

"မဟုတ်ပါဘူး သားရယ်၊ သူက ဒီမှာနေတာ ကြာပါပြီ၊ ဒီလိုစိတ်ထားမျိုး ရှိမယ်မထင်ပါဘူး"

ဟု ဦးဘသိန်းဟန်က ပေါ့ပေါ့တန်တန် ပြောလိုက်သော်လည်း ကျော်စွာစိတ်ထဲမှာတော့ ကျေနပ်မှု မရှိလှပေ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၂)

# မမောင်ပိုဆန်သော မိန်းကလေး

တစ်နေ့သည် နံနက်ပိုင်းအချိန်တွင် ကျော်စွာတို့ နေသော တိုက်နီကြီးသို့ ရွာသားနှစ်ယောက် ရောက်လာလေသည်။

"ဘာကိစ္စရှိလို့လဲကွယ်"

"ကျုပ်တို့ကို ရွာလူကြီးက လွှတ်လိုက်တာပါ။ ဒီမှာ မြို့က ဆရာဝန်တစ်ယောက် ရောက်နေတယ်လို့ အခေါ်ခိုင်းလိုက်လို့ လာခေါ်တာပါ"

"ဟင်. ."

ထိုစကားကြောင့် ဦးဘသိန်းဟန်မှာ များစွာအံ့သြသွား

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

လေသည်။ သားဖြစ်သူ ကျော်စွာ ရောက်လာသည်မှာ မကြာလှ သေး၊ ဆရာဝန်တစ်ယောက် ဖြစ်သည်ကို ဘယ်သူ့ကိုမှလည်း မပြောရသေးဘဲ ရွာလူကြီးက ဘယ်လိုများ သိနေပါလိမ့်ဟု တအံ့တသြ တွေးနေမိသည်။

ကျော်စွာထွက်လာပြီး အကျိုးအကြောင်း မေးသော အခါ. . .

"ရွာလူကြီးက ဆရာဝန် အပင့်ခိုင်းလို့ လာခေါ်တာပါ"

ဟု ပြောသဖြင့် ကျော်စွာ ခရီးဆောင်အိတ်ထဲမှာ အသင့်ပါလာသောနားကြပ်၊ ဆေးထိုးအပ်၊ ဆေးများကို သေတ္တာ ငယ်တစ်လုံးထဲမှာ ထည့်၍ ကိုဘဇံနှင့်အတူ လိုက်သွားလေ သည်။

ဦးဘသိန်းဟန်ကတော့ သားဖြစ်သူကို စိတ်ပူနေဟန် ရှိလေသည်။ ရွာလူကြီးအိမ်မှာ ရွာလယ်ဘက်လောက်တွင် ရှိပြီး ကျွန်းသစ်များကို ရေနံချေး ဝအောင် သုတ်ပြီး ဆောက်ထား သော ရှေးဟောင်း နှစ်ဆောင်ပြိုင်အိမ်ကြီးတစ်လုံးဖြစ်သည်။

သူတို့ရောက်သွားတော့ ရွာလူကြီး ဦးဇမှိုင်းရော၊ ဇနီး ဖြစ်သူ ဒေါ်မင်းရေးတို့ကို တွေ့ရသည်။

ရွာသားများကတော့ သူတို့ဘာသာစကားဖြင့် အကျိုး အကြောင်း ပြောပြသောအခါ ဦးဇမှိုင်းက အိမ်အပေါ်ဆင့်သို့ ခေါ်သွားလေသည်။

အိမ်ပေါ်သို့ ရောက်သောအခါ ကွမ်း၊ ဆေးလက်ဖက်





တစရှိသည်တို့နှင့် ကျွေးမွေးဧည့်ခံသော်လည်း ကျော်စွာက ဘာ တစ်ခုမှ စားသောက်ခြင်း မပြုပေ။

"လူနာ ဘယ်မှာလဲ"

"လူနာက အိပ်ခန်းထဲမှာ ရှိပါတယ် ဆရာလေး"

"အပြင်ဘက်ကို ခေါ်ခဲ့လို့ ရမလား၊ အခြေအနေ အတော်စိုးရိမ်ရသလား"

"မနေ့တစ်နေ့ကမှ ကောက်ခါငင်ကာ ဖြစ်လာတာပါပဲ ဆရာလေး၊ တစ်ဆိတ်လောက် အတွင်းခန်းကို ဝင်ကြည့်ပေးပါ"

ဟု တောင်းပန်သဖြင့် ၎င်းတို့ အိမ်သူအိမ်သားများနှင့် အတူ အတွင်းဘက်အခန်းသို့ ဝင်ကြည့်ရလေသည်။

အတွင်းဘက်တွင် ခေါင်းရင်းဘက် ပြတင်းပေါက်တံခါး ဖွင့်ထားသောကြောင့် အတန်အသင့် အလင်းရောင် ရနေသည်။

အတွင်းဘက် နံရံဘေးရှိ အိပ်ယာပေါ်မှာ မိန်းကလေး တစ်ယောက် ရှိနေသည်။

ဖျင်ကြမ်းစောင်တစ်ထည်ကို ရင်ဘတ်လောက်အထိ ခြုံ ထားပြီး အိပ်ပျော်နေဟန်ရှိသည်။

လူနာမိန်းကလေး၏မျက်နှာကို မြင်တော့ ကျော်စွာစိတ် ထဲမှာ အနည်းငယ် အံ့သြသွားလေသည်။

ထိုမိန်းကလေးမှာ အခြားမဟုတ်ပေ။

သူ နမ္မားရွာသို့ ရောက်စက ရေတွင်း၌ တွေ့ခဲ့သော မဟူရာ ဆိုသည့် မိန်းကလေးပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မဟူရာကို မြင်တော့ ကျော်စွာစိတ်ထဲမှာ အနည်းငယ် လှုပ်ရှားသွားလေသည်။

အဘယ်ကြောင့်ဆိုသော်. . .

မဟူရာမှာ ကျားနက်ဂိုဏ်း၏နောက်ဆုံးခေါင်းဆောင် တစ်ယောက်ဖြစ်မှန်းကို သိထားသောကြောင့် ဖြစ်သည်။

"အင်း. . . ဒီမိန်းကလေးဟာ ဟိုတလောက ရေတွင်းမှာ တွေ့ခဲ့ရတဲ့ မိန်းကလေးပဲ၊ ဖေဖေ့ဆီက မှတ်တမ်းတွေထဲမှာ ပါတဲ့အတိုင်းဆိုရင် သူက ကျားနက်ဂိုဏ်းရဲ့ခေါင်းဆောင်ဖြစ်လာမယ့်သူတစ်ယောက်ပဲ၊

ဟို ပြောင်းဖူးဖက် ဆေးပေ့ါလိပ်ကြီး ဖွာနေတဲ့ အရုပ်ဆိုးဆိုးနဲ့ မိန်းမကြီးက သူ့အမေ ဒေါ်မင်းရေးဆိုတာ ဖြစ်ရမယ်၊ ဒီလိုဆိုရင် သူတို့က သူတို့စိတ်နဲ့ မတွေ့ရင် လူတွေကို သတ်ပစ်လေ့ရှိတဲ့ လူတွေပဲပေ့ါ၊

ဦးဘိုးကွန်းကို သတ်ပစ်လိုက်တာလည်း သူတို့တတွေ လက်ချက်ပဲ ဖြစ်ရမယ်၊

ငါ ဘယ်လိုလုပ်ရမလဲ၊

အို. . . ငါက ဆရာဝန်တစ်ယောက်ပဲ၊ ရန်သူရယ် မိတ်ဆွေရယ် ခွဲခြားနေလို့ ဘယ်ဖြစ်ပါ့မလဲ၊

မကျန်းမာတဲ့လူ တွေ့ရင် ရန်သူပဲဖြစ်ဖြစ်၊ မိတ်ဆွေပဲဖြစ်ဖြစ် ပျောက်ကင်းအောင် ကုသပေးရမှာ ဆရာဝန်တစ်ယောက်ရဲ့တာဝန်ပဲ"





ဟု တွေးကာ စိတ်ကို တင်းလိုက်လေသည်။

"လူမမာက သူလား"

"ဟုတ်ပါတယ် ဆရာလေး"

"ကျွန်တော် သူ့ကို စမ်းသပ်ကြည့်မယ်"

"ဆရာလေး သဘောကျသလို ကုသပေးပါ၊ လူနာကို ဆရာလေးရဲ့လက်ကို အပ်ပါတယ်"

ဟု ပြောသဖြင့် ကျော်စွာက မိန်းကလေး၏အခြေအနေကို စမ်းသပ်ကြည့်လေသည်။

မဟူရာဆိုသော မိန်းကလေးမှာ အိပ်ပျော်နေဟန်ရှိသည်။ အသေအချာ စမ်းသပ်ကြည့်သောအခါ အဖျားဝင်ပြီး အပူတက်နေမှန်း သိရသောအခါ အပူကျစေရန် ဆေးတစ်လုံးထိုးပေးလိုက်ပြီး အိပ်ပျော်နေရာမှ နိုးလာလျှင် သောက်ရန်အတွက် ဆေးပြားအချို့ကို ပေးထားခဲ့ပြီး အပြင်သို့ ပြန်ထွက်လာခဲ့သည်။

"သိပ်လည်း စိတ်ပူစရာ မရှိပါဘူး၊ နေ့လည်လောက်ဆိုရင် အပူကျပြီး နေကောင်းသွားမှာပါ၊ ကျွန်တော်ပေးခဲ့တဲ့ဆေးကိုသာ တိုက်ပေးပါ"

"ကျေးဇူးတင်ပါတယ် ဆရာလေးရယ်၊ နေမကောင်းဖြစ်စကတည်းက အိမ်မှာ ရှိတဲ့ဆေးတွေနဲ့ စုံအောင်တိုက်ပြီး ကုတာပဲ. . . မရဘူး၊ ရွာထဲက ဆေးဆရာတွေ ခေါ်ပြန်တော့လည်း သက်သာအောင် ကုမပေးနိုင်ကြဘူး၊ ဒါကြောင့် အခု



www.burmeseclassic.com

www.burmeseclassic.com



သမီးကိုယ်တိုင်က ဆရာ့ကို သွားခေါ်ပေးပါလို့ ပြောတာ
အခေါ်လွှတ်လိုက်ရတာပါ"

ဦးဇာမှိုင်းစကား ကြားသောအခါ ကျော်စွာစိတ်ထဲမှ
ထပ်မံအံ့သြမှု ဖြစ်ရပြန်သည်။

သူပြန်ခါနီးတော့ ဦးဇာမှိုင်းက ဆန်တစ်ပြည်နှင့် ငွေ
တစ်မတ်ထည့်ထားသောအိတ်တစ်လုံးကို ကျော်စွာအား ပေး
သည်။

"ဒါက ဘာအတွက်လဲ"

"လူနာကို အပ်နှံတဲ့နေ့မှာ ဆေးဆရာကို ခြေကြွခ ပေး
လေ့ရှိပါတယ်၊ ဒါကြောင့် ပေးရတာပါ၊ ရောဂါပျောက်ကင်းသွား
ရင် ဆရာလေးကို ထိုက်ထိုက်တန်တန် ကန်တော့ပါဦးမယ်"

ဟု ရှင်းပြလေသည်။

"ရပါတယ် ဦးကြီးရယ်၊ ကျွန်တော့်အတွက်က ဒါတွေ
မလိုပါဘူး၊ ဒီမိန်းကလေးရဲ့ရောဂါ ပျောက်ကင်းတဲ့အထိ ကျွန်
တော် ကုသပေးပါမယ်"

"ကျေးဇူးတင်ပါတယ် ဆရာလေး၊ ကျုပ်တို့ရဲ့ဓလေ့ထုံး
အရ ဒါလေးတော့ လက်ခံယူသွားပါ"

ဟု ဇွတ်အတင်းပေးနေသောကြောင့် လူနာရှင် စိတ်
ကောင်း မဖြစ်စေရန် ဆန်ထုပ်ကလေးကို ယူ၍ မိမိတို့ နေသော
တိုက်နီကြီးသို့ ပြန်ခဲ့လေသည်။

အိမ်သို့ ပြန်ရောက်သောအခါ ဦးဘသိန်းဟန်က ။





ကျိုးအကြောင်း မေးသဖြင့် ပြန်ပြောလိုက်တော့ အံ့သြနေလေ
သည်။

"အမှန်ဆိုရင် သူတို့က တို့ရဲ့ရန်သူတွေဆိုရင် မမှားဘူး၊
ဒေါ်မင်းရေးက အခုလောလောဆယ်မှာ ကျွန်းနက်ဂိုဏ်းရဲ့
ခေါင်းဆောင်ပဲ၊ သူက တို့ကို ရန်သူတွေလို့ သတ်မှတ်ထားဟန်
ရှိတယ်၊ အခုလို လာခေါ်ပြီး ဆေးကုခိုင်းတာကတော့ အံ့သြစရာ
ပဲဟေ့"

"ဒါကတော့ ဖေဖေရယ်၊ ရောဂါတစ်ခုခုဖြစ်လာရင်
ရန်သူရယ် မိတ်ဆွေရယ် ခွဲခြားနေလို့ ဘယ်ဖြစ်ပါ့မလဲ၊ တကယ်
တော့ သူတို့က ကျွန်တော်တို့အပေါ်မှာ ရန်သူလို့ သတ်မှတ်တယ်
ဆိုတာ ဟုတ်ချင်မှ ဟုတ်မှာပါ"

"ရန်သူလို့ မသတ်မှတ်ဘဲ မိတ်ဆွေလို ဆက်ဆံတော့
လည်း ပိုကောင်းတာပေါ့ သားရယ်"

ဟု ပြောလေသည်။

ဦးဇာမှိုင်းတို့ ပေးလိုက်သော အထုပ်ကလေးကို ဖြေ
ကြည့်လိုက်သောအခါ ဆန်တစ်ပြည်နှင့်အတူ အဝတ်စကလေး
ဖြင့် ထုပ်ထားသော ပိုက်ဆံအကြွေတစ်မတ်ကို တွေ့ရလေသည်။

ထိုအထုပ်ကလေးကို အမှတ်တမဲ့ပင် စင်ပေါ် တင်ထား
လိုက်လေသည်။

ညနေစောင်းအချိန်ရောက်တော့ ရွာသားနှစ်ယောက်
က လာခေါ်ပြန်သဖြင့် ကျော်စွာမှာ ဆေးပစ္စည်းများကို ယူ၍



www.burmeseclassic.com

www.burmeseclassic.com



ကိုဘဖဲကိုပါ အဖော်ခေါ်၍ လိုက်ပါသွားလေသည်။

ရွာလူကြီး၏နေအိမ်မှာ ရေနံဆီမီးအိမ် နှစ်လုံးသုံးလုံး ထွန်းထားသောကြောင့် အလင်းရောင်များက ကောင်းစွာရ လျက်ရှိသည်။

အိမ်ပေါ် ရောက်တော့ ရွာလူကြီးနှင့် သူကြီးကတော်တို့ သာ တွေ့ရပြီး အခြားလူများ မရှိတော့ပေ။

"ဆရာလေး ရောက်လာပြီလား၊ သမီးတော့ အခန်းထဲ မှာ ရှိပါတယ်၊ ဆရာလေးပဲ ဝင်ကြည့်ပါတော့"

ဟု ခွင့်ပေးသဖြင့် ကိုဘဖဲကို အပြင်မှာ ထားခဲ့ပြီး ကျော် စွာ တစ်ယောက်တည်း အခန်းအတွင်းသို့ ဝင်လာလေသည်။

အခန်းထဲမှာလည်း ရေနံဆီမှန်အိမ်တစ်လုံး ထွန်းထား သောကြောင့် အလင်းရောင် ကောင်းစွာရနေလေသည်။

မဟူရာကတော့ ဖျဉ်ကြမ်းစောင်တစ်ထည်ကို တဝက်ခြုံ ထားကာ အိပ်ပျော်နေဟန်ရှိသည်။

ကျော်စွာက အနီးမှာ ဝင်ထိုင်သည့်တိုင် အိပ်ပျော်နေဆဲ ပင် ရှိသေး၏။ နံရံမှာ ချိတ်ထားသော မီးအိမ်မှ မီးရောင်ဖြင့် မဟူရာ မျက်နှာလေးကို မြင်နေရရာ ကျော်စွာက မသိမသာ ငေးကြည့်နေမိသည်။ မဟူရာမှာ မျက်လုံး၊ မျက်ခုံးကောင်း ကောင်း၊ နှာတံပေါ်ပေါ်နှင့် ချောမောလှပသည့် မိန်းမချော တစ်ဦးဖြစ်သည်။

"အင်း. . . ဒီလောက်ချောမောလှပတဲ့ မိန်းကလေး





တစ်ယောက်က ကြောက်စရာကောင်းတဲ့ လှို့ဝှက်ဆန်းကြယ် ပညာတွေ တတ်ထားတာတော့ အတော့်ကို [illegible]ကောင်းတာ ပဲ၊ သူသာ သာမန်မိန်းကလေးတစ်ယောက်ဆိုရင် ဘယ်လောက် ကောင်းလေမလဲ"

ဟု စိတ်ထဲမှ တွေးနေမိသည်။

ထို့နောက်. . .

ကိုယ်အပူချိန် ရှိမရှိ သိနိုင်ရန် လက်ကလေးတစ်ဖက်ကို ကိုင်၍စမ်းသပ်ကြည့်လိုက်သည်။

ကိုယ်အပူချိန်ကတော့ ယခင်ကလောက် မများတော့ ပေ။

ထိုသို့စမ်းသပ်ကြည့်ပြီး သူမလက်ကလေးကို ပြန်ချ လိုက်သောအခါ မရတော့ဘဲ သူ့လက်ကို ဆုပ်ကိုင်ထားလေ သည်။

"ဟင်. . ."

ပထမတော့ နေမကောင်းတဲ့လူက သူ့အိမ်သားတစ် ယောက်ယောက်ဟု ထင်ကာ ဆုပ်ကိုင်ထားသည်ဟု ထင်လိုက်မိ သော်လည်း ခဏကြာတော့မှ မဟုတ်မှန်း သိရလေသည်။

ကြည့်လိုက်တော့ မဟူရာမှာ သတိကောင်းစွာရနေပြီး မျက်လုံးဖွင့်ကာ သူ့မျက်နှာကို မော့ကြည့်နေလေသည်။

"မင်း သတိရပြီလား"

ခေါင်းညိတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေရဖော့ သက်သာသွားပြီ မဟုတ်လား"

"ကျွန်မကြီးနေကောင်းသွားပါပြီ၊ ကျွန်မ ထထိုင်ချင်လို့ နည်းနည်းလောက် ထူပေးပါ"

ဟု ပြောသဖြင့် ကျော်စွာက မဟူရာကိုယ်ကလေးကို ပွေ့ထူပေးလိုက်လေသည်။

"ကျွန်တော်ပေးထားတဲ့ ဆေးတွေကို မှန်မှန်သောက်ရင် တစ်ရက်နှစ်ရက်ဆိုရင် ပြန်ကောင်းသွားမှာပါ"

"ကျွန်မ နေမကောင်းတာက ဒီလောက်မဟုတ်ပါဘူး၊ ဆရာ့ကို တွေ့ချင်လို့ တမင်မှာခိုင်းတာပါ"

"ကျွန်တော့်ကို တွေ့ချင်လို့ ဟုတ်လား၊ ဘာကိစ္စရှိလို့လဲ ဟင်"

"ပြောစရာရှိလို့ပါ"

"ဘာပြောမှာလဲ"

"ဆရာ ဒီရွာကို ဘာကိစ္စရှိလို့ ရောက်လာတာလဲဟင်"

"ကျွန်တော့်အဖေက ဒီရွာမှာ သုတေသနလုပ်ငန်းတွေ လာလုပ်နေတော့ ကျွန်တော်က ကျောင်းပိတ်တာနဲ့ အလည်လာခဲ့တာပါ"

"ဆရာ့ကို ပြောချင်တာက တခြားမဟုတ်ပါဘူး၊ ဒီနယ်မှာ နေကြတဲ့ ကျားနက်ဂိုဏ်းသားတွေက သူတို့ရဲ့ဓလေ့စရိုက်တွေနဲ့ လျှို့ဝှက်ချက်တွေကို လူတွေမသိစေချင်ကြဘူး၊ ဒီအကြောင်းတွေကို လာပြီးစုံစမ်းရင်လည်း မကြိုက်ကြဘူး၊ ဒီလို





လာလုပ်တဲ့လူကိုလည်း သူတို့ရဲ့ရန်သူလို့ သတ်မှတ်လေ့ရှိကြတယ်"

မဟူရာထံမှ ထိုစကားကြားသောအခါ ကျော်စွာစိတ်ထဲမှာ အနည်းငယ် စိတ်ဝင်စားလာမိသည်။

"ကျားနက်ဂိုဏ်းသားတွေနဲ့ လျှို့ဝှက်ချက်တွေကို လာရှာတဲ့လူမှန်သမျှ အန္တရာယ်တစ်ခုခုနဲ့ တွေ့ပြီး အသက်သေလေ့ရှိကြတယ်"

"ဘာကြောင့် ဒီလိုဖြစ်ရတာလဲဟင်"

"ဘာကြောင့်လဲဆိုတော့ ရှေးက ကျားနက်ဂိုဏ်းခေါင်းဆောင်တွေက သူတို့ရဲ့ပညာတွေကို လူတွေ သိမှာစိုးလို့ ကျိန်စာတွေ တိုက်ထားခဲ့ကြတယ်၊ ဒီကျိန်စာဟာ ဆွေစဉ်မျိုးဆက်အထိ မိနိုင်တဲ့ ပညာမျိုးတွေပဲ"

"ဒါဖြင့် ကျားနက်ဂိုဏ်းတွေရဲ့ လျှို့ဝှက်မှတ်တမ်းတွေဟာ တကယ်ပဲ ရှိတာပေါ့ . . ဟုတ်လား"

"ရှိပါတယ်"

"အဲဒါတွေကို ဗဟုသုတအဖြစ် ကြည့်ချင်ရင် ဘယ်လို ကြည့်ခွင့်ရနိုင်မလဲဟင်"

ထိုစကားကြားသောအခါ မဟူရာက အတန်ကြာအောင် စဉ်းစားနေသည်။ သူမသည် နံရံမှာ ကျောမှီထိုင်နေရင်း ရေနံဆီ မီးအိမ်ရှိရာသို့ လှမ်းကြည့်နေသည်။

အတန်ကြာမှ . .



www.burmeseclassic.com

www.burmeseclassic.com


"ဒီမှတ်တမ်းတွေက ကျားနက်ဂိုဏ်းခေါင်းဆောင်မှသာ ကြည့်ခွင့်ရနိုင်တာဆိုတော့ တကယ်လို့ ဆရာ့အနေနဲ့ ဒီပညာတွေကို စိတ်ဝင်စားလို့ ကြည့်ချင်တယ်ဆိုရင် ကျားနက်ဂိုဏ်းဝင်အဖြစ် ပြောင်းပြီး ခေါင်းဆောင်ဖြစ်မှ ရမှာပေါ့"

မဟူရာ ပြောလိုက်သောစကား၏အဓိပ္ပါယ်မှာ မိမိလိုရာဆွဲတွေးပါက အဓိပ္ပါယ်အမျိုးမျိုးဖြစ်၏။

"ကျားနက်ဂိုဏ်းဝင်အဖြစ် ပြောင်းတာကတော့ ဟုတ်ပါပြီ၊ ခေါင်းဆောင်ဖြစ်ဖို့ကတော့ မလွယ်ဘူးထင်တယ်"

"လွယ်ပါတယ် ဆရာရဲ့၊ လက်ရှိခေါင်းဆောင်က သဘောတူလို့ လွှဲပေးရင် ဆရာ ခေါင်းဆောင်ဖြစ်နိုင်တာပဲပေါ့"

"အခုလက်ရှိခေါင်းဆောင်က ဘယ်သူလဲဟင်"

"ကျွန်မပါပဲ"

ထိုစကားကြောင့် ကျော်စွာက မဟူရာ့မျက်နှာကို တအံ့တသြ ကြည့်လိုက်လေသည်။

မဟူရာနှင့် ပတ်သက်သောသတင်းများကို ဖခင်ဖြစ်သူထံမှ အတန်အသင့် ကြားပြီးသော်လည်း ယခုကဲ့သို့ မဟူရာကိုယ်တိုင် ထိုစကားမျိုး ပြောသောကြောင့် အံ့သြသွားလေသည်း

ကျော်စွာက တအံ့တသြ ကြည့်နေသလို မဟူရာကလည်း မျက်လုံးရွဲကြီးများဖြင့် ပြန်မော့ကြည့်နေလေသည်။

"မဟူရာက ကျားနက်ဂိုဏ်းရဲ့ခေါင်းဆောင်ဆိုတော့ ကျွန်တော်က ဘယ်လိုလုပ်ရမလဲ"



ဟု ပြန်မေးလိုက်သည်။

ထိုသို့မေးလိုက်သောအခါ မဟူရာက တစ်ချက်ပြုံးလိုက်သည်။

"ဆရာက ကျွန်မပြောတာကို စိတ်ဝင်စားလို့လား"

"ဟုတ်တယ်. . . စိတ်ဝင်စားလို့ မေးကြည့်တာပါ"

"တကယ်လို့ ခေါင်းဆောင်အဖြစ် ရရင် ဆရာ့လို မြို့ကြီးသားတစ်ယောက်က ဒီရွာမှာ အမြဲနေနိုင်မှာမို့လား"

"နေသင့် နေရမှာပေါ့"

"ဆရာစိတ်ဝင်စားရင် ကျွန်မပြောပြပါ့မယ်၊ ကျားနက်ဂိုဏ်းခေါင်းဆောင် လုပ်ချင်ရင် ယောကျ်ားဆိုရင် ပညာချင်းပြိုင်ပြီး အနိုင်တိုက်ယူရတယ်၊ မိန်းမဆိုရင်တော့ အဲဒီမိန်းမကို လက်ထပ်ယူရတယ်"

"ဟင်. ."

ထိုစကားကြားသောအခါ ကျော်စွာတစ်ကိုယ်လုံး ဖိန်းရှိန်းသွားပြီး မျက်နှာမှာလည်း ထူပူသွားလေတော့သည်။

မဟူရာမျက်နှာကို ကြည့်နေရာမှ တစ်ဖက်သို့ အကြည့်လွှဲလိုက်ရလေသည်။ မဟူရာကတော့ သူ့ကို ပြုံး၍ကြည့်နေလေသည်။

"ဘယ်လိုလဲ ဆရာ၊ အခုတော့ လန့်သွားပြီမဟုတ်လား၊ ဆရာ့အဖေရဲ့ဆန္ဒတွေ ပြည့်ဖို့ တစ်ခုတည်းသောလမ်းက ဒီတစ်လမ်းပဲ ရှိတယ်၊ ဆရာတို့ ကိုယ့်သဘောနဲ့ကိုယ် ရှာနေလို့ကတော့

www.burmeseclassic.com

www.burmeseclassic.com



အသက်အန္တရာယ်ပဲ တွေ့ရမယ်၊ ဆရာတို့ လိုချင်တဲ့ ဗျူဟမနုဿ ပညာတွေကတော့ ရှာလို့တွေ့မှာ မဟုတ်ဘူး"

"မင်းပြောတဲ့ အဓိပ္ပါယ်က ကိုယ်တို့က ဒီပညာတွေကို တကယ်လိုချင်တယ်ဆိုရင် မင်းကို လက်ထပ်ယူမှ ရမယ်ဆိုတဲ့ သဘောလား"

"ဟုတ်တယ်. . . ဒီတစ်လမ်းပဲ ရှိတယ်၊ အခြားလမ်း ရွေးရင်တော့ ဆရာတို့နှစ်ယောက်စလုံး အသက်သေမှာပဲ၊ ဆရာ့ကို ဒီအခွင့်အရေး ပေးလို့ ကျွန်မကို မထင်မသေးပါနဲ့၊ ဆရာ့ကို မြင်မြင်ချင်း သံယောဇဉ် ဖြစ်မိလို့ ဒီအခွင့်အရေး ပေးတာပါ"

ထိုစကားကြားသောအခါ ထပ်မံအံ့သြရပြန်လေသည်။

"လက်ထပ်တယ်ဆိုတာ အကြောင်းတစ်ခုခုကြောင့် လက်ထပ်တယ်ဆိုတာမျိုးထက် တစ်ဦးနဲ့တစ်ဦး နှစ်သက် သဘောကျလို့ လက်ထပ်တာမျိုးက ပိုမကောင်းပေဘူးလား"

"အချစ်ကို ဘယ်နည်းနဲ့ပဲ ရအောင်ယူယူ မတရားဘူး ဆိုတာ မရှိပါဘူး၊ ကိုယ်လိုချင်တာကို ရအောင်မယူဘဲ စွန့်လွှတ် ပေးတယ်၊ ခွင့်လွှတ်ပေးတယ်ဆိုတာ မနိုင်လို့ သည်းခံပေးရတဲ့ လူပျော့လူညံ့တွေရဲ့အလုပ်ပါ၊ တိုတောင်းတဲ့ ဘဝကလေးတစ်ခု မှာ ကိုယ်လိုချင်တာ တစ်ခုကိုမှ ရအောင်မယူနိုင်ရင် လူဖြစ်ရကျိုး ဘယ်နပ်ပါ့မလဲ. . . မဟုတ်ဘူးလား"

"ဒီလို ရအောင်ယူတိုင်းရော တရားမျှတမှု ရှိနိုင်ပါ့ မလား"





"တရားတယ် မတရားဘူး၊ မှန်တယ် မှားတယ်ဆိုတာက လည်း ကိုယ့်ဘက်က အမြင်နဲ့ ကြည့်ပြီး ဆုံးဖြတ်ကြတာပါ့၊ စစ်ပွဲ တစ်ခုမှာ အရှုံးပေးရတဲ့ဘက်က ကြည့်ရင် မှားတယ်၊ မတရားဘူး လို့ ထင်ပေမယ့် နိုင်အောင် တိုက်နိုင်တဲ့လူဘက်ကတော့ အား လုံး အမှန်တွေချည်း ဖြစ်မှာပဲ၊ ဘာကြောင့်လဲဆိုတော့ သူလိုချင် တာကို ရအောင်တိုက်ယူနိုင်လို့ သူ့ဘက်က စတေးရတာတွေ ပေးဆပ်ရတာတွေ ရှိပေမယ့် အမှန်လို့ပဲ ဆိုရမှာပဲ"

ကျော်စွာစိတ်ထဲမှာ မြို့ပြများနှင့် ဝေးလံခေါင်သီလှ သော ကျေးလက်တောရွာမှ မိန်းကလေးတစ်ယောက်ထံမှ မမျှော်လင့်သောစကားများ ကြားရသဖြင့် များစွာအံ့သြနေမိလေ သည်။

သို့သော်လည်း မဟူရာဆိုသော မိန်းကလေးမှာ သူလို ချင်တာကို မဖြစ်မနေ ရအောင်ယူမည့် မိန်းကလေးမျိုး ဖြစ်သည် ကိုတော့ သူမ၏ဟန်အမူအယာကို ကြည့်ရုံနှင့်တော့ သိသာနိုင် ပေသည်။

ကျော်စွာ သက်ပြင်းတစ်ချက် ချလိုက်ပြီး သူ့လက်တစ် ဖက်ကို ဆုပ်ကိုင်ထားသော မဟူရာလက်ကလေးကို အသာဖြေ လိုက်သည်။

"ကိုယ်ပြန်တော့မယ်. . . ပေးထားတဲ့ ဆေးတွေကို သောက်ပြီး မင်းနေကောင်းအောင် ကြိုးစားပါ"

ကျော်စွာက ဆေးပစ္စည်းများကို အိတ်ထဲသို့ ပြန်ထည့်



www.burmeseclassic.com

www.burmeseclassic.com



နေစဉ် မဟူရာက အဝတ်ဖြူစဖြင့် ပတ်ထားသော အထုပ်က လေးတစ်ထုပ်ကို ပေးလေသည်။

"ဒါက ဘာလဲ"

"ဆရာ့အတွက် လက်ဆောင် ပေးတာပါ၊ အိမ်ပြန် ရောက်တော့ ဖြေကြည့်ရင် သိလိမ့်မယ်"

ကျော်စွာက ထိုအထုပ်ကလေးကို အိတ်ထဲ ထည့်၍ အခန်းအပြင်သို့ ပြန်ထွက်လာလေသည်။

အိမ်ကြီးအတွင်းမှာတော့ ရေနံဆီမီးအိမ်မှ အလင်း ရောင်ကြောင့် လင်းနေသော်လည်း အပြင်ဘက်မှာတော့ မှောင် နေလေပြီ။

လူနှစ်ယောက်က မီးအိမ်တစ်လုံး ကိုင်ကာ ပြန်လိုက်ပို့ ပေးလေသည်။ ကျော်စွာစိတ်ထဲမှာတော့ မဟူရာနှင့် ပတ်သက် သောအကြောင်းများက ပါလာလေသည်။

တကယ်တော့ မဟူရာသည် လွန်စွာလျှို့ဝှက်၍ ဂမ္ဘီရ ဆန်သော မိန်းကလေးတစ်ယောက်ဆိုက မမှားပေ။

သူ့ရင်ထဲမှ အကြောင်းများကို လူတစ်ဖက်သား သိ အောင် ပြောနိုင်စွမ်းရှိပြီး သူမ ဖြစ်စေချင်သောအကြောင်းများ ကိုလည်း သိအောင်ပြောနိုင်သူ ဖြစ်ပေသည်။

ဘာပဲပြောပြော သူမနှင့် တွေ့ခဲ့ပြီးနောက်ပိုင်းမှာ သူမ မနှစ်သက်သော အကြောင်းများကိုရော၊ သူမဖြစ်စေချင်သည့် အကြောင်းများကိုပါ သူ့အနေနှင့် တပြိုင်နက်တည်း သိခွင့်ရခဲ့





သည်။

ထို့ထက်. . .

ခေါင်းထဲမှာရော နှလုံးသားထဲမှာပါ စွဲ၍ပါလာသည် ဆိုက မမှားပါချေ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၃)

# မဟူရာ၏ဝိညာဉ်မေမေသော

ထိုအကြောင်းများကို ကျော်စွာက ဖခင်ဖြစ်သူအား ပြန်ပြောပြလိုက်သောအခါ မျက်လုံးပြူးသွားသည်။

တအံ့တဩဖြစ်သွားလေသည်။

ထို့ထက်. . .

ထိတ်လန့်တုန်လှုပ်မှု ဖြစ်သွားသည်ဆိုက ပို၍မှန်ပေလိမ့်မည်။

"မင်း. . မင်းကို သူက ဒီအတိုင်းပဲ ပြောလိုက်သလား ကျော်စွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဖေဖေ၊ သူပြောတဲ့စကား အဓိပ္ပါယ်က ဖေဖေ လျှို့ဝှက်ပြီး လုပ်နေတာတွေကို သူ အားလုံးသိနေတဲ့ပုံပဲ၊ တကယ်လို့ ဒီထက်တိုးပြီး ဆက်လုပ်ရင် အသက်သေမယ်လို့ သတိပေးလိုက်တာပဲ"

"ဟင်. . ."

ဦးဘသိန်းဟန်က မီးမရှိတော့သော ငှေးဆးတံကို က ယောင်ကတမ်းနှင့် တစ်ဖွာနှစ်ဖွာ ဖွာလိုက်သည်။

"သူပြောလိုက်တဲ့အထဲမှာ အရေးကြီးတဲ့ နောက်တစ်ချက် ကျန်သေးတယ်၊ အဲဒါကတော့ ဒီလျှို့ဝှက်ချက်တွေကို အန္တရာယ်ကင်းကင်းနဲ့ လိုချင်ရင် ကျွန်တော်က သူတို့ဂိုဏ်းဝင်အဖြစ် ခံယူပြီး သူ့ကို လက်ထပ်ယူရမယ်တဲ့ ဖေဖေ"

"ဟာ. . . ဒါကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ဘယ်လိုမှ လက်မခံနိုင်ပါဘူး၊ ငါ့သားလို မြို့ကြီးသားတစ်ယောက်က ဒီလို တောကျိုအုံကြား မိန်းကလေးတစ်ယောက်နဲ့တော့ ဘယ်နည်းနဲ့မှ အဖြစ်မခံနိုင်ပါဘူး၊ မရရတဲ့နည်းနဲ့ လုပ်ရမယ်"

"ဖေဖေက ဘယ်လိုလုပ်မှာလဲ"

ထိုသို့မေးလိုက်သောအခါ ဦးဘသိန်းဟန်က သား ဖြစ်သူအနီးသို့ ကပ်ကာ နှစ်ကိုယ်ကြားလေသံဖြင့်. . .

"အခု ဖေဖေ လေ့လာနေတာ အတော်ကလေးကို ခရီး ပေါက်နေပြီ သားရဲ့၊ သူတို့ လျှို့ဝှက်သိမ်းထားတဲ့ မှတ်တမ်းကို





အလုပ်က ပြီးပြီ၊ ရန်ကုန်ကို ပြန်လို့ရပြီ၊ မင်းလည်း သူ့ကို ရာ မလိုတော့ဘူး"

ဟု အားတက်သရော ပြောလေသည်။

"သူတို့ရဲ့လျှို့ဝှက်မှတ်တမ်းတွေက ဘယ်နေရာမှာ ရှိလဲ ဖေဖေ"

"တို့ အခုနေတဲ့ တိုက်နီကြီးရဲ့မြေအောက်ခန်းထဲမှာလဲ ယ်၊ ကျားနက်တောင် သချိုင်းဂူထဲမှာလည်း ရှိတယ်၊ ဒီတိုက် ရဲ့မြေအောက်ခန်းထဲမှာ ရှိတယ်ဆိုတာကိုတော့ ကိုဘိုးကွန်း ခင်က ဖေဖေကို သေသေချာချာ ပြောသွားခဲ့တယ်"

"အန္တရာယ်တော့ အတော်များမယ် ထင်တယ်နော် ဖေ"

"ရှိတာကတော့ ရှိရမှာပေ့ါ၊ ဒါပေမယ့် ဖေဖေတို့မှာ တ်တွေ ပါတာပဲ၊ ဘာမှ ကြောက်စရာ မလိုပါဘူး၊ ဒါထက် ကို အထုပ်တစ်ထုပ် ပေးလိုက်သေးတယ်ဆို၊ ဘာအထုပ်ဖြစ် ကြည့်ကြရအောင်"

ထိုအခါမှ ကျော်စွာလည်း မဟူရာ ပေးလိုက်သော ပ်ကလေးကို သတိရပြီး အင်္ကျီဘေးအိတ်ထဲမှ ထုတ်ယူ သည်။

အဝတ်ဖြူစဖြင့် အသေအချာ ထုပ်ထားသော အထုပ် လေးကို ဖြေကြည့်လိုက်သောအခါ အိတ်ထဲ၌ သုံးလက်မ ယ်ခန့် ရှိသော ကျားဖြူရုပ်ကလေးကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ကျားဖြူရုပ်ကလေးပါလား"

"ဒီကျားဖြူအရုပ်ကလေးက ဘယ်လိုအဓိပ္ပါယ်လဲ"

သူတို့သားအဖနှစ်ယောက်စလုံး ကျားဖြူအရုပ်က၏အဓိပ္ပါယ်ကို မသိကြသောကြောင့် နယ်ခံရှာခံတစ်ဦးဖြ မြလေးခင်ကို ခေါ်မေးကြည့်ရသည်။

"ဒါ ကျားနက်ဂိုဏ်းသားတွေအတွက် အရမ်းအရေ တဲ့အခါမှာ အသုံးပြုတဲ့ ကျားရုပ်ပဲ၊ သူတို့ အသုံးပြုတာ ကျား ရုပ်နဲ့ ကျားဖြူရုပ်နှစ်မျိုးပဲ ရှိတယ်၊ လူတစ်ယောက်ကို မုန် သော်လည်းကောင်း၊ ချစ်ရင်သော်လည်းကောင်း အဲသ ပေးလေ့ရှိတယ်"

"အဖြူ အနက်ဆိုတာ ဘယ်လိုအဓိပ္ပါယ်လဲ မြ"

"လူတစ်ယောက်ကို မုန်းတီးလို့ သတ်တော့မယ်ဆို ကျားနက်ရုပ်ကလေးကို ပို့ပေးတတ်ကြတယ်၊ လူတစ်ယော ချစ်ရင် ကျားဖြူရုပ်ကလေး ပို့ပေးလေ့ရှိတယ်၊ ကျားနက်ရု လေး ရတဲ့လူဟာ တစ်နည်းမဟုတ် တစ်နည်းနဲ့ သေရတတ် ကျားဖြူရုပ်ကလေး ရရင်လည်း ပေးတဲ့သူကို မဖြစ်ဖြစ်တဲ့န လက်ထပ်ယူရတယ်"

"ဟင်. . ."

ကျော်စွာသည် မြလေးခင်စကားကြောင့် လက် ကိုင်ထားသော ကျားဖြူရုပ်ကလေးမှာ ကြမ်းပြင်ပေါ်သို့ 'ခေါ ကနဲ' လွတ်ကျသွားလေသည်။





"အဘ မသေခင်တုန်းက သူ့ဆီကို ကျားနက်ရုပ်က တစ်ရုပ် ရောက်လာခဲ့တယ်"

"ဟင်. . . ဟုတ်လား"

"ဟုတ်ပါတယ်. . . အဘက ဘဘကြီးတို့ အစ်ကိုတို့ မကောင်းဖြစ်မှာစိုးလို့ မပြောဘဲ တမင်သိမ်းထားခဲ့တာပါ။ ကျားနက်အရုပ်ကလေး ရပြီး မကြာဘူး၊ အဘ သေသွားတာ

"ဒါဖြင့် ဦးဘိုးကွန်းက အသတ်ခံလိုက်ရတာပေါ့၊ တို့ ကွက်နဲ့ အခုလို ဖြစ်သွားရတာ စိတ်မကောင်းစရာပဲ"

"ဒီတော့ ဘယ်လိုလုပ်ကြမလဲ ဖေဖေ"

"ကိုယ်လိုချင်တဲ့ အချက်အလက်တွေကို အမြန်ဆုံး ရ အောင် ရှာဖွေယူပြီး ဒီနေရာက ထွက်သွားကြရင်တော့ အ ကောင်းဆုံးပဲပေါ့"

"ကောင်းတယ် ဖေဖေ၊ ကျွန်တော်လည်း ဒီလိုနေရာမျိုး မှာ ဖေဖေတစ်ယောက်တည်း ထားခဲ့ရမှာ စိတ်မချဘူး၊ ဒီတော့ ကျွန်တော်ပြန်တာနဲ့ ဖေဖေ့ကိုပါ တစ်ခါတည်း ခေါ်သွားနိုင်မှ ကောင်းမှာဖြောင့်တော့မယ်"

"ဒီလောက်လည်း စိတ်မပူပါနဲ့ သားရယ်၊ ဖေဖေတို့က ကြိုအစည် အောင်မြင်ခါနီးနေမှပဲ၊ သတိဝီရိယနဲ့ လုပ်ကိုင်ရင် ဘယ်လိုအန္တရာယ်မျိုးမှ မဖြစ်နိုင်ပါဘူး၊ ဒီရက်ပိုင်းအတွင်းမှာ ကျောက်ကြီးရဲ့မြေအောက်ခန်းထဲကို ဝင်ကြည့်ဖို့ အစီအစဉ်ဆွဲရ



www.burmeseclassic.com

www.burmeseclassic.com

မယ်"

ဟု သားအဖနှစ်ယောက် တိုးတိုးတိတ်တိတ် တိုင်ပ
ကြစဉ် တိုင်အပြင်ဘက်တစ်နေရာမှ အခြေအနေကို နားစွ
သော လူတစ်ယောက်မှာ ထိုနေရာတွင် ထွက်သွားသည်ကို
သူတို့ မသိလိုက်ကြတော့ပေ။

ညဘက်ရောက်သောအခါ ကျော်စွာသည် မိမိအ
ထဲမှာ ရေနံဆီသုံး မီးအိမ်တစ်လုံးကို ထွန်းကာ စာဖတ်နေ
သည်။

သို့သော်. . .

သူသည် စာထဲမှာ စိတ်မဝင်စားလှပဲ စားပွဲပေါ်
ထားသော မဟူရာ ပေးလိုက်သည့် ကျားဖြူရုပ်ကလေးဆီသို့
စိတ်က ရောက်နေလေသည်။

ကျားဖြူရုပ်ကလေးကို အိပ်ရာနံဘေးရှိ စားပွဲပေါ
တင်ထားသောကြောင့် ကောင်းစွာမြင်နေရသည်။

ကျားရိုးဖြင့် ထုထားဟန်ရှိပြီး ထုလုပ်ထားပုံမှာ လ
မြောက်လှသည်။ မျက်လုံးနေရာတွင် အနီရောင် ကျောက်
ကလေးများ ထည့်ထားသောကြောင့် မီးရောင်နှင့် ထိသော
ရဲရဲနီနေလေသည်။

ရှေ့သို့ ခြေတစ်လှမ်း လှမ်းထားပြီး ဦးခေါင်းကို လှ
မာန်ဖီနေဟန်မှာ အသက်ဝင်လှသည်။

ထိုကျားဖြူရုပ်ကလေးကို ကြည့်နေရင်း မဟူရာ





သတိရနေသည်။ သူမ၏မျက်နှာကို မြင်ယောင်နေမိသည်။

သူ့ကို ပြောလိုက်သော စကားသံများကိုလည်း ပြန်
လည်ကြားယောင်နေမိသည်။

". . . အချစ်ကို ဘယ်နည်းနဲ့ပဲ ရအောင်ယူယူ မတရား
ဘူးဆိုတာ မရှိပါဘူး၊ ကိုယ်လိုချင်တာကို ရအောင်မယူဘဲ စွန့်
လွှတ်ပေးတယ် ခွင့်လွှတ်ပေးတယ်ဆိုတာ မနိုင်လို့ ခွင့်လွှတ်ပေး
ရတဲ့ လူပျော့လူညံ့တွေရဲ့အလုပ်ပါ၊ တိုတောင်းတဲ့ဘဝကလေး
တစ်ခုမှာ ကိုယ်လိုချင်တာ တစ်ခုကိုမှ ရအောင်မယူနိုင်ရင် လူ
ဖြစ်ရကျိုး ဘယ်နပ်ပါ့မလဲ"

မဟူရာ၏စကားသံများက ယခုပင် အနားမှာ လာပြော
နေသကဲ့သို့ နားထဲမှာ ကြားယောင်နေမိသည်။

ထိုသို့တစ်ယောက်တည်း အတွေးကောင်းနေစဉ်မှာ ရွာ
ဘက်မှ ဆွဲဆွဲငင်ငင် အူသံများက သူတို့ နေသော တိုက်နီကြီးနှင့်
နီးသောနေရာဘက်သို့ ရောက်လာသည်။

ကျော်စွာက ဖတ်လက်စ စာအုပ်ကို ပြန်ချထားလိုက်ပြီး
နံရံမှာ ချိတ်ထားသော သေနတ်ကို တစ်ချက်လှမ်းကြည့်လိုက်
သည်။

အချိန်က ည(၁၂)နာရီဝန်းကျင် ရှိနေပြီမို့ ခွေးအူသံမှ
လွဲ၍ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

ခဏကြာတော့ တိုက်ကြီးနံဘေးဘက်မှ ဖွဖွလေး နင်း
လျှောက်သွားသော ခြေသံကို သတိပြုမိလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com

ကျော်စွာက ခေါင်းထောင်ပြီး ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်လိုက်တော့ အမှောင်ရိပ်များ ဖုံးနေသောကြောင့် ဘာမှ သဲသဲကွဲကွဲ မမြင်ရပေ။

တိုက်ကြီးထဲမှာ ဦးဘသိန်းဟန်က အလုပ်ခန်းထဲမှာ အိပ်ပြီး အောက်ထပ်နှစ်ခန်းမှာတော့ ကျော်စွာက တစ်ခန်း၊ မြလေးခင်က တစ်ခန်းအိပ်သည်။

ကိုဘဇံကတော့ ဘုရားခန်းမှာ အိပ်ပြီး ကပ္ပိယကြီး ဦးလွန်းအုံကတော့ သူတစ်ယောက်တည်း နောက်ဘက်မှ အဆောင်ကလေးထဲမှာ နေသည်။

သူ နားစွင့်ကြည့်တော့ တိုက်ကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေလေသည်။

အခြေအနေ မထူးသဖြင့် ခေါင်းအုံးပေါ် ခေါင်းပြန်ချလိုက်ရုံ ရှိသေး၊ ချောက်ကနဲ အခန်းတံခါးဖွင့်သံ ကြားလိုက်ရသည်။

ခဏကြာတော့ တံခါးပွင့်သွားပြီး အခန်းပေါက်ဝမှာ ရပ်နေသော လူတစ်ယောက်၏ပုံရိပ်ကို လှမ်းမြင်လိုက်ရသည်။

"ဟင်. . ."

စိတ်ထဲမှ အံ့သြစိတ်ကြောင့် ငြိမ်၍ကြည့်နေစဉ်မှာ ထိုပုံသဏ္ဌာန်က တစ်ဖက်သို့ လှည့်ကာ သူရှိရာသို့ လျှောက်လာသည်။

ခေါင်းရင်းဘက်မှာ ထွန်းထားသော မီးအိမ်အလင်း





ရောင်ကြောင့် အခန်းထဲ ဝင်လာသူကို မြင်ရသောအခါ များစွာ အံ့သြသွားလေသည်။

ဆံပင်ဖားလျားချလျက် သူ့ကုတင် ရှိရာသို့ လျှောက်လာသောသူမှာ အခြားမဟုတ်ပေ။

မြလေးခင် ဖြစ်ပေသည်။

"ဟင်. . . မြလေး၊ အချိန်မတော်ကြီး ဒီအခန်းထဲကို ဘာလာလုပ်တာလဲဟင်"

မြလေးခင် ဘာမှမပြောဘဲ ကုတင်အနား ရောက်အောင် လျှောက်လာပြီး ကုတင်စွန်း၌ ဝင်ထိုင်လေသည်။

သူမ ကြည့်ရသည်မှာ ခါတိုင်းနှင့် မတူဘဲ သံပတ်ပေးထားသော စက်ရုပ်တစ်ရုပ်လို ဒါမှမဟုတ် စိတ်ညှို့ခံထားရသူမှာ ကြောင်တောင်တောင် ဖြစ်နေလေသည်။

"မြလေး. . မြလေးခင် မင်းဘာဖြစ်နေတာလဲဟင်"

အတန်ကြာတော့မှ မြလေးခင်ထံမှာ လေသံတစ်မျိုးနှင့် စကားသံ ထွက်လာလေသည်။

"ကျွန်မက မြလေးခင် မဟုတ်ပါဘူး မောင်ရယ်. . . မဟူရာပါ"

"ဟင်. . ."

"ကျွန်မပြောတာကို မောင် သဘောတူမတူ သိချင်လို့ လိုက်လာတာပါ"

"မင်း. . မင်းက မဟူရာ ဟုတ်လား၊ မဟူရာက ...


www.burmeseclassic.com

www.burmeseclassic.com


ကိုယ်ထဲ ဘယ်လိုရောက်နေတာလဲဟင်"

"ဒါများ မောင်ရယ်. . . အဆန်းလုပ်လို့၊ ကျွန်မတို့ ဂိုဏ်းသားတွေရဲ့အဓိကပညာက 'ရုပ်ပြောင်းနာမ်ခွာ' အတတ်ပညာပဲဟာ၊ သူ အိပ်ပျော်နေတုန်း သူ့ဝိညာဉ်ကို ခဏချုပ်ထားပြီး ကျွန်မရဲ့ဝိညာဉ် သူ့ကိုယ်ထဲ ဝင်ပြီး မောင့်ဆီကို လာခဲ့တာပေါ့"

"မင်း. . မင်းပြောတာတွေ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ငါ မင်းကို ဘယ်နည်းနဲ့မှ မချစ်နိုင်ဘူး၊ လက်မခံနိုင်ဘူး"

"ဒါကတော့ ကျွန်မရဲ့ကံတရားပေါ့ မောင်ရယ်၊ ကျွန်မရဲ့ကံအကျိုးပေးက ဆိုးခဲ့လို့ ဒီလိုဘဝမျိုး ရောက်နေတာကိုး၊ ဒါပေမယ့် ကျွန်မ မောင့်ကို အပြစ်မတင်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ ဘဝအခြေအနေချင်းကလည်း ကွာပေတာကိုး"

ထိုသို့ပြောနေစဉ် မြလေးခင်၏အသံများမှာ ဝမ်းနည်းမှုကြောင့် တုန်ရီလှိုက်လှဲလျက်ရှိနေသည်။

ကျော်စွာက မြလေးခင်မျက်နှာကို အကဲခတ်ကြည့်တော့ ကော်ပတ်ရုပ်တစ်ခုလို ဘာမှမပြောင်းလဲဘဲ ရှိနေလေသည်။

သူမက ဆက်ပြောသည်။

"အချစ်ဆိုတာ ဘာနဲ့မှ ပြောင်းလဲလို့မရနိုင်တော့ မြင်မြင်ချင်းပဲ မောင့်အပေါ်မှာ ချစ်ခဲ့တဲ့အချစ်စိတ်ကတော့ ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ်ပါဘူး၊ အခု ကျွန်မ လာတာလည်း



ဒီသံယောဇဉ်ကြောင့် မောင့်ကို ပြောစရာရှိလို့ လာခဲ့တာပါ"

"ဘာပြောမှာလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ မောင်တို့ သိထားသလို ဒီတိုက်ကြီးရဲ့အောက်မှာ မြေတိုက်ခန်းတစ်ခု ရှိတယ်ဆိုတာလည်း မှန်ပါတယ်၊ အဲဒီမြေတိုက်ခန်းထဲမှာ ကျွန်မတို့ ကျားနက်ဂိုဏ်းရဲ့လျှို့ဝှက်ချက်တွေ ရှိတယ်၊ ဒါပေမယ့် အဲဒါတွေကို ယူလို့မရဘူး"

"ဘာကြောင့်လဲဟင်"

"ဒါတွေက ဘယ်သူမှ သိခွင့်မရတဲ့ အကြောင်းအရာတွေပါ၊ ဒါပေမယ့် မောင့်ကိုတော့ မှာခဲ့ပါရစေ၊ ဘယ်လိုအကြောင်းနဲ့မှ မောင် မြေတိုက်အခန်းထဲကို မဝင်ပါနဲ့၊ ဝင်တာနဲ့ ပြန်လမ်းမရှိတဲ့ဘဝမျိုး ရောက်မှာပါပဲ၊ မောင် ကျွန်မကို မချစ်ပေမယ့် ကျွန်မ ပြောတဲ့စကားကိုတော့ ယုံကြည်ပါ"

ဟု တောင်းပန်သောအသံဖြင့် ပြောဆိုလေသည်။

မြလေးခင်ထံမှ ထိုစကားမျိုး ကြားသောအခါ ကျော်စွာရင်ထဲမှာ တစ်မျိုးဖြစ်သွားလေသည်။

စောစောက ဖြစ်ပေါ်နေသော ရင်ထဲမှ တင်းမာမှုများမှာလည်း လျော့ကျသွားလေသည်။

မဟူရာဆိုသော မိန်းကလေးအပေါ်မှာလည်း သနားစိတ် ဝင်မိလေသည်။ ကျော်စွာ ဘာမှမပြောနိုင်ဘဲ ငိုင်နေသောအခါ မြလေးခင်က ကုတင်ပေါ်မှ ပြန်ထလေသည်။


www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ မောင့်အပေါ်မှာ ဘယ်လောက်ချစ်တယ်ဆိုတာ ဒီလောက်ဆိုရင် မောင်သိလောက်ပါတယ်၊ ကျွန်မတို့ရဲ့ လျှို့ဝှက်ချက်အချို့ကို လာပြောမိကတည်းက ကျွန်မမှာ အပြစ်အတော်ရှိနေပြီ၊ ဒီအကြောင်းတွေကို ကျားနက်ဂိုဏ်းသားတွေသိရင် ဘယ်နည်းနဲ့မှ သည်းခံကြမှာ မဟုတ်ပါဘူး၊ မိန်းမတစ်ယောက်ဟာ အချစ်နဲ့ ပတ်သက်လာရင် ကျန်တာတွေကို ဘာတစ်ခုမှ ဂရုမထားတတ်ကြတာ မောင်သိရင် ကျွန်မကျေနပ်ပါပြီ၊ ကျွန်မပြန်တော့မယ်"

ဟု ပြောကာ အခန်းထဲမှ တရွေ့ရွေ့ ထွက်သွားလေတော့သည်။ ထိုအခါမှ ကျော်စွာမှာ ထိုင်နေရကောင်းနိုးနိုး၊ နောက်မှ လှမ်းခေါ်လိုက်ရကောင်းနိုးနိုးနှင့် ချီတုံချတုံ ဖြစ်နေစဉ်မှာ မြလေးခင်က အခန်းအပြင်ဘက်သို့ ထွက်သွားလေသည်။

ခဏကြာတော့ ရွာလယ်ပိုင်းဘက်မှ ခွေးအူသံအချို့ကြားလိုက်ရပြီး အတန်ကြာတော့ ပျောက်သွားလေသည်။

ကျော်စွာတစ်ယောက် ထိုနေ့ညတစ်ညလုံး အတွေးကောင်းနေသောကြောင့် တော်တော်နှင့် အိပ်မပျော်ဘဲ မိုးလင်းကာနီးမှ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေတော့သည်။





## အခန်း (၁၄)

# မြေအောက်ခန်းထဲမှ လူသတ်ကောင်

အချိန်မည်မျှကြာအောင် အိပ်ပျော်နေသည် မသိပေ။ ကိုဘဖံ လာနှိုးတော့မှ အိပ်ပျော်နေရာမှ လန့်နိုးလာလေတော့သည်။

"ဘာလဲ ကိုဘဖံ"

"လူနာအရေးကြီးလို့တဲ့၊ ဆရာ့ကို လာခေါ်နေကြတယ်"

"ဘယ်သူတွေလဲ"

"ရွာလူကြီးအိမ်ကလို့ ပြောတယ်"

"ဟင်. ."



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပျာကယာ အိပ်ရာမှ ထပြီး မျက်နှာသစ်ကာ လိုအပ်သော ဆေးပစ္စည်းများကို ယူကာ လာခေါ်သူများနှင့် လိုက်သွားလေသည်။

ရွာလူကြီးအိမ် ရောက်တော့ ဦးဇာမှိုင်းရော ဒေါ်မင်းရေးပါ မျက်စိမျက်နှာ မကောင်းကြသည်ကို တွေ့လိုက်ရသဖြင့် စိတ်ထဲမှာ ထင့်သွားသည်။

အိမ်ပေါ် ရောက်သောအခါ အကျိုးအကြောင်း မေးပြီး မဟူရာအခန်းထဲသို့ ဝင်ကြည့်ရလေသည်။

သူရောက်သွားသောအချိန်မှာ မဟူရာမှာ အိပ်ရာပေါ်မှ မထနိုင်သော အခြေအနေမျိုး ဖြစ်နေချေပြီ။

ကျော်စွာစိတ်ထဲ၌မူ. . .

"ဘယ်လိုဖြစ်တာလဲ. . . ငါ တစ်နေ့က ဆေးကုပေးခဲ့တော့ အကောင်းသား၊ အခုမှ ဘယ်လိုဖြစ်သွားပါလိမ့်၊ သူ ညက ငါ့ဆီကိုလည်း ရောက်လာသေးတယ်၊ ညက သူ့ဝိညာဉ် ရောက်လာတာများ ဖြစ်လေမလား"

ဒီတစ်ကြိမ်တော့ မဟူရာမှာ ဘယ်လိုမှ မဟန်နိုင်တော့။ တစ်ကိုယ်လုံး အင်အားများ စုပ်ယူထားသကဲ့သို့ အင်အားဖျော့တော့စွာ ပက်လက်ကလေး မှိန်းနေလေသည်။

ထိုသို့ မြင်ရတော့လည်း ကျော်စွာမှာ စိတ်မကောင်းဖြစ်မိလေသည်။

"မဟူရာ. . . မင်း ဘယ်လိုဖြစ်သွားတာလဲ"





ကျော်စွာအသံ ကြားတော့ မျက်လုံးပွင့်လာသည်။

"ဟိုတစ်နေ့က အတော်ကလေး ပြန်ကောင်းနေပြီးမှ အခုချက်ချင်း ဘာကြောင့် ဒီလိုဖြစ်သွားရတာလဲ"

"ကျွန်မ ညတုန်းက အားမပြည့်သေးဘဲနဲ့ စိတ်ပြောင်းလုပ်လိုက်မိတယ်၊ ဒါကြောင့် ရှိသမျှအားတွေအားလုံးကုန်သွားပြီး အခုလို ဖြစ်သွားတာပဲ"

"မင်း ဘာကြောင့် ဒီလိုလုပ်ရတာလဲ"

"မောင့်ကို အန္တရာယ်ဖြစ်မှာစိုးလို့ ကျွန်မအပင်ပန်းခံပြီး လာပြောတာပါ၊ မောင် ကျွန်မ ပြောတာတွေကို ယုံပါနော်၊ တိုက်ကြီးရဲ့မြေအောက်အခန်းထဲကို မဆင်းကြပါနဲ့၊ ဆင်းတာနဲ့ သူတို့က ချက်ချင်းသိပြီး လာသတ်ကြလိမ့်မယ်"

ဟု လေသံတိုးတိုးဖြင့် အားယူ၍ ပြောလေသည်။

"ဒါတွေကို လျှောက်တွေးမနေနဲ့၊ ကျန်တာတွေက အရေးမကြီးဘူး၊ အခုလောလောဆယ် မင်းနေကောင်းလာအောင် လုပ်ဖို့က အရေးကြီးတယ်"

ဟု ပြောကာ ထိုနေ့တစ်နေ့လုံး မပြန်ဖြစ်တော့ဘဲ စိုးရိမ်ဖွယ်ရာ အခြေအနေသို့ ရောက်နေသော မဟူရာကို ပြုစုကုသပေးရလေသည်။

တကယ်တော့ ကျော်စွာအနေနှင့် ဆရာဝန်တစ်ယောက်က မိမိလူနာတစ်ယောက်ကို ဂရုတစိုက် ကုသပေးသည်ထက် သူကိုယ်တိုင်က မဟူရာအပေါ်မှာ သံယောဇဉ် ဖြစ်သွားမိ



www.burmeseclassic.com

www.burmeseclassic.com



ပြီဖြစ်သောကြောင့် စိုးရိမ်စိတ်နှင့် ပြုစုကုသပေးသည်ဆိုက ပို၍ မှန်ပေမည်။

ကျော်စွာက လူနာအိမ်သို့ ရောက်နေသောအချိန်မှာ တိုက်နီကြီး၌ ကျန်ခဲ့သော ဦးဘသိန်းဟန်မှာ မြေအောက်ခန်းသို့ ဆင်းရန် ပြင်ဆင်နေတော့သည်။

"ဘဖုံ . . မင်း တိုက်တံခါးတွေအားလုံး ပိတ်ပြီးပြီလား"

"ပိတ်ပြီးပါပြီ ဆရာကြီး"

"ဒါထက် ဦးလွန်းအုံတစ်ယောက်ရော ဘယ်မှာလဲ"

"ခြံထဲမှာတော့ မတွေ့ဘူး ဆရာကြီး၊ အပြင်ထွက်သွားတယ် ထင်တယ်"

"အဲသည်လိုဆိုရင် မင်းက အိမ်တံခါးပေါက်ဝမှာ စောင့်နေ၊ အိမ်ထဲကို ဘယ်သူမှ မဝင်စေနဲ့"

"စိတ်ချပါ"

ထိုသို့ စိတ်ချရအောင် မှာကြားပြီး မိမိအခန်းထဲသို့ ဝင်ကာ ခြောက်လုံးပြူးသေနတ်၊ လက်နှိပ်ဓာတ်မီး အစရှိသည်တို့ကို ရှာဖွေယူနေစဉ် ပြတင်းပေါက်အနီးရှိ စားပွဲပေါ်၌တွင် ထူးဆန်းသော အရာဝတ္ထုတစ်ခုကို တွေ့ရသဖြင့် မျက်လုံးပြူးသွားလေသည်။ သူတွေ့ရသောအရာမှာ တခြားမဟုတ်။

နှစ်လက်မအရွယ်ခန့် ရှိသော မည်းနက်တောက်ပြောင်နေသည့် ကျားနက်ရုပ်ကလေးတစ်ရုပ်ပင် ဖြစ်လေသည်။

ထိုအရုပ်ကလေးကို မြင်သောအခါ မြလေးခင်ကို ခေါ်





မေးရလေသည်။

"မြလေးခင် . . . ဒီအခန်းထဲကို ဘယ်သူဝင်တာ တွေ့မိသေးလဲ"

"ဘယ်သူမှ ဝင်တာ မတွေ့မိဘူး ဘဘကြီး၊ ဘာဖြစ်လို့လဲဟင်"

"ဒီကျားနက်ရုပ်က ဘယ်သူလာတင်ထားတာလဲ"

ဦးဘသိန်းဟန်က ပြသဖြင့် ကျားနက်ရုပ်ကလေးကို မြင်သောအခါ မြလေးခင်မှာ မျက်စိမျက်နှာ အကြီးအကျယ် ပျက်သွားလေတော့သည်။

"ကျ . . ကျွန်မ မသိဘူး ဘဘကြီး၊ ဒါပေမယ့် ဒီအရုပ်ရောက်လာတာတော့ အတိတ်နိမိတ် မကောင်းတာ အမှန်ပဲ"

"ဘာဖြစ်လို့လဲကွယ်"

"ကျားနက်ဂိုဏ်းသားတွေဟာ သူတို့ မုန်းတီးလို့ အန္တရာယ် တစ်ခုခု ပြုတော့မယ်ဆိုရင် ဒီကျားနက်ရုပ်မျိုးကို အရင်ပို့ပေးလေ့ရှိတယ်၊ ဒီအရုပ်ကို သေမင်းတမန်အရုပ်လို့လည်း ခေါ်ကြတယ် ဘဘကြီး"

မြလေးခင်က လွန်စွာ ထိတ်လန့်ကြောက်ရွံ့နေဟန်မျိုး ဖြစ်နေသော်လည်း ဦးဘသိန်းဟန်ကတော့ ဂရုမစိုက်သောဟန်ဖြင့် စားပွဲပေါ်မှ ကျားနက်ရုပ်ကလေးကို ကောက်ယူ၍ အသေအချာ ကြည့်လိုက်လေသည်။

"ဒီလောက်လည်း စိုးရိမ်မနေပါနဲ့ကွယ်၊ ဥပါဒ်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဥပါဒ်ရောက်တတ်ပါတယ်၊ ဒါတွေက စိတ်ဓာတ်ချောက်ခြားအောင် လုပ်တဲ့နည်းတွေပါ၊ ဘဘကြီးတို့ကို သူတို့ ဘာမှလုပ်လို့ မရပါဘူး"

"မဟုတ်ဘူး ဘဘကြီး၊ ဒီမျိုးနွယ်တွေအကြောင်းကို ကျွန်မ ကောင်းကောင်းသိတယ်၊ သူတို့က ရန်ငြိုးရန်စ သိပ်ကြီးပြီး တစ်ခုခုကို လုပ်တော့မယ်ဆိုရင် မဖြစ်ဖြစ်အောင် လုပ်တတ်ကြတယ်၊ အကောင်းဆုံးကတော့ ဘဘကြီးအနေနဲ့ လုပ်လက်စ အလုပ်တွေကို ရပ်ပြီး ဒီရွာက အမြန်ဆုံး ထွက်သွားတာ ကောင်းမယ်ထင်တယ်"

မြလေးခင်စကားကြောင့် ဦးဘသိန်းဟန်က သဘောကျစွာ ရယ်လိုက်လေသည်။

"မိန်းကလေးက တယ်လည်း စိုးရိမ်တတ်တာကိုးကွယ်၊ ကျုပ်ပြောသလို သူတို့က ကျုပ်တို့ကို ဘာမှ မလုပ်နိုင်ပါဘူး၊ သေနတ်နဲ့ တွေ့ရင် ဘယ်လိုသတ္တဝါမှ ခံနိုင်မှာ မဟုတ်ပါဘူး"

ဦးဘသိန်းဟန်က ခါးမှာ ချိတ်ဆွဲထားသော သေနတ်ကို ထုတ်ပြရင်း ပြောလိုက်လေသည်။

"အခု ဘဘကြီး မြေအောက်ခန်းကို ဆင်းကြည့်တော့မှာလားဟင်"

"အေး. . . ဟုတ်တယ်ကွယ့်"

"အစ်ကို ပြန်လာတော့မှ ဆင်းပါလား ဘဘကြီးရယ်၊ တော်ကြာ တစ်ခုခု ဖြစ်နေမှဖြင့်. . ."





"ဒီလောက်လည်း စိတ်မပူပါနဲ့ကွယ်၊ သူပြန်လာရင် တားချင်တားနေမှာဆိုတော့ သူမလာခင်မှာပဲ ဆင်းကြည့်တော့မယ်၊ အပေါက်ဝမှာ ဘဇံ စောင့်နေတယ်၊ မိန်းကလေးက ဒီနေရာက စောင့်၊ အရေးအကြောင်းရှိရင် ကျုပ်ကို လာပြောလှည့်ကြားလား"

"ဟုတ်. . ဟုတ်ကဲ့"

ထို့နောက်. . .

ဦးဘသိန်းဟန်သည် သေနတ်၊ လက်နှိပ်မီးနှင့် အခြားလိုအပ်သောပစ္စည်းများကို ယူဆောင်ကာ အလုပ်ခန်းထဲသို့ ဝင်သွားလေသည်။ အလုပ်ခန်း၏စားပွဲပေါ်မှာ ပေစာအချို့ ချထားလေသည်။ ထိုပေစာချပ်များကို ယူကြည့်လိုက်ရင်း. . .

"ဒီပေစာတွေထဲမှာ ညွှန်းထားတဲ့အတိုင်းဆိုရင် ပထမလျှို့ဝှက်ချက်မှတ်တမ်းတွေက ကျားနက်တောင် သချိုင်းဂူထဲမှာ ရှိတယ်၊ ဒုတိယမှတ်တမ်းတွေနဲ့ လမ်းညွှန်မြေပုံက ဒီမြေတိုက်ခန်းထဲမှာ ရှိတယ်လို့ ဆိုတယ်၊ ဒီက မြေပုံရမှ ကျားနက်တောင်ဂူကို သွားလို့ ဖြစ်မှာ"

ဟု တွေးကာ ၎င်း၏အလုပ်ခန်းတစ်နေရာရှိ သေတ္တာကြီးတစ်လုံး၏အဖုံးကို မ,ဖွင့်လိုက်သောအခါ မြေအောက်သို့ဆင်းသောအပေါက်ကို တွေ့ရလေသည်။

လက်နှိပ်မီးဖြင့် ထိုးကြည့်တော့ လှေခါးထစ်များကို တွေ့ရသဖြင့် ထိုလှေခါးမှ အောက်ဖက်သို့ ဆင်းလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လှေခါးထစ်များမှာ သစ်သားဖြင့် ပြုလုပ်ထားသည်က တစ်ကြောင်း၊ ရှေးနှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်သည်က တစ်ကြောင်းကြောင့် တကျွိကျွိနှင့် အသံများ မြည်နေလေသည်။

ခြေသံများနှင့် လှေခါးမှ မြည်သံများမှာ တိတ်ဆိတ်နေသော မြေတိုက်အခန်းထဲမှာ ပဲ့တင်ထပ်နေလေသည်။

မြေအောက်ခန်းမှာ အတော်နက်သောကြောင့် လှေခါးနှစ်ဆစ်ချိုး ကွေ့ဆင်းရသည်။

မြေအောက်ကြမ်းပြင်သို့ ရောက်၍ လက်နှိပ်မီးဖြင့် ထိုးကြည့်လိုက်သောအခါ အခန်းကျယ်ကြီးအတွင်းမှာ ရုပ်ထုများကို တွေ့ရလေသည်။

"ဒီမြေအောက်အခန်းထဲမှာ ရုပ်ထုတွေ အများကြီး ရှိနေပါလား၊ ငါလိုချင်တဲ့မြေပုံနဲ့ မှတ်တမ်းက ကျားရုပ်တစ်ရုပ်ရဲ့ဝမ်းဗိုက်ထဲမှာ ရှိတယ်ဆိုတော့ ကျားရုပ်တွေကို လိုက်ရှာကြည့်ရမယ်"

ဟု တွေးကာ မီးရောင်ဖြင့် ထိုးကာ အရုပ်များကို တစ်ရုပ်ချင်း လိုက်လံကြည့်ရှုလေသည်။

အရုပ်များမှာ ရှေးနှစ်ပေါင်းများစွာက ထည့်ထားခဲ့ဟန်ရှိသဖြင့် ဖုံများ အလိမ်းလိမ်း တက်နေလေသည်။

ဖယောင်းဖြင့် ပြုလုပ်ထားသော လူရုပ်များ၊

ကျားတစ်ပိုင်း လူတစ်ပိုင်းဖြစ်နေသည့်အရုပ်များ၊

ကျားရုပ်များပင်ဖြစ်သည်။





အချို့ကျားများမှာ အရုပ်မဟုတ်ဘဲ သေဆုံးသွားသောကျားကို ပုံစံမပျက် ထားရှိခြင်းဖြစ်ရာ အသက်ရှိနေသော ကျားတစ်ကောင်အတိုင်း သဏ္ဌာန်တူလေသည်။

မီးရောင်နှင့် ထိုးလိုက်တိုင်း ၎င်းတို့၏မျက်လုံးများမှာ ရဲရဲနီလျက်ရှိရာ ယခုပင် အသက်ဝင်လာပြီး ခုန်အုပ်တော့မည့်ဟန်မျိုး ရှိလေသည်။

အချို့အရုပ်များမှာ မီးရောင်နှင့် လှမ်းထိုးလိုက်သောအခါ နံရံပေါ်မှာ အရိပ်မည်းကြီးများ ပေါ်လာလေသည်။

ထိုအခါ အရုပ်ပုံစံက တစ်ခြား၊ နံရံမှာ ပေါ်နေသည့်အရိပ်ပုံစံက တခြားဖြစ်နေသည်ကို အံ့ဩဖွယ်ရာ မြင်ရလေသည်။

လူရုပ်တစ်ရုပ်ကို မီးရောင်ဖြင့် ထိုးလိုက်ပါက နံရံပေါ်မှာထင်နေသောအရိပ်က လူရိပ်မဟုတ်ဘဲ ကျားတစ်ကောင်၏ပုံရိပ်မျိုး ဖြစ်နေသလို. . .

ကျားတစ်ကောင်ကို မီးရောင်ဖြင့် ထိုးလိုက်ပါက နံရံပေါ်မှာ ထင်နေသောအရိပ်က လူတစ်ယောက်၏အရိပ်မျိုး ဖြစ်နေတတ်သည်။

အချို့လူရုပ်များမှာ ရှေးကျားနက်ဂိုဏ်း၏ ခေါင်းဆောင်တို့၏ပုံများ ဖြစ်ဟန်ရှိပြီး တစ်နေရာမှာတော့ သူကြီးကတော်ဒေါ်မင်းရေးနှင့် ပုံပန်းသဏ္ဌာန်တူသော ဖယောင်းရုပ်တစ်ရုပ်ကိုတွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒါ ရွာလူကြီးကတော် ဒေါ်မင်းရေးရဲ့ပုံပါလား၊ ဟင်. . ဒီမှာလည်း သူ့ရဲ့သမီး မဟူရာဆိုတဲ့ မိန်းကလေးနဲ့ အတော်တူတဲ့ အရုပ်တစ်ရုပ်ပါလား၊ ဒီအရုပ်တွေကို မြေအောက်အခန်းထဲ လာ ထည့်ထားတာ သိပ်ကြာပုံ မရသေးဘူး၊ သူတို့ ဒီအခန်းထဲ ရောက်အောင် ဘယ်လို လာထည့်ကြပါလိမ့်"

ဦးဘသိန်းဟန်က စဉ်းစားရင်း သူဆင်းလာသော မြေ အောက်ခန်း ဆင်းသည့် လှေခါးရှိရာဘက်သို့ မီးရောင်ဖြင့် ထိုး ကြည့်တော့လည်း အခြေအနေက မထူးခြားပေ။

ဦးဘသိန်းဟန်သည် လက်နှိပ်မီးရောင်ကို အသုံးပြုကာ မြေအောက်ခန်းထဲရှိ အရုပ်များကို နှံ့အောင် လိုက်ကြည့်နေလေ သည်။

မြေတိုက်ခန်းထဲမှာ အမှောင်ထုများက ပိတ်ဖုံးလျက် ရှိရာ သူမီးထိုးရာနေရာတဝိုက်သာ အလင်းရောင်က ရှိလေ သည်။

သူသွားလေရာနောက်သို့ ရုပ်ထုများ၏မျက်လုံးများက ရွေ့လျားကာ လိုက်လံကြည့်ရှုနေကြသည်ကိုတော့ ဦးဘသိန်း ဟန်တစ်ယောက် သတိမမူမိပေ။

ကျားများသည်လည်းကောင်း၊

ကျားတစ်ပိုင်း လူတစ်ပိုင်း သတ္တဝါများသည်လည်း ကောင်း သူသွားရာ ကျောဘက်မှ မျက်လုံးများ ရွေ့ကာ လိုက် ကြည့်နေပြီး ယခုပင် နောက်မှ ခုန်အုပ်တော့မည့်ဟန်မျိုး ရှိကြ





လေသည်။

တစ်ကြိမ်မှာတော့ ထိုအခြေအနေကို ဦးဘသိန်းဟန် သတိပြုမိသွားလေသည်။

"ဟင်. . . ဒီဒေါ်မင်းရေးရဲ့အရုပ်က စောစောက သူ့ မျက်နှာတည့်တည့်အနေအထားပါ၊ အခု ငါရှိတဲ့ဘက်ကို ခေါင်း လှည့်ကြည့်နေပါလား၊ ငါစိတ်ထင်လို့ပဲလား၊ ဒါမှမဟုတ်အကြည့် များ လွဲရှော့သလား"

ဟု တစ်ယောက်တည်း ဗလေဗလံ တွေးကာ အခန်း ထောင့်ဘက်သို့ လျှောက်လာလေသည်။

ထိုနေရာမှာ စင်မြင့်တစ်ခုပေါ်မှာ ထောင်ထားသော ကျားရုပ်ကြီးတစ်ကောင် ရှိလေသည်။

သူသည် ထိုကျားရုပ်ကြီးအနီးသို့ ကပ်သွားရင်းနှင့် ကျောထဲမှာ စိမ့်ကနဲ စိမ့်ကနဲ ဖြစ်လာမိသည်။

သူ့စိတ်ထဲမှာ မမြင်ရသော အရိပ်တစ်ခုက သူ့နောက်မှ ကပ်လိုက်နေသကဲ့သို့၊ ဒါမှမဟုတ် မမြင်ရသော အခြားလှိုင်းကြီး တစ်ခုက အနားမှာ ကပ်နေသကဲ့သို့ ထင်မိလေသည်။

သူ လေ့လာမိသလောက်ကတော့ ဝိညာဉ်များ အနား ကပ်လာလျှင် ၎င်းတို့၏အအေးဓါတ်လှိုင်းများက လူကျောဘက် ရှိ အာရုံကြော(နာမ်လှိုင်း)ထဲသို့ ဝင်ရောက်ရိုက်ခတ်လေ့ရှိသည် ဟု ကြားဖူးသည်။

ထို့ကြောင့်. . .



www.burmeseclassic.com

www.burmeseclassic.com


ကျောထဲမှာ စိမ့်ကနဲဖြစ်သွားခြင်း၊

ကြက်သီးထခြင်းများ ဖြစ်တတ်ကြပေသည်။

"အင်းလေ. . . ဒီလောက်ရှေးကျတဲ့နေရာတစ်ခုမှာ ဝိညာဉ်တွေ ရှိနေတယ်ဆိုတာလည်း သဘာဝကျပါတယ်၊ ဒါတွေဟာ ထူးဆန်းတဲ့ကိစ္စမှ မဟုတ်တာ၊ ငါလုပ်ရမယ့်အလုပ်ကို မြန်မြန်ပြီးအောင်လုပ်မှ"

ဟု စဉ်းစားကာ စင်မြင့်ပေါ်မှာ တင်ထားသော ကျားရုပ်ကြီး ရှိရာသို့ ချဉ်းကပ်သွားလေသည်။

ကျားရုပ်ကြီးအနီးသို့ ရောက်လာအခါ အသေအချာ အကဲခတ်ကြည့်လိုက်သည်။

"အင်း. . . ကျားကတော့ တကယ့်သက်ရှိကျားတစ်ကောင်အတိုင်းပဲ၊ ပေစာထဲမှာ ပါတဲ့အတိုင်းဆိုရင်တော့ ဒီကျားရုပ်ကြီးရဲ့ဝမ်းဗိုက်ထဲမှာ မြေပုံလမ်းညွှန်နဲ့ လျှို့ဝှက်မှတ်တမ်းတွေ ရှိတယ်လို့ ညွှန်ပြထားတယ်၊ ဟုတ်မဟုတ် ရှာကြည့်ရမယ်"

ဟု ပြောကာ လက်နှိပ်ဓာတ်မီးခလုတ်ကို အသေဖွင့်ကာ မလှမ်းမကမ်းရှိ အရုပ်တစ်ခုပေါ်သို့ တင်ထားလိုက်သည်။

ပြီးလျှင် ကျားရုပ်ကြီး၏ဝမ်းဗိုက်သို့ လက်ဖြင့် စမ်းကြည့်လိုက်သည်။

ထိုသို့ စမ်းကြည့်နေစဉ်မှာပင် သူ့စိတ်တွေက လှုပ်ရှားလျက်ရှိနေသည်။

ကျားရုပ်ကြီး၏ဝမ်းဗိုက်တစ်နေရာတွင် အပေါက်တစ်ပေါက်ရှိပြီး ထိုအပေါက်ထဲသို့ လက်နှိုက်ကြည့်လိုက်ရာ အထဲ၌ သေတ္တာနှင့် တူသော ရှည်မျောမျော အရာတစ်ခုကို လက်ဖြင့် စမ်းသပ်မိလေသည်။

ထိုလှုပ်ရှားမှုကြောင့် အရုပ်တစ်ခုပေါ်၌ တင်ထားသော လက်နှိပ်မီးမှာ အောက်သို့ ပြုတ်ကျသွားပြီး မီးလည်း ငြိမ်းသွားလေတော့သည်။

လက်နှိပ်ဓါတ်မီး မီးရောင်ပျောက်သွားသောအခါ အခန်းတစ်ခုလုံး အမှောင်အတိဖုံးသွားလေတော့သည်။

ဦးဘသိန်းဟန်သည် ကျားရုပ်ကြီး ဝမ်းဗိုက်ထဲမှ အရာဝတ္ထုကို ဆက်မနှိုက်တော့ဘဲ လက်နှိပ်မီး ကျသွားသောနေရာသို့ သွားကာ လိုက်လံရှာဖွေလေသည်။

သို့သော်လည်း အမှောင်ထဲမှာ ဖြစ်နေသောကြောင့် ချက်ချင်း ရှာမတွေ့ဘဲဖြစ်နေသည်။

ထိုအခိုက်မှာပင် မြေအောက်ခန်းတစ်နေရာဆီမှ 'ကျွီ' ကနဲ မြည်သံနှင့်အတူ တံခါးပွင့်သွားသံကို ကြားရလေသည်။

"ဝေါင်း"

တံခါးပွင့်သွားသံနှင့်အတူ ကျားဟိန်းသံကြီးကိုပါ ကြားလိုက်ရလေသည်။ ထိုအသံကို ကြားလိုက်ရသည်နှင့် ဦးဘသိန်းဟန်က ခါးကြားမှာ ထိုးထားသော သေနတ်ကို ဆွဲထုတ်လိုက်ပြီး ကြမ်းပြင်ပေါ် ကျသွားသော လက်နှိပ်ဓါတ်မီးကို အလျင်အမြန် လိုက်လံရှာဖွေနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝေါင်း"

နောက်တစ်ကြိမ် ကြားလိုက်ရသော ကျားဟိန်းသံက ပို၍နီးကပ်သောနေရာ ရောက်လာသောကြောင့် မြေအောက်ခန်း တစ်ခုလုံး ဆူညံသွားလေတော့သည်။

ခဏကြာတော့ အမှောင်ထဲမှာ ဟင်္သာပြဒါးကဲ့သို့ နီရဲနေသော မျက်လုံးအစုံကို အရင်မြင်ရသည်။

လက်ထဲမှာ သေနတ်ဖြင့် လှမ်းချိန်လိုက်တော့ လှစ်ကနဲ ပြန်ပျောက်သွားလေသည်။

အခန်းထဲသို့ လှည့်ပတ်ကြည့်လိုက်တော့ သူနှင့် မနီးမဝေးနေရာမှာ နီရဲသော မျက်လုံးအစုံကို ထပ်မံတွေ့ရပြန်သည်။

သေနတ်နှင့် ချိန်လိုက်တော ပျောက်သွားပြန်သည်။

အခြေအနေ မဟန်မှန်း သိလိုက်သဖြင့် ဦးဘသိန်းဟန်သည် အမှောင်ထဲမှာပင် လှေခါးထစ်များ ရှိရာဆီသို့ မှန်းကာ ပြေးလေတော့သည်။ သို့သော်လည်း မှောင်ပိန်းနေသောအခန်း ထဲမှာမို့ အရုပ်များနှင့် တိုက်မိကာ ကြမ်းပြင်ပေါ်သို့ ပစ်လဲကျသွားလေသည်။

"ဝုန်း. ."

ကြမ်းပြင်ပေါ်သို့ လဲကျသွားပြီးနောက် ကျားဟိန်းသံကြီး ထပ်မံပေါ်လာပြီးနောက် ဦးဘသိန်းဟန်၏ကြောက်လန့်ဖွယ်ရာ အော်သံကြီး ပေါ်ထွက်လာလေတော့သည်။

"အား. . ."





ထိုအော်သံကြီး ပေါ်လာပြီးနောက် မြေအောက်အခန်းထဲမှာ ပြန်လည်တိတ်ဆိတ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၅)

# လူသတ်တရားခံ ဘယ်သူလဲ

ကျော်စွာသည် မြေတိုက်ခန်းထဲမှာ ဖခင်ကြီး သေဆုံးသွားကြောင်း သိရလျှင်သိချင်း ပင်လယ်ဘူးသို့ ဆင်းကာ သက်ဆိုင်ရာများသို့ တိုင်ချက်ဖွင့်ကာ အကြောင်းကြားလေသည်။

ထိုအခါ အထက်အရာရှိများက ညွှန်ကြားသဖြင့် ပင်လယ်ဘူး ဂါတ်တဲမှ စုံထောက်အင်စပက်တော် ကိုသောင်းထိုက်နှင့် ပုလိပ်အချို့ လိုက်လာကြလေသည်။

၎င်းတို့သည် ပင်လယ်ဘူး ဂျစ်ကားဖြင့် နမ္မားရွာရောက်အောင် တက်လာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နမ္မားရွာရောက်ပြီး တိုက်နီကြီး ရှိရာသို့ ရောက်သော အခါ ကိုသောင်းထိုက်က အိမ်ကြီး၏အတွင်းအပြင် ပတ်ဝန်းကျင်ကိုသော်လည်းကောင်း၊ ဦးဘသိန်းဟန် အလုပ်ခန်းနှင့် ရှေးဟောင်းပစ္စည်းများ ထားသော အခန်းများကို သေသေချာချာ လှေ့လာကြည့်ရှုလေသည်။

ထိုသို့စစ်ဆေးကြည့်ရှုသောအခါ အလုပ်ခန်းထဲရှိ မီးဖိုကြီးထဲတွင် တစ်ပိုင်းတစ်စ မီးလောင်ထားသော စာရွက်စာတမ်းများ၊ ပေစာ၊ ပုရပိုဒ်အထပ်များကို တွေ့ကြရသည်။

စာရွက်စာတမ်းများမှာ တစ်ပိုင်းတစ်စသာ မီးလောင်ကျွမ်းထားပြီး အချို့တဝက် ကျန်နေသေးသောကြောင့် စစ်ဆေးကြည့်ရှုရသေး၏။

"ဒါ ဖေဖေရဲ့မှတ်တမ်းတွေပဲ၊ တစ်စုံတစ်ယောက်က ဒီမှတ်တမ်းတွေကို မီးရှို့ဖျက်ဆီးသွားတာ ဖြစ်ရမယ်"

ကျော်စွာစကားကြောင့် ကိုသောင်းထိုက်က ထိုစာရွက်စာတမ်းများ၊ ပေစာပုရပိုဒ်များကို အသေအချာ ကြည့်ရှုရင်း ပတ်ဝန်းကျင် အနီးတစ်ဝိုက်တွင် ပြာမှုန့်များပေါ်မှာ နင်းလျှောက်သွားသော ခြေရာများနှင့် မီးဖိုနံဘေးရှိ တိုက်နံရံပေါ်မှ ကိုင်ထားသော လက်ရာအချို့ကိုလည်း တွေ့ရလေသည်။ ကိုသောင်းထိုက်က လက်ရာခြေရာများကို ကြည့်ပြီး. . .

"ဒါ ယောကျ်ားတစ်ယောက်ရဲ့ခြေရာလက်ရာတွေ မဟုတ်ပါလား၊ အသက်ငယ်သေးတဲ့ မိန်းကလေးတစ်ယောက်ရဲ့





ခြေရာလက်ရာမျိုးတွေပဲ၊ အသက်ကြီးတဲ့ အမျိုးသမီးဆိုရင် အလယ်ခွက်ပြီး ခြေနည်းနည်းခွင်တယ်၊ အသက်ငယ်တဲ့သူက ခြေရာပြည့်တယ်"

မှတ်ချက်ချသည်။

ထိုစကားကြားသော ကျော်စွာစိတ်ထဲမှာ မဟူရာကို သတိရလိုက်လေသည်။ ဒါပေမယ့် ဦးဘသိန်းဟန် သေဆုံးသွားသောအချိန်က မဟူရာအနားမှာ သူတစ်ချိန်လုံး ရှိနေခဲ့သည်။

နောက်. . မဟူရာက အိပ်ယာမှ မထနိုင်သေး။

"သူတို့က ရုပ်ပြောင်းနာမ်ခွာ လုပ်နိုင်တယ်ဆိုတော့ လူက တစ်နေရာမှာ ရှိပေမယ့် ကိုယ်ပွားတစ်ယောက်ယောက်က တစ်နေရာမှာ ရောက်ချင်ရောက်နိုင်တာပဲ"

ဟုလည်း တဖက်မှ သံသယအတွေး ဝင်မိလေသည်။

ထို့နောက်. . .

ဦးဘသိန်းဟန် သေဆုံးသွားသော မြေအောက်အခန်းတွင်းသို့ ဆင်းကြည့်ရန် ပြင်ကြလေသည်။

ထိုသို့ မဆင်းမီ ကိုဘဖဲနှင့် မြလေးခင်တို့ကို မေးသင့်မေးထိုက်တာ မေးကြည့်ရသည်။

ကိုဘဖဲကတော့. . .

"ဆရာကြီးက မြေတိုက်ခန်းထဲ မဆင်းခင် ကျွန်တော့်ကို တိုက်တံခါးပေါက်ဝနားမှာ စောင့်ပါဆိုလို့ စောင့်နေရပါတယ်"

ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားစောင့်နေတဲ့အချိန်မှာ ဒီတိုက်ကြီးထဲကို တခြား လူတွေ အဝင်အထွက် ရှိသလား"

"ဘယ်သူမှ လာတာ မတွေ့ရပါဘူး"

မြလေးခင်ကတော့. . .

"ကျွန်မကိုတော့ ဘဘကြီးက အောက်ထပ်အလုပ်ခန်း ထဲမှာ စောင့်နေခိုင်းပါတယ်၊ အောက်ထပ်က အော်သံကြား တော့မှ ကျွန်မ ကိုဘဇံကို အကြောင်းကြားပြီးတော့ မြေအောက် ခန်းထဲကို ဆင်းကြည့်ကြတာပါ"

"မင်းတို့ ရောက်သွားတော့ ဦးဘသိန်းဟန် အသက်ရှိ သေးလား"

"အဲဒါလည်း မသိပါဘူးရှင်"

"ဦးဘသိန်းဟန်ကို တွေ့တော့ အခြားဘာတွေများ လုပ် မိသေးလဲ"

"တခြား ဘာမှတော့ မလုပ်မိပါဘူး၊ မြေတိုက်ခန်းထဲမှာ ဘဘကြီး လဲနေတာ တွေ့တာနဲ့ ချက်ချင်းအပေါ်ပြန်တက်ကြပြီး ရွာထဲ ရောက်နေတဲ့ အစ်ကိုကျော်စွာကို ချက်ချင်းအကြောင်း ကြားတာပါပဲ"

ထိုသို့ မေးမြန်းပြီးနောက် ရေနံဆီမီးအိမ်များကို ထွန်း၍ မြေတိုက်ခန်းထဲသို့ ဆင်းကြလေသည်။

မြေတိုက်ခန်းထဲမှာတော့ အရုပ်များ ပြိုလဲနေပြီး အခန်း အလယ်လောက်မှာတော့ မှောက်ရက်အနေအထားဖြင့် လဲကျ





နေသော ဦးဘသိန်းဟန်အလောင်းကို တွေ့ကြရသည်။

အလောင်းအနီးမှာလည်း ကျားရုပ်ကြီးတစ်ရုပ်က လဲ ကျနေလေသည်။

ကျော်စွာကတော့ ဖခင်ဖြစ်သူ၏အဖြစ်ဆိုးကို မြင်ရ သောအခါ ရင်ထဲမှာ ဆို့နင့်နေပြီး မျက်ရည်မဆည်နိုင်အောင် ရှိလေသည်။

"ကျွန်တော် အတန်တန် တားတဲ့ကြားက ဇွတ်တိုးလုပ် လို့ ဖေဖေ အခုလို ဖြစ်ရတာ၊ ကျွန်တော် ဘယ်လိုဖြေနိုင်ပါ့မလဲ ဖေဖေရယ်၊ ဖေဖေ့ကို သတ်တဲ့ တရားခံကို ရအောင် ဖော်ထုတ် ပြီး စက်တိုင်ပို့နိုင်အောင် ကျွန်တော်ကြိုးစားပါ့မယ် ဖေဖေရယ်"

ဟု မျက်ရည်စက်လက်ဖြင့် ရေရွတ်ပြောဆိုနေလေ သည်။

"ကျွန်တော်လည်း စိတ်မကောင်းပါဘူး ဒေါက်တာ၊ ကျွန်တော်တို့ အမှုမှန် ဖော်ထုတ်နိုင်ဖို့အတွက် စစ်ဆေးစရာလေး တွေ စစ်ဆေးကြည့်ကြရအောင်ဗျာ"

ဟု ပြောကာ ဦးဘသိန်းဟန်၏အလောင်းအနေအထား ကို ထိတ်လန့်ဖွယ်ရာ တစ်ခုခုကို တွေ့လိုက်ရဟန်ဖြင့် မျက်လုံး များ ပြူးထွက်နေလေသည်။ ပါးစပ်မှာ ပွင့်လျက်သားဖြစ်နေပြီး အံ့သြနေဟန်လည်း ရှိလေသည်။

လက်ထဲမှာ ခြောက်လုံးပြူးသေနတ်ကို ဆုပ်ကိုင်ထား သော်လည်း တစ်ချက်မှ မပစ်ရသေးပေ။



www.burmeseclassic.com

www.burmeseclassic.com



ဗင်း၏လည်ပင်းတစ်ဝိုက်မှာ အစွယ်ရာကဲ့သို့ အပေါက်များရှိနေပြီး ထိုဒဏ်ရာများမှ သွေးများ ဒရဟော ကျဆင်းနေသည်။

ဦးဘသိန်းဟန်၏လည်ပင်းတစ်ဝိုက်မှ ဒဏ်ရာမှာ သတ္တဝါတစ်ကောင်ကောင်၏အစွယ်ဒဏ်ရာ၊ ဒါမှမဟုတ် ချွန်ထက်သော လက်နက်တစ်ခုခုဖြင့် ထိုးမိဟန်ရှိပြီး ထိုဒဏ်ရာကြောင့်ပင် သေဆုံးသွားခြင်းဖြစ်လေသည်။

အလောင်း၏အနီးတဝိုက် ကြမ်းပြင်ပေါ်မှာတော့ ခြေရာများကို တွေ့ရလေသည်။

ကြမ်းပြင်ပေါ်မှာ ဖုံများ တက်နေသောကြောင့် ခြေရာများက အထင်းသား ပေါ်နေလေသည်။

ကျော်စွာနှင့် အင်စပက်တော် ကိုသောင်းထိုက်တို့က ခြေရာများကို အသေအချာ ကြည့်ကြသောအခါ ကျားခြေရာများနှင့် မိန်းကလေးတစ်ယောက်၏ခြေရာများ ရောထွေးနေသည်ကို တွေ့ကြရသည်။

"ကျွန်တော့်အထင် ပြောရရင်တော့ အပေါ်က မီးဖိုနံဘေးနားမှာ တွေ့ခဲ့တဲ့ မိန်းမခြေရာနဲ့ ဒီမြေတိုက်ခန်းထဲမှာ တွေ့တဲ့ခြေရာက တစ်ယောက်ထဲ ဖြစ်မယ်ထင်တယ် ဒေါက်တာ"

"ဒါဖြင့် ဖေဖေ့ကို သတ်သွားတာ အမျိုးသမီးတစ်ယောက် ဖြစ်နိုင်တာပေါ့"





"ဒီလိုတော့ အတိအကျပြောလို့ မရသေးဘူး၊ ဒါပေမယ့် တစ်ခုပြောနိုင်တာကတော့ ဦးဘသိန်းဟန် သေရတာ သွေးရိုးသားရိုး သေတာ မဟုတ်သလို ဒီလူသတ်မှုမှာ အသက်အရွယ်ငယ်တဲ့ မိန်းကလေးတစ်ယောက် ပါတယ်ဆိုတာပဲ"

"ဒီအမှုမှာ မိန်းကလေးတစ်ယောက် ပါတာ မပါတာထက် ကျွန်တော် မသင်္ကာတဲ့လူတစ်ယောက်တော့ ရှိတယ် ကိုသောင်းထိုက်"

"ဘယ်သူလဲဗျ"

"ဒီအိမ်ကြီးမှာ အစောင့်အဖြစ် နေတဲ့ ကပ္ပိယဦးလွန်းအုံဆိုတဲ့ လူကြီးကို သိပ်မသင်္ကာချင်ဘူး၊ ဒီလူကြီးက ဒီမှာနေတာ အကြံအစည်တစ်ခုခုနဲ့ နေတာ ဖြစ်မယ်၊ နောက်ပြီး သူက ထံမန်းမျိုးနွယ်တွေနဲ့ အဆက်အသွယ် ရှိတဲ့သူ ဖြစ်ရမယ်၊ ဖေဖေ သေရတာ ကျားနက်ဂိုဏ်းသားတွေရဲ့လက်ချက်လည်း ဖြစ်နိုင်တယ်၊ ကျွန်တော်တော့ တစ်သက်မကျေနိုင်ဘူးဗျာ"

ဟု အံကို တင်းတင်းကြိတ်ကာ ပြောလိုက်လေသည်။

"စိတ်ကို တတ်နိုင်သမျှ လျှော့ထားပါ ဒေါက်တာ၊ အမှန်တရားဆိုတာ ဘယ်တော့မှ ကြာရှည်ဖုံးကွယ်လို့ မရပါဘူး၊ တစ်နေ့တော့ အမှုမှန် ပေါ်လာရမှာပါ"

ဟု ပြောကာ လိုအပ်သော စစ်ဆေးမှုများ ပြုလုပ်၍ ဦးဘသိန်းဟန်အလောင်းကို နမ္မားရွာအပြင်ဘက်ရှိ သင်္ချိုင်းသို့ ပို့ကာ သင်္ဂြိုဟ်ရန် စီစဉ်ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အသုဘကိစ္စကို ရွာလူကြီးဦးဇာမှိုင်းကိုယ်တိုင် ကမ ကထ ပြုကာ ရွာသူရွာသားများက ဝိုင်းဝန်းဆောင်ရွက်ပေးကြ လေသည်။

အသုဘချသည့်နေ့က ထူးထူးခြားခြား မိုးများ အုံ့မှိုင်း နေလေသည်။ နမ္မားရွာသင်္ချိုင်းမှာ ရွာအပြင်ဘက် တောစပ်၌ ရှိလေသည်။ သူတို့တတွေ အသုဘကို မြေမြှုပ်ရန် ပြင်ဆင်နေ သောအချိန်တွင် တစ်ကိုယ်လုံး အဝတ်နက်များ ဝတ်ဆင်ထားပြီး ဦးခေါင်းကိုလည်း ပုဝါအနက်တစ်ထည်ဖြင့် ဖုံးအုပ်ထားသော အမျိုးသမီးက သစ်တောစပ်တစ်နေရာမှ ရပ်ကြည့်နေလေ သည်။

အားလုံးက အမှတ်တမဲ့မို့ ဘယ်သူမှ မမြင်ကြပေ။

အတန်ကြာမှ ကိုဘဇံက မြင်သွားပြီး ကျော်စွာကို လက် တို့ပြောလိုက်သည်။

"ဆရာ. . . ဟိုတောစပ်မှာ အဝတ်နက်တွေ ခြုံထားတဲ့ မိန်းမတစ်ယောက် ရပ်ကြည့်နေတယ် ဆရာ"

ကျော်စွာ လှည့်ကြည့်လိုက်တော့ ထိုမိန်းကလေးက သစ်တောထဲသို့ လှစ်ကနဲ ပြန်ဝင်သွားလေသည်။

ကျော်စွာစိတ်ထဲမှာ မကျေမနပ်ဖြစ်သွားသည်။

အကယ်၍သာ အသုဘကိစ္စ မရှိလျှင် နောက်မှ လိုက် သွားဖို့ သေချာလေသည်။

ဦးဘသိန်းဟန် အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ပြီးသော





အခါ အသုဘ လာပို့သူအားလုံး ရွာထဲသို့ ပြန်ဝင်သွားကြလေ တော့သည်။

စောစောက တောစပ်၌ ရပ်နေသော မိန်းကလေးသည် တောတွင်းတစ်နေရာသို့ ရောက်သောအခါ ရပ်လိုက်လေသည်။

တောတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

ထိုနေရာသည် တောင်ကုန်းထိပ် တစ်နေရာဖြစ်ပြီး တောအုပ်များ ထူထပ်သော နေရာလည်းဖြစ်သည်။

သူမ ရပ်နေစဉ် တောထဲမှ ကျားဟိန်းသံကြီး ပေါ်လာ သည်။

"ဝေါင်း. ."

သို့တိုင်အောင် အဝတ်နက်ခြုံထားသော မိန်းကလေးက ကြောက်ရွံ့မှု အလျဉ်းမရှိပဲ နေရာမှာ ရပ်မြဲရပ်နေသည်။

"ဝေါင်း. ."

နောက်တစ်ကြိမ် ကျားဟိန်းသံကြီး ပေါ်လာပြီးနောက် ကျားနှင့် သဏ္ဍာန်တူသော မျက်နှာမျိုးနှင့် လူကြီးတစ်ယောက် လွှားကနဲ ခုန်ထွက်လာသည်။

သို့သော်. . .

မျက်နှာကိုတော့ အဝတ်နက်ဖြင့် ဖုံးကွယ်ထားလေ သည်။

ထိုလူကြီးက မိန်းကလေး ရပ်နေသောနေရာနှင့် မလှမ်း မကမ်း၌ ရပ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်လုပ်ခဲ့တဲ့အလုပ်တွေက တစ်ခုမှ မသေသပ်ပါလား၊ ရန်သူလက်ထဲမှာ ရှိတဲ့ မှတ်တမ်းတွေကို မီးရှို့ဖျက်ဆီးခဲ့ပါ ဆိုတော့လည်း အပြီးမသတ်ခဲ့ဘူး၊ တစ်ပိုင်းတစ်စတွေ ကျန်ရစ်ခဲ့ တယ်"

"လုပ်နေရင်းနဲ့ ရန်သူတွေ ရောက်လာလို့ အချိန်မရ တော့လို့ အခုလို ကျန်ရစ်ခဲ့တာပါ"

"အဲဒီနားတစ်ဝိုက်မှာရော မြေအောက်အခန်းထဲက သေတဲ့လူရဲ့အနားမှာပါ နင့်ခြေရာတွေ ကျန်ခဲ့တယ် မဟုတ်လား၊ ပုလိပ်တွေက အဲဒီခြေရာတွေကို ကြည့်ပြီး သဲလွန်စတွေ လိုက်ရှာ နေကြပြီ၊ အလုပ်က တစ်ခါတည်း ပြီးရမှာ မပြီးခဲ့ဘူး၊ နင့်အပြစ် ကို နင်သိတယ် မဟုတ်လား"

"သိပါတယ်"

"နင့်ကို တစ်ခါတည်း မှာထားမယ်၊ ပုလိပ်တွေက ငါတို့ လုပ်တဲ့အလုပ်တွေကို ခြေရာခံမိသွားရင် ကိုယ့်အပြစ်ကို ကိုယ်ခံ တဲ့အနေနဲ့ ကိုယ့်ကိုယ်ကို သတ်သေရလိမ့်မယ် ကြားလား"

"ကောင်းပါပြီ"

"အခု တို့အတွက် အမိက ရန်သူတစ်ယောက်တော့ ရှင်းသွားပေမယ့် နောက်ထပ်တစ်ယောက် ကျန်နေသေးတယ် မဟုတ်လား၊ ဒီတစ်ယောက်ကို သုတ်သင်ရှင်းလင်းပစ်ဖို့ နင် တာဝန်ယူတယ် မဟုတ်လား"

"ယူပါ့မယ်"





"ကောင်းပြီ. . . ဒီတစ်ကြိမ်မှ ပြီးမြောက်အောင် မဆောင်ရွက်နိုင်ခဲ့ရင် နင့်ကို ငါကိုယ်တိုင် သတ်ပစ်မယ်"

ဟု ပြောဆိုကာ ကျားမျက်နှာနှင့်လူကြီးက တောထဲသို့ လှည့်သွားကာနဲ့ ပြန်ခုန်ဝင်သွားလေသည်။

အဝတ်နက်များ ခြုံထားသော မိန်းကလေးက နေရာ တွင် အတန်ကြာအောင် ရပ်နေပြီးမှ တရွေ့ရွေ့နှင့် တောထဲသို့ ဝင်သွားလေတော့သည်။

တောနက်ထဲမှာတော့ တိတ်ဆိတ်ခြင်းက ပြန်လည် မင်းမူသွားပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၆)

# မြလေးခင်(သို့မဟုတ်) မဇ္ဈမနုဿသားကောင်

ညအမှောင်ထုက နမ္မားတစ်ရွာလုံးသာမက ပတ်ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်းထားလေသည်။

တိုက်နီကြီးတစ်ဝိုက်မှာလည်း အမှောင်ထုများက ဖုံးအုပ်ထားရာ မည်သည့်အရာကိုမှ သဲသဲကွဲကွဲ မမြင်ရပေ။

အမှောင်ထဲ၌ မည်းမည်းကြီး ရှိနေသော တိုက်နီကြီး၏ သဏ္ဍာန်မှာ မကောင်းဆိုးဝါးကြီးတစ်ကောင် ငုတ်တုတ်ထိုင်နေသကဲ့သို့ ရှိနေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



သက်ခြင်းများက မင်းမူလျက် ရှိနေသော်လည်း တစ်ခါတစ်ရံ အဝေးဆီမှ ခွေးဟောင်သံ၊ ခွေးအူသံများကတော့ ပေါ်ထွက်လျက်ရှိသည်။

တိုက်နီကြီးအတွင်းမှာလည်း ဦးဘသိန်းဟန် သေဆုံးသွားပြီးနောက်ပိုင်းတွင် ပိုမိုချောက်ခြားဖွယ်ရာ ဖြစ်နေတော့သည်။

ထိုအချိန်တွင် တိုက်နီကြီးအတွင်းသို့ တစ်ကိုယ်လုံး အဝတ်နက်များ ခြုံထားသော လူတစ်ယောက် ဝင်လာလေသည်။

သူသည် သာမန်တံခါးပေါက်မှ ဝင်လာခြင်းမျိုး မဟုတ်ပဲ လျှို့ဝှက်အပေါက်မှ အတွင်းသို့ ဝင်လာခြင်းဖြစ်သည်။

ဝင်လာသော မည်းမည်းသဏ္ဍာန်သည် အမှောင်ထဲမှာ ပင် ဖြစ်လင့်ကစား ကျော်စွာ ရှိသောအခန်းဘက်သို့ တည့်တည့်မတ်မတ် ဝင်သွားလေသည်။

ထိုအချိန်တွင် ကုတင်ပေါ်မှာ ကျော်စွာတစ်ယောက်တည်း လှဲနေရင်းမှ အခန်းအပြင်ဘက်မှ ခြေသံလိုလို ကြားရသဖြင့် ခေါင်းအုံးနားမှာ ချထားသော ခြောက်လုံးပြူးသေနတ်ကို လက်ဖြင့် စမ်းကြည့်လိုက်သည်။

အရေးအကြောင်းရှိလျှင် အဆင်သင့်ဖြစ်စေရန် သူ ခေါင်းအုံးနားမှာ လက်နှိပ်ဓါတ်မီးတစ်လက်နှင့် သေနတ်တစ်လက်ကို အဆင်သင့် ထားလေသည်။





ခဏကြာတော့ အခန်းတံခါးချပ် ကျွိကနဲ ပွင့်သွားလေသည်။ အခန်းထဲမှာ ရေနံဆီမီးအိမ်ကို အလင်းရောင် လျှော့ကာ ထွန်းထားသဖြင့် မှုန်ဝါးဝါး မြင်နေရသည်။

ပထမ အခန်းပေါက်ဝမှာ အရိပ်မည်းတစ်ခု ပေါ်လာပြီးနောက် ခြေထောက်ကို ဖွကာ အခန်းထဲ ဝင်လာသည်။

မည်းမည်းသဏ္ဍာန်က ကုတင်နံဘေးသို့ ရောက်လာသောအခါ လက်ထဲမှ ကိုင်လာသော ဓါးဖြင့် အပေါ်မှ စိုက်ချလိုက်သည်။

ကျော်စွာက သတိထားနေသူမို့ မိမိကိုယ်ပေါ်သို့ ဓားကျလာသည်နှင့် ဘေးသို့ လိမ့်ရှောင်ကာ ရန်သူရင်ဝကို ခြေထောက်ဖြင့် ဆောင့်ကန်လိုက်သည်။

ရန်သူလဲကျသွားသည်နှင့် သေနတ်ကို ကိုင်၍ နေရာမှ ထကာ စားပွဲပေါ်မှ မီးအိမ်ကို မီးစာမြှင့်လိုက်သည်။

ရန်သူက ကြမ်းပြင်ပေါ်မှ ပြန်ထလာသည်။

ကျော်စွာက သေနတ်ဖြင့် ချိန်ထားလိုက်ရင်း. . .

"မလှုပ်နဲ့နော်. . . ပစ်ထည့်လိုက်မယ်၊ မင်းဘယ်သူလဲဆိုတာ သိရအောင် မျက်နှာပေါ်က အဝတ်ကို ဖယ်လိုက်စမ်း"

ရန်သူက ဦးခေါင်းပေါ်မှ ဖုံးအုပ်ထားသော အဝတ်အမည်းစကို ဖယ်ပစ်လိုက်သည်။

ရန်သူ၏မျက်နှာကို မြင်လိုက်ရသောအခါ ကျော်စွာမှာ များစွာအံ့သြသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . မြလေးခင်"

"ဘာမြလေးခင်လဲ. . . ငါ မြလေးခင် မဟုတ်ဘူး"

မြလေးခင်က မျက်ထောင့်နီကြီးများဖြင့် ကြည့်ကာ အသံမာမာဖြင့် ပြန်ပြောလေသည်။

"ပြောစမ်း မြလေးခင်၊ မင်းဘယ်လိုဖြစ်သွားတာလဲ၊ အခု ဘာတွေလုပ်နေတာလဲ"

"အခု နင့်ကို သတ်မလို့ လာတာလေ၊ နင်တို့သားအဖ နှစ်ယောက်က တို့ရဲ့လျှို့ဝှက်ထားတဲ့ပညာတွေကို ဖော်ထုတ်ယူဖို့ ကြိုးစားနေတာဆိုတော့ နင်တို့ကို သတ်ပစ်မှ အေးမှာ၊ ဒါကြောင့် တစ်ယောက်ကိုတော့ သတ်ပြီးပြီ၊ နင့်ကို သတ်ဖို့ကျန်နေသေး တယ်၊ ကဲ. . . သေပေတော့"

မြလေးခင်၏မျက်နှာမှာ သာမန်အခြေအနေမျိုး မဟုတ် တော့ဘဲ မိစ္ဆာတစ်ကောင် စီးနေသည့်ဟန်မျိုး ဖြစ်နေကာ ဘာကို မှ ဂရုမစိုက်တော့ပဲ ဓါးကို ကိုင်ကာ ရှေ့သို့ တိုးဝင်လာသည်။

"မင်း ရှေ့မတိုးနဲ့နော်၊ ငါ ပစ်လိုက်မယ်"

ကျော်စွာက သေနတ်ဖြင့် ချိန်ကာ ပြောသော်လည်း မရတော့ဘဲ ရန်ပြုရန် ရှေ့သို့ တိုးဝင်လာသဖြင့် ဓားကိုင်သော လက်ကို သေနတ်ဖြင့် ပစ်ချလိုက်သည်။

"ဒိုင်း. ."

"အား. ."

မြလေးခင်မှာ ဓားတစ်ခြား လူတစ်ခြားဖြစ်ကာ ကြမ်း





ပြင်ပေါ်သို့ ပစ်လဲကျသွားလေသည်။

သေနတ်သံကြောင့်ပင် စုံထောက် အင်စပက်တော် ကို သောင်းထိုက်နှင့် ပုလိပ်အချို့ ရောက်လာကြသည်။

"ဘာဖြစ်တာလဲ. . ဘာဖြစ်တာလဲ ဒေါက်တာ"

ကျော်စွာက ဘာမှ ပြန်မပြောပဲ လဲကျသွားသော မြ လေးခင် ရှိရာသို့ သွားကာ ပွေ့ယူလိုက်သည်။

"မြလေးခင်. . . မြလေးခင်"

ကျော်စွာခေါ်သံကြောင့် မြလေးခင်က တအင်းအင်းနှင့် ငြီးငြူနေရာမှ အတန်ကြာတော့ မျက်လုံးပြန်ပွင့်လာသည်။

"မြလေး. . မြလေးခင်. . မင်းသတိပြန်ရပြီလား"

"အစ်ကို"

"ဟင်. . . မင်း သတိရလာပြီ မဟုတ်လား"

မြလေးခင် မျက်နှာပေါ်သို့ မျက်ရည်များ စီးကျလာ သည်။

"ကျ. . ကျွန်မကို ခွင့်လွှတ်ပါ အစ်ကိုရယ်"

"မင်း ဘယ်လိုဖြစ်ပြီး ဒီဘဝမျိုး ရောက်သွားရတာလဲ၊ ပြောပြစမ်းပါ"

"တကယ်တော့ ကျွန်မက ကျားနက်ဂိုဏ်းသား တစ် ယောက်ပါ"

"ဟင်. ."

ထိုစကားကြားသောအခါ အံ့သြတုန်လှုပ်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မင်း. . မင်းက ကျားနက်ဂိုဏ်းသား ဟုတ်လား"

"ဟုတ်ပါတယ်. . . ဒါကို သိလို့ အဘက ဒီရွာမှာ မထားဘဲ အစ်ကိုတို့ဆီ လာပို့တာပါ၊ ဒါပေမယ့် ဖြစ်ချင်တော့ ဒီရွာကို တစ်ခေါက်ပြန်ရောက်ခဲ့ရတယ်၊ ဒီရောက်တော့ သူတို့ရဲ့အမိန့်ဩဇာကို မလွန်ဆန်နိုင်ပဲ သူတို့ ခိုင်းတာတွေကို လုပ်ပေးခဲ့ရတယ်"

"ဟင်. . . ဒါဖြင့် ဖေဖေ့ကို သတ်လိုက်တာ ဘယ်သူလဲ"

ဒေါသကြောင့် ကျော်စွာအသံမှာ အတော်ကလေး ကျယ်လောင်သွားသည်။

"မြေတိုက်ခန်းထဲမှာ ဘဘကြီးကို သတ်လိုက်တာ ကျွန်မပါပဲ၊ ဘဘကြီးရဲ့မှတ်တမ်းတွေကို မီးရှို့ဖျက်ဆီးခဲ့တာလည်း ကျွန်. . ကျွန်မပါပဲ"

ထိုအခါမှ မီးဖိုနံဘေး၌ တွေ့ရသော မိန်းမခြေရာနှင့် ဦးဘသိန်းဟန်အလောင်းနံဘေးမှ ခြေရာများ၏တရားခံမှာ ပေါ်လာလေတော့သည်။

"ကျေးဇူးတရားကိုမှ မထောက်၊ မင်း အတော်ရက်စက်တဲ့ မိန်းမပါလား"

ဟု ပြောကာ ပွေ့ထားသော မြလေးခင်ကို ကြမ်းပြင်ပေါ်သို့ လွှတ်ချလိုက်သည်။





ပခုံးမှာ သေနတ်ဒဏ်ရာ ရထားသော မြလေးခင်မှာ သွေးများ ဒရဟော ထွက်နေရာမှ အားယူကာ ပြန်ထလာသည်။

"ကျွန်မကို ခွင့်လွှတ်ပါ အစ်ကိုရယ်၊ တကယ်တော့ ဒါတွေဟာ ကျွန်မ လုပ်ချင်လို့ လုပ်နေရတာ မဟုတ်ပါဘူး၊ သူတို့ရဲ့ဝိညာဉ်တွေက ကျွန်မကိုယ်ထဲမှာ ဝင်စီးပြီး သူတို့ စေခိုင်းတဲ့အတိုင်း လုပ်ရတာပါ"

"ဒါဖြင့် မင်းတို့ ကျားနက်ဂိုဏ်းသား ခေါင်းဆောင်က ဘယ်သူလဲ၊ ဒေါ်မင်းရေးလား၊ သူ့သမီး မဟူရာလား"

"သူတို့က ဒုတိယအဆင့်လောက်ပဲ ရှိပါတယ်၊ ပထမခေါင်းဆောင်က အခု ကျားနက်တောင်ဂူမှာ ရှိပါတယ်၊ သူ. . သူက"

"ဒုတ်. ."

"အင့်. ."

ဘယ်နေရာက ဝင်လာမှန်း မသိသော မြားတံတစ်ချောင်းက မြလေးခင် ကျောပြင်ကို စိုက်ဝင်သွားပြီးတော့ ကြမ်းပြင်ပေါ်သို့ မှောက်ကျသွားလေတော့သည်။

"မြလေးခင်. . . မြလေးခင်"

မြလေးခင်တစ်ယောက် အသက်ပျောက်နေချေပြီ။

ထိုအခိုက်မှာပင် အပြင်ဘက်မှ သေနတ်သံအချို့ ကြားလိုက်ရသဖြင့် ထွက်ကြည့်ကြလေသည်။

"ဘာဖြစ်တာလဲဟေ့"



www.burmeseclassic.com

www.burmeseclassic.com



“ခြံထဲမှာ ကျားလိုလို လူလိုလို သတ္တဝါတစ်ကောင် တွေ့လို့ သေနတ်နဲ့ လှမ်းပစ်တာ မမိလိုက်ဘူး ဆရာ”

ပုလိပ်တစ်ယောက်က ပြောပြသည်။

“ဒါဟာ မြလေးခင်ကို လုပ်ကြံသွားတဲ့ တရားခံပဲ ဖြစ်ရမယ်၊ ဒီလိုဆိုရင် လူတွေကို နည်းအမျိုးမျိုးနဲ့ လုပ်ကြံသတ်ဖြတ်နေတဲ့ တရားခံကို မိဖို့ မဝေးတော့ဘူး”

“ဒါပေမယ့် သိတော့ သိထားရမယ်ဗျ၊ ဒီတရားခံက ရက်စက်သလောက် အကြံဉာဏ်လည်း ကောင်းပုံရတယ်”

“ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ. . . မကောင်းတာ လုပ်တဲ့လူက မကောင်းမှုဘေးက ဘယ်တော့မှ ပြေးမလွတ်ပါဘူး”

“ဒါဖြင့် ကျွန်တော်တို့ ကျားနက်ဂူကို လိုက်သွားကြရမှာပေါ့”

“လိုက်တော့ လိုက်သွားရမယ်၊ ဒါပေမယ့် ချက်ချင်းတော့ လုပ်လို့ မဖြစ်သေးဘူး၊ ဒီတစ်ခါတော့ အရေးကြီးတဲ့ တရားခံကို ဘယ်နည်းနဲ့မှ အလွတ်ပေးလို့ မဖြစ်သေးဘူး၊ အကွက်ကျကျနဲ့ စနစ်တကျ စီစဉ်ပြီးမှ လုပ်ကြတာပေါ့”

ထိုအခိုက်မှာပင် မြေအောက်အခန်းဘက်မှ မီးခိုးလုံးကြီးများ အပေါ်တက်လာသောကြောင့် အပေါက်ဝမှ သွားကြည့်သောအခါ မြေအောက်ခန်းတစ်ခုလုံး မီးတောက်ကြီးများ တောက်လောင်နေသည်ကို တွေ့မြင်ကြရသည်။

“အင်း. . . ကျွန်တော်တို့က ဒီဘက်မှာ အာရုံရောက်





နေတုန်း သူတို့က အကြံဦးသွားပြန်ပြီ၊ မြေအောက်ခန်းတစ်ခုလုံး မီးတောက်တွေ ထနေပြီဗျ”

“သူတို့ရဲ့မှတ်တမ်းတွေကို ယူမှာစိုးလို့ တစ်ခါတည်း လက်စဖျောက်လိုက်ကြတာ နေမှာပေါ့”

“ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ လူတွေကို အမျိုးမျိုး ဒုက္ခပေးနေတဲ့ မိစ္ဆာကောင်တွေကို လက်စသိမ်းပေးနိုင်ရင်တော့ ကျေနပ်ပြီဗျာ”

“ဒါပေမယ့် ကျွန်တော်တို့ စနစ်တကျ စီစဉ်မှ ဖြစ်မယ် ဒေါက်တာရဲ့၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော် အစီရင်ခံစာတွေမှာ တွေ့ရတာတော့ ကျားနဲ့ သဏ္ဌာန်တူတဲ့လူတွေဟာ အုပ်စုလိုက် ရှိကြသတဲ့၊ ဒါကြောင့် သူတို့နေရာကို သွားမယ်ဆိုရင် လူအင်အား နည်းနည်းနဲ့တော့ သွားလို့ မဖြစ်ဘူး”

“ဒီတော့ ကိုသောင်းထိုက်က ဘယ်လိုလုပ်ချင်သလဲ”

“ကျွန်တော် ပင်လယ်ဘူးကို ပြန်သွားပြီး မင်းကြီးထံကို အစီရင်ခံစာ ရေးတင်မယ်ဗျာ၊ ပြီးရင် လူအင်အားရောလက်နက် အင်အားပါ ထပ်ဖြည့်ပြီးမှ သွားကြရင် မကောင်းပေဘူးလား”

“ကောင်းတာပေါ့. . . ဒါပေမယ့် ဒီအကြောင်းတွေကိုတော့ လျှို့ဝှက်ပြီး လုပ်ကြမှ ဖြစ်မယ်၊ တကယ်လို့ သူတို့ သိသွားရင် အန္တရာယ်ရှိလာနိုင်တယ်”

“ဒီအတွက်တော့ စိတ်မပူပါနဲ့၊ ကျွန်တော်တို့ ပင်လယ်ဘူး ပြန်သွားတဲ့ရက်မှာ ဒေါက်တာသာ သတိဝီရိယနဲ့ ဂရုစိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နေပါ"

"ကောင်းပါပြီ"

မြေတိုက်ခန်းထဲမှ လောင်ကျွမ်းနေသော မီးတောက်များက မြေအောက်ခန်းတစ်ခုလုံးသာမက အပေါ်ထပ် ရောက်အောင် ကူးစက်လောင်ကျွမ်းလာပြီဖြစ်သောကြောင့် ကျော်စွာတို့လည်း မိမိတို့၏အရေးကြီးသောပစ္စည်းများကို စုဆောင်းသယ်ယူ၍ မီးလွတ်ရာသို့ ရှောင်ပေးကြရလေတော့သည်။

တိုက်တစ်ခုလုံး မီးဟုန်းဟုန်းတောက်လောင်နေပြီဖြစ်ရာ မြေအောက်ခန်းတွင်းမှ အရုပ်များ၊ မှတ်တမ်းများနှင့် အပေါ်ထပ် ဦးဘသိန်းဟန် အလုပ်ခန်းထဲမှ စာအုပ်စာတမ်းများနှင့် မှတ်တမ်းများအားလုံးမှာလည်း မီးလောင်ရာထဲသို့ ပါသွားကြလေတော့သည်။

ကျော်စွာစိတ်ထဲမှာတော့ ဖခင်ကြီး အသက်နှင့် လဲ၍ စုဆောင်းခဲ့ရသည့် မှတ်တမ်းများ ယခုကဲ့သို့ ပျက်စီးဆုံးရှုံးမှုဖြစ်သွားရသဖြင့် စိတ်မကောင်းဖြစ်မိသော်လည်း ဘယ်လိုမှ မတတ်နိုင်တော့ပေ။

တိုက်နီကြီး မီးလောင်သည့်သတင်းကို ကြားသဖြင့် ရွာထဲမှ ရွာလူကြီး ဦးဇမ္ဗိုင်း ခေါင်းဆောင်သော ရွာသူရွာသားများ အပြေးအလွှား ရောက်လာကြသော်လည်း အချိန်က မမီတော့ပေ။

နံနက်လင်း၍ သူတို့ရောက်လာသောအချိန်တွင် တိုက်နီကြီးတစ်ခုလုံး မီးတောက်ကြီးများက ဝါးမြိုသွားခဲ့လေပြီ။

ကျော်စွာကတော့ မြလေးခင်အလောင်းကိုပါ သယ်ယူသွားပြီး မီးဘေးလွတ်ရာမှာ ရပ်နေကြသည်။

ရွာသူရွာသားများနှင့်အတူ မဟူရာလည်း ပါလာပြီး ကျော်စွာရှိရာသို့ အပြေးအလွှား ရောက်လာလေသည်။

"ဆရာ ဘာမှမဖြစ်ဘူးနော်"

"ကျွန်တော် ဘာမှမဖြစ်ပါဘူး၊ သူတော့ သေသွားရှာပြီ"

"ဟင်. . . မြလေးခင် သေသွားပြီ"

"ဟုတ်တယ်. . . သူ့ကို ရက်ရက်စက်စက် အသတ်ခံလိုက်ရလို့ သေရတာပဲ"

မြလေးခင်ကို မြင်သောအခါ မဟူရာမှာ စိတ်မကောင်းသော အမူအယာဖြင့် မျက်ရည်ကလေးများပင် ဝိုင်းလာသည်။

"တကယ်တော့ မြလေးခင်က ကျားနက်ဂိုဏ်းသားတစ်ယောက်ဆိုပေမယ့် တကယ့်အဖွဲ့ဝင်တစ်ယောက်တော့ မဟုတ်ပါဘူး၊ သူက စိတ်ဓာတ်ပျော့တော့ တခြားဝိဉာဉ်တွေရဲ့ပူးပေါင်းခြယ်လှယ်မှုကို ခံရတာပါ"

"တစ်ခါက မင်းတောင် သူ့ဝိဉာဉ်ကို ဖယ်ပြီး အသုံးချခဲ့သေးတယ် မဟုတ်လား"

ကျော်စွာက လေသံမာမာဖြင့် မေးလိုက်တော့ မဟူရာက ခေါင်းကို ငုံ့ပြီး "ဟုတ်ပါတယ်" ဟု ပြန်ပြောလေသည်။

"ဒါဖြင့် မြလေးခင်ဟာ မင်းတို့ ကျားနက်ဂိုဏ်းသားတွေ







www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ခါးစာခံသက်သက်ပဲပေါ့၊ အခုတော့ မင်းတို့ကြောင့်ပဲ သူသေသွားရပြီ မဟုတ်လား"

"ကျွန်မ သူ့အတွက် စိတ်မကောင်းပါဘူး၊ ဒါပေမယ့် ဆရာ့ကို တစ်ခုပြောချင်တာက ဒီကိစ္စမှာ ကျွန်မတို့ စနက် ဘာမှ မပါဘူးဆိုတာတော့ ဆရာလက်ခံပေးပါ"

"မပါပေမယ့်ကွာ. . . ငါ့အဖေရော အခု မြေလေးခင်ပါ သေသွားခဲ့ကြရပြီ မဟုတ်လား"

"ဒါတွေကို ကြိုသိလို့ ကျွန်မ ဆရာကို အတန်တန် သတိပေးခဲ့ပါတယ်၊ ဒါပေမယ့် အဖြစ်အပျက်တွေက လွန်သွားပြီဆိုတော့ ကျွန်မ စိတ်မကောင်းပါဘူး၊ ဒါထက် ဆရာ အခု မြို့ကို ပြန်တော့မှာလားဟင်"

"ကိုယ် မပြန်သေးပါဘူး၊ ဒီမှာ လုပ်စရာကိစ္စလေး ရှိသေးတယ်၊ အဲဒီကိစ္စပြီးမှပဲ ပြန်မှာပါ"

"ဒီလိုဆိုရင် အခု ဒီတိုက်ကြီးကလည်း မီးလောင်သွားပြီဆိုတော့ ဆရာမပြန်ခင် ကျွန်မတို့အိမ်မှာ လိုက်နေပါလားဟင်"

"ဖြစ်မယ် မထင်ပါဘူး"

"ဘာမှ မစိုးရိမ်ပါနဲ့ ဆရာရယ်၊ ဆရာ ကျွန်မတို့အိမ်မှာ နေသမျှ ဘာမှ မဖြစ်စေရပါဘူး၊ ကျွန်မ တာဝန်ယူပါတယ်၊ တကယ်လို့ အန္တရာယ်ရှိလာရင်လည်း ကျွန်မအသက်နဲ့ လဲပြီး ကာကွယ်ပေးပါ့မယ်"

အစကတော့ မဟူရာတို့အိမ်သို့ မလိုက်လိုသောကြောင့်





ငြင်းလိုက်မည်ဟု စိတ်ကူးမိသော်လည်း နောက်မှ အကြံတစ်မျိုး ပေါ်လာသဖြင့် လိုက်နေရန် သဘောတူလိုက်လေသည်။

ညဘက်ရောက်သောအခါ မဟူရာနှင့် အေးအေးဆေးဆေး စကားပြောခွင့်ရလေရာ ကျော်စွာက သူပြောလိုတာများကို ပြောလေသည်။

"ဒီအယူဝါဒတွေက တကယ်ဆိုရင် ဘယ်သူ့ကိုမှ အကျိုးမပြုတဲ့ မိစ္ဆာအယူဝါဒတွေပဲ မဟူရာ၊ မြင့်မြတ်တဲ့ လူ့ဘဝ ရထားပြီးမှ နိမ့်ကျတဲ့ တိရစ္ဆာန်စိတ် ဝင်တာ ကောင်းတဲ့အလုပ်မျိုးမှ မဟုတ်တာ၊ နောက်တစ်ခုက ရက်စက်ကြမ်းကြုတ်တဲ့ တိရစ္ဆာန်စိတ် ဝင်ပြီး လူတွေ၊ တိရစ္ဆာန်တွေရဲ့အသက်ကို သတ်ဖြတ်ရတဲ့အလုပ်ဆိုတာလည်း မကောင်းပါဘူး"

"ကျွန်မလည်း သိပါတယ် အစ်ကိုရယ်၊ ဒါပေမယ့် ကျွန်မတို့ တောသူတောင်သားတွေဆိုတာ ဒီပတ်ဝန်းကျင်မှာပဲ မွေးဖွားကြီးပြင်းကြရတော့ ဒီပတ်ဝန်းကျင်ရဲ့အစဉ်အလာတွေ အကျင့်စရိုက်တွေကို မလွန်ဆန်နိုင်ကြဘူး မဟုတ်လား"

"အစဉ်အလာနဲ့ အကျင့်စရိုက်ဆိုတာ လူရဲ့စိတ်ပေါ်မှာပဲ မူတည်ပါတယ်၊ တောမှာပဲနေနေ၊ မြို့မှာပဲနေနေ၊ ကိုယ့်ကိုယ်ကို ပြုပြင်ပြောင်းလဲမှု လုပ်နိုင်ရင် ဘယ်အရိပ်ရဲ့လွှမ်းမိုးမှုကိုမှ မခံရဘူး၊ လူဆိုတာ မမှားတဲ့သူ မရှိကြဘူး၊ ဒါပေမယ့် မှားတာကို သိပေမယ့် မပြင်ဘဲ နေတဲ့လူနဲ့ မှားနေတာကို မှားမှန်းသိတာနဲ့ ချက်ချင်းပြင်နိုင်တဲ့လူကတော့ နောက်ဆုံး အကျိုးခံစားရတာ



www.burmeseclassic.com

www.burmeseclassic.com



ချင်းကတော့ ဘယ်လိုမှ မတူနိုင်ကြဘူး”

“ကျွန်မ နားလည်ပါတယ် မောင်ရယ်၊ တကယ်တော့ ကျွန်မလည်း ဒီအလုပ်တွေကို စိတ်မဝင်စားပါဘူး၊ မိရိုးဖလာ အစဉ်အလာအလုပ်မို့သာ လုပ်နေရတာပါ”

“ဒီလို မကောင်းမှန်း သိရင် ချက်ချင်းပြင်လိုက်ပေါ့ မဟူရာရယ်၊ တစ်ခါက မင်းက ကိုယ့်ကို အပေးအယူတစ်ခု လုပ်ခဲ့တာ မှတ်မိသေးတယ် မဟုတ်လား”

မဟူရာက အတန်ကြာအောင် ငေးမောနေသည်။

“တစ်ခါက မင်းပြောခဲ့တယ်လေ၊ ဗျူဟမနုဿပညာတွေရဲ့လျှို့ဝှက်ချက်တွေကို လိုချင်ရင် မင်းနဲ့ လက်ထပ်ရမယ်ဆိုတာလေ. . . မှတ်မိရဲ့လား”

မဟူရာ ခေါင်းညိတ်ပြသည်။

“ဒီတစ်ခါ ကိုယ်က မင်းနဲ့ အပေးအယူ လုပ်ချင်တယ်”

“ဘာများလဲဟင်”

“တခြားတော့ မဟုတ်ဘူး၊ မင်း ဗျူဟမနုဿ ပညာကို တစ်သက်လုံး စွန့်လွှတ်မယ်ဆိုရင် ကိုယ် မင်းကို လက်ထပ်မယ်”

ထိုစကားကြားသောအခါ မဟူရာက ကျော်စွာကို အံ့သြသော မျက်နှာလေးဖြင့် မော့ကြည့်နေလေသည်။

“တကယ်တော့ ကိုယ် ဒီစကားကို ရင်ထဲက မပါဘဲနဲ့ ပြောနေတာ မဟုတ်ပါဘူး၊ သေသေချာချာ စဉ်းစားပြီး ဆုံးဖြတ်ချက် ချပြီးမှ ပြောတာပါ၊ ကိုယ် အစက မင်းကို မချစ်ခဲ့ပေမယ့်





တဖြည်းဖြည်းနဲ့ မင်းရဲ့သဘောကို သိလာရတဲ့အခါမှာ သံယောဇဉ်ဖြစ်ခဲ့မိတယ်၊ ဒါကြောင့် မင်းကသာ ဒီဗျူဟမနုဿပညာတွေကို အပြီးတိုင် စွန့်လွှတ်မယ်ဆိုရင် ကိုယ် မင်းကို လက်ထပ်ပေါ့မယ်”

မဟူရာက အတန်ကြာအောင် စဉ်းစားနေပြီးမှ. . .

“ကျွန်. . ကျွန်မ စွန့်လွှတ်ပါ့မယ်”

ဟု ကတိပေးလေသည်။

ထိုစကားကြားသောအခါ ကျော်စွာက သဘောကျစွာ ပြုံးလိုက်ပြီး မဟူရာလက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၇)

# ကျားနက်ဂိုဏ်းခေါင်းဆောင်၏နိဂုံး

တစ်နေ့သ၌ ခေါင်းတလားကြီးတစ်လုံးကို ထမ်းထားကြသော လူတစ်စုသည် ကျားနက်တောင် ရှိရာသို့ သွားနေကြသည်။

၎င်းတို့သည် အဝတ်နက်များကို ဝတ်ဆင်ထားကြပြီး ဦးခေါင်းများပေါ်မှာ အဝတ်နက်များကို ပတ်ထားကြလေသည်။

နမ္မားရွာမှ မြောက်ဘက်သို့ သုံးလေးမိုင်ခန့် ဝေးကွာသောကြောင့် တစ်နာရီကျော်ကျော်ခန့် လျှောက်ကြရသည်။

ယောကျ်ားများချည်းဆို ထိုမျှကြာအောင် မလျှောက်ရဘဲ ယခု အမျိုးသမီးတစ်ယောက် ပါနေသောကြောင့် ထိုမျှကြာအောင် လျှောက်ကြရခြင်းဖြစ်၏။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



အလောင်းထည့်ထားသော ခေါင်းအနီးမှ လိုက်ပါလာသော အဝတ်နက် ခြုံထားသော အမျိုးသမီးမှာ အခြားမဟုတ်ပေ။

မဟူရာပင်ဖြစ်သည်။

မဟူရာသည် ကျားနက်ဂိုဏ်းခေါင်းဆောင်တစ်ဦး ဖြစ်သောကြောင့် ၎င်းတို့ဂိုဏ်းထဲမှ တစ်စုံတစ်ယောက် သေဆုံးလျှင် ခေါင်းဆောင်တစ်ယောက်အနေနှင့် လိုက်ပို့ပေးရသည်။

သူမပါပဲ အခြားသူများချည်း သွားကြမည်ဆိုလျှင် ဘုန်းကြီးထံမှ တံခါးသော့ကို ရမည်မဟုတ်သောကြောင့် ဂူအတွင်းသို့ ဝင်ခွင့်ရကြမည် မဟုတ်ပေ။

ယခု သူတို့ဂိုဏ်းထဲမှ မြလေးခင်အလောင်းကို လာရောက်ပို့ပေးကြခြင်းဖြစ်သည်။

အသုဘပို့သူများမှာ အဝတ်နက်များ ခြုံထားသောကြောင့် တစ်ယောက်နှင့်တစ်ယောက် မည်သူမည်ဝါမှန်း မသိနိုင်ကြပေ။

၎င်းတို့ အသုဘ ပို့သောအချိန်မှာ ထုံးစံအတိုင်း နေဝင်ရီတရောအချိန် ဖြစ်သောအခါ တောင်ခြေသို့ ရောက်သည်နှင့် နေရောင်က တောင်များနောက်သို့ ဝင်သွားပြီး ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ရိပ်များ သမ်းလာလေတော့သည်။

သို့ကြောင့်. . .

အသင့်ယူဆောင်လာသော မီးတုတ်များကို မီးထွန်းညှိ





ကာ သွားကြရသည်။ တောင်ခြေမှ တောင်ကွေ့တောင်ပတ် အတော်များများကို ကျော်ခဲ့ကြပြီး သာမန်ထက် ပိုမြင့်သော တောင်ကုန်းထိပ်သို့ ရောက်သွားသောအခါ တဲငယ်တစ်လုံးကို မြင်ရသည်။

အသုဘ ပို့သူများက ထမ်းလာသောအလောင်းကို တဲရှေ့သို့ ယူဆောင်သွားကာ မြေပေါ်သို့ ချလိုက်ကြသည်။

ထိုအခါ လက်ထဲမှာ စိပ်ပုတီးကို ကိုင်လျက် သစ်ခေါက်ရေ ဆိုးထားသော သင်္ကန်းကို ဝတ်ဆင်ထားသည့် ဘုန်းကြီးတစ်ပါး ကြွလာသည်။ ဘုန်းကြီးကြွလာတော့ မဟူရာက ရှေ့သို့ တိုးသွားသည်။

"ဘယ်သူ့ အသုဘလဲ"

"တစ်နေ့ညကမှ ဆုံးသွားတဲ့ မိန်းကလေးရဲ့အလောင်းပါ ဘုရား"

"ကျားနက်ဂိုဏ်းရဲ့ထုံးစံကို မလိုက်နာလို့ အသတ်ခံလိုက်ရတဲ့ မိန်းကလေး မဟုတ်လား"

"မှန်ပါတယ် ဘုရား"

"ကဲ. . ကဲ. . သရဏဂုံ တင်ကြရအောင်"

ဘုန်းကြီးက အလောင်းကိုပင် ဖွင့်မကြည့်တော့ပဲ သရဏဂုံ တင်ပေးပြီး ခါးကြားထဲမှ သော့တစ်ချောင်းကို ဖြုတ်ကာ မဟူရာ့လက်သို့ ပေးလိုက်လေသည်။

သော့ရသောအခါ မဟူရာက ရှေ့မှ သွားလေရာ ကျန်



www.burmeseclassic.com

www.burmeseclassic.com



လူများကလည်း ခေါင်းတလားကို ထမ်းကာ သူ့မနောက်မှ လိုက်ကြရလေသည်။

တောင်ကမ်းပါးယံတစ်နေရာ၌ ထွင်းဖောက်ထားသော ဂူပေါက်ဝသို့ ရောက်သောအခါ မဟူရာက သော့ဖြင့် တံခါးကို ဖွင့်လိုက်ပြီး အတွင်းသို့ ဝင်သွားပြန်ရာ နောက်မှ လူများလည်း လိုက်သွားကြသည်။

အတွင်းသို့ရောက်သောအခါ ဂူပေါက်ဝ၌ အဆင်သင့် ဆောင်ထားသော မီးတိုင်များကို ထပ်မံမီးညှိ၍ အတွင်းသို့ ဝင်သွားကြလေသည်။

ဂူအတွင်းပိုင်းရှိ စင်များပေါ်မှာတော့ အစီအရီ တင်ထားသော ခေါင်းတလားများစွာတို့ ရှိနေကြသည်။

မဟူရာ ခေါင်းဆောင်သော အသုဘ လာပို့သူများသည် အတွင်းတစ်နေရာသို့ ရောက်သောအခါ ခေါင်းကို ချကာ အတွင်းမှ အလောင်းကို အပြင်သို့ ထုတ်လိုက်ပြီး ခေါင်းထဲမှာ ထည့်ယူလာသော သေနတ်နှင့် ကျည်ဆံများကို ထုတ်ယူကာ တစ်ယောက်တစ်လက်စီ ယူလိုက်ကြလေသည်။

မဟူရာနှင့်အတူ ပါလာသူများမှာ အခြားမဟုတ်ပဲ ရွာသားများဟန်ဆောင်လာကြသည့် ကျော်စွာနှင့် ကိုသောင်းထိုက် ခေါင်းဆောင်သော ပုလိပ်အဖွဲ့ဝင်များ ဖြစ်ကြလေသည်။

သူတို့သည် လက်နက်များကို အပြင်ထုတ်ယူပြီးသော အခါ မြလေးခင်အလောင်းကို ခေါင်းထဲ ပြန်ထည့်ပြီး လွတ်နေ





သော စင်မြင့်တစ်နေရာသို့ တင်ပေးလိုက်ကြသည်။

ကျော်စွာ စိတ်ထဲမှာတော့ မိမိတို့နှင့် လအတန်ကြာ အောင် အတူတူ နေခဲ့ရသော မြလေးခင်အတွက် စိတ်မကောင်း ဖြစ်မိသည်။

"နေရစ်ခဲ့တော့ မြလေးခင်ရေ မင်းအတွက် နောင်ဘဝ တွေမှာ ဒီလိုအဖြစ်ဆိုးမျိုးတွေနဲ့ မကြုံတွေ့ပါစေနဲ့လို့ ကိုယ်ဆု တောင်းပေးခဲ့ပါတယ်"

ဟု တိုးတိုးလေး ရေရွတ်လိုက်သည်။

ထို့နောက်. . .

မဟူရာက သူတို့အားလုံးကို ဂူကြီး၏အတွင်းပိုင်းသို့ ခေါ်သွားသဖြင့် လက်နက်များကို အဆင်သင့် ကိုင်ဆောင်ကာ လိုက်သွားကြလေသည်။

ဂူကြီး၏အတွင်းပိုင်းမှာတော့ အလောင်းစင်များ မရှိ တော့ဘဲ အမှောင်ရိပ် လွှမ်းနေသည့် ကွက်လပ်ကြီးသာ ရှိလေ သည်။

ထိုကွက်လပ်၏အနောက်ဘက်မှာတော့ သိုးသန့်ထား ဟန်ရှိသော ခေါင်းများကို ကျောက်စင်များပေါ်၌ တင်ထားသည် ကို တွေ့ရပြီး ကျောက်ကလပ် တစ်ခုပေါ်မှာ ကျားရုပ်ကြီးတစ်ရုပ် ရှိလေသည်။

ထိုကျားရုပ်ကြီးမှာ တိုက်နီကြီး မြေအောက်အခန်းထဲ၌ တွေ့ခဲ့ရသော ကျားရုပ်နှင့် များစွာတူလှပြီး တကယ့်ကျားအစစ်



www.burmeseclassic.com

www.burmeseclassic.com



နှင့်မခြား သဏ္ဍာန်တူလေသည်။

မီးရောင်ဖြင့် လှမ်းကြည့်လိုက်စဉ်မှာ မျက်လုံးများက ဝင်းဝင်းတောက်နေပြီး တကယ့်သက်ရှိကျားတစ်ကောင်က မလှုပ်မယှက် ထိုင်ကြည့်နေသကဲ့သို့ သဏ္ဍာန်တူလေသည်။

"အဲဒီကျားရုပ်ရဲ့ဝမ်းဗိုက်ထဲမှာ မောင်လိုချင်တဲ့ ဗျူဟ မနုသ လျှို့ဝှက်မှတ်တမ်းတွေ ရှိတယ်"

မဟူရာက အနားကပ်ပြီး တိုးတိုးပြောသည်။

ကျော်စွာက ကျန်လူများကို မလှမ်းမကမ်းမှာ နေစေခဲ့ပြီး သူတစ်ယောက်တည်း အနားရောက်အောင် တိုးသွားလေသည်။

အနားရောက်လာလေလေ ကျောက်စင်ပေါ်မှ ကျားရုပ်ကြီးမှာ အရုပ်နှင့် မတူပဲ တကယ့်သက်ရှိကျားကြီးတစ်ကောင်က မလှုပ်မယှက် ထိုင်ကြည့်နေသည်ဟု ထင်လိုက်မိသည်။

သူ အနားရောက်သည်နှင့် ကျားရုပ်ကြီး ဦးခေါင်းက အသက်ဝင်လာသလို သူ့ဘက်သို့ လှည့်လာပြီး 'ဝေါင်း'ကနဲ တစ်ချက်ဟိန်းလိုက်သည်။

ဒီတော့မှ ကျောက်စင်ပေါ်မှ သတ္တဝါမှာ မဟူရာ ပြောသလို ကျားရုပ်ကြီးမဟုတ်ဘဲ တကယ့်ကျားအစစ်ကြီးတစ်ကောင် ဖြစ်မှန်း သိရလေတော့သည်။

သို့သော်လည်း ကျော်စွာက သတိနှင့် သွားသူမို့ ကျားကြီးလှုပ်လာသည်နှင့် သေနတ်ဖြင့် ချိန်လိုက်သည်။





"မောင် သတိထား၊ အဲဒါ အရုပ်မဟုတ်ဘူး၊ တကယ့်ကျားအစစ်ပဲ"

ဟု နောက်မှ မဟူရာက လှမ်းသတိပေးသည်။

ကျားက နောက်တစ်ကြိမ် မာန်ဖီ၍ သူ့ကို ခုန်အုပ်ရန် ဟန်ပြင်လိုက်သည်နှင့် ကျော်စွာက ကျား၏ဦးခေါင်းကို သေနတ်နှင့် ချိန်ကာ မောင်းဖြုတ်ချလိုက်သည်။

"ဒိုင်း. . ."

ချက်ကောင်းကို ထိသွားဟန်ဖြင့် နောက်ဖက်သို့ လန်ကျသွားစဉ် နောက်ထပ် ကျည်ထိုးမောင်းတင်ပြီး. . .

"လူတွေကို တစ်သက်လုံး ဒုက္ခပေးနေတဲ့သတ္တဝါ. . . သေဖို့သာ ပြင်ပေတော့"

ရေခွတ်ကြိမ်းဝါးကာ အနီးကပ် ချိန်၍ နောက်ထပ်ပစ်လိုက်ရာ ကျားကြီးမှာ ပြန်မထနိုင်တော့ဘဲ ကြမ်းပြင်ပေါ်မှာ တဂီးဂီး တဂဲဂဲနှင့် မာန်ဖီကာ တွေ့သမျှ ကုတ်ခြစ်ကိုက်ဖဲ့နေတော့သည်။

ထိုအချိန်မှာပင် အမှောင်ရိပ်ထဲမှ မည်းမည်းသဏ္ဍာန်ကြီးတစ်ခု လွှားကနဲ ခုန်ထွက်လာသည်။

"သစ္စာဖောက်မ. . . ရန်သူတွေနဲ့ ပေါင်းပြီး ငါ့ကို ဒုက္ခပေးဖို့ ကြံတယ်ပေါ့၊ နင်တို့ကို အရှင်မထားဘူး"

ဟု အော်ဟစ်ကြိမ်းဝါးကာ ကျားမာန်ဖီသံကဲ့သို့ အသံမျိုးကြီးဖြင့် အော်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အနီးတစ်ဝိုက်မှာ ရှိသော ခေါင်းတလားများ၏ အဖုံးများမှာ ဝုန်းကနဲ ဝုန်းကနဲ ပွင့်သွားပြီး အထဲမှ ကျားနှင့် သဏ္ဍာန်တူသောလူများ ထွက်လာလေတော့သည်။

၎င်းတို့သည် စောစောကတည်းက ခေါင်းတလားထဲမှာ ဝင်နေဟန်ရှိပြီး ခေါင်းဆောင်လုပ်သူက အချက်ပေးလိုက်မှ ထွက်လာကြခြင်းဖြစ်သည်။

အားလုံးမှာ ခန္ဓာကိုယ်အောက်ပိုင်းက လူသဏ္ဍာန် ရှိသေးသော်လည်း အပေါ်ပိုင်းမှာ ကျားတစ်ကောင်ကဲ့သို့ ပုံပန်း သဏ္ဍာန်မျိုး ဝတ်ဆင်ထားသဖြင့် ကြောက်မက်ဖွယ်ရာ အသွင် သဏ္ဍာန်မျိုးရှိလေသည်။

အမှောင်ထဲမှာပင် နီရဲသော မျက်လုံးများနှင့် ကျယ်လှ သော ပါးစပ်ထဲမှာ ဖြူဖွေးသော အစွယ်နှင့် သွားများရှိကြလေ သည်။

ခြေသည်းလက်သည်းများ၊၊သည်း ကျားလက်သည်း ကဲ့သို့ ချွန်ထက်နေ၏။

၎င်းတို့အားလုံး တဂီးဂီး တဂဲဂဲနှင့် မာန်ဖီပြီး ခေါင်း တလားအတွင်းမှ ထလာပုံမှာ မကောင်းဆိုးဝါးများ ထလာသည် နှင့်ပင် ပုံသဏ္ဍာန်တူလေတော့သည်။

အရောင်အဆင်းမှာ မွဲပြာပြာ၊ မည်းခြောက်ခြောက်ဖြစ် ပြီး ခန္ဓာကိုယ်မှာ ဦးခေါင်းပိုင်းနှင့် မလိုက်အောင် ပိန်ကပ်နေ၏။

၎င်းတို့သည် ကျားများကဲ့သို့ မာန်ဖီကာ လူများကို တိုက်





ခိုက်ရန် ပါးစပ်ကြီးများကို ဖြဲလျက် ခေါင်းများထဲမှ ထွက်လာကြ သည်။

အားလုံး(၁၅)ယောက်ခန့် ရှိလေရာ ကိုသောင်းထိုက်တို့ တတွေမှာလည်း လက်နှေးမနေကြပဲ သေနတ်များနှင့် ချိန်ကာ ပစ်ခတ်ကြလေတော့သည်။

“ဒိုင်း. . ဒိုင်း. . ဒိုင်း”

သေနတ်သံများက ဂူထဲမှာ ဆူညံစွာ ပဲ့တင်ထပ်သွား သလို ကျားသဏ္ဍာန်တူသော လူတစ်ချို့မှာလည်း သေနတ် ကျည်ဆံထိမှန်သဖြင့် နောက်လန်ကျသွားလေတော့သည်။

သို့စေကာမူ ကျန်သည့်သတ္တဝါများက လွှားကနဲ လွှား ကနဲ ခုန်ဝင်လာကြပြီး လက်သည်းများနှင့် ကုတ်ခြစ်ခြင်း၊ အစွယ် များနှင့် ကိုက်ခြင်း စသည်တို့နှင့် တိုက်ခိုက်ကြလေတော့သည်။

၎င်းတို့သည် မာန်ဖီသံများဖြင့် လူရှိရာသို့ ခုန်ဝင်လာပြီး လည်ပင်းတစ်ဝိုက်ကို အစွယ်ဖြင့် ကိုက်ဖောက်ပစ်ရန် ကြိုးစားကြ လေသည်။

ကျော်စွာတို့တတွေကလည်း သေနတ်ဖြင့် ပစ်သူကပစ်၊ အချို့ကလည်း ကျည်ထိုး မောင်းတင်နေစဉ်မှာ ကိုယ်ပေါ်သို့ ခုန်အုပ်လာသဖြင့် လုံးထွေးသတ်ပုတ်ရသည်လည်း ရှိသည်။

အချို့ကလည်း ကျည်ထိုးမောင်းတင်ချိန်ပင် မရလိုက်ပဲ အနားရောက်လာသဖြင့် သေနတ်ကို တုတ်အဖြစ် သုံးကာ ရိုက် ထုတ်ရခြင်း၊ ဓားမြှောင်များဖြင့် ထိုးနှက်တိုက်ခိုက်ရခြင်းများဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အသည်းအသန် ပြန်လည်တိုက်ခိုက်ရလေသည်။

အချို့ကလည်း လက်ထဲမှာ ကိုင်လာကြသော မီးတုတ်များဖြင့် ရိုက်ထုတ်ကြသည်။

အမိက,က ဂူထဲမှာ မီးရောင်ရှိနေဖို့ပင်။

အကယ်၍ မီးရောင်မရှိဘဲ အမှောင်ကျသွားပါက သူတို့ဘက်မှ ခံရမှာ သေချာသည်။

အချို့မှာ တိုက်ရင်းခိုက်ရင်းနှင့်ပင် ကျားသဏ္ဍာန်တူသောလူတို့၏အစွယ်ဖြင့် ကိုက်ဖောက်ခြင်း ခံလိုက်ရသဖြင့် လဲကျသေဆုံးသွားကြသည်။

ကျော်စွာမှာ သေနတ်မောင်းတင်ပြီး စောစောက ခေါင်းဆောင်ဖြစ်ဟန်တူသော လူကြီးရှိရာသို့ ချိန်လိုက်တော့ နေရာမှာ မရှိတော့ပေ။ ထိုနေရာတစ်ဝိုက်သို့ လိုက်ရှာတော့လည်း မတွေ့ရတော့ပေ။

ထိုသို့ရှိနေစဉ် မဟူရာကို စိတ်မချသဖြင့် သူမ ရှိရာသို့ ပြေးသွားစဉ် အနားရောက်ကာမှ ခေါင်းတလားတစ်လုံးနောက်မှ မည်းမည်းသဏ္ဍာန်ကြီး ထွက်လာပြီး ဝင်ရောက်တိုက်ခိုက်လေရာ ကျော်စွာမှာ သေနတ်တစ်ခြား လူတစ်ခြား ဖြစ်သွားပြီး ပစ်ခွင့်မရတော့ပေ။ ထိုလူကြီးက သန်မာလှသောကြောင့် ကျော်စွာမှာ အလူးအလဲ ခံနေရသည်။

သူ့ခါးကြားမှာ ခြောက်လုံးပြူးတစ်လက် ရှိနေသေးသော်လည်း ထုတ်ချိန်မရပေ။





ထိုလူကြီးက ကျားတစ်ကောင်ကဲ့သို့ တဂီးဂီး မာန်ဖီကာ သူ့ကိုယ်ပေါ်မှ ဖိ၍ လည်ပင်းညှစ်သတ်ရန် ကြိုးစားလေသည်။

လည်ပင်းကို သန်မာသော လက်ကြီးများနှင့် အညှစ်ခံရစဉ် နောက်ဘက်မှ 'ဒုတ်'ကနဲ အသံတစ်ချက် ပေါ်လာပြီး ညှစ်ထားသောလက်များ အနည်းငယ် လျော့ကျသွားသည်။

ထိုအခိုက်အတန့်လေးမှာပင် ခါးကြားမှ သေနတ်ကို ရအောင် ဆွဲထုတ်၍ အပေါ်မှ လူကြီး၏ရင်ဝကို တေ့ကာ မောင်းဖြုတ်ချလိုက်သည်။

"ဒိုင်း . ."

သေနတ်သံနှင့်အတူ နောက်သို့ ပက်လက်လန်ကျသွားလေသည်။ သည်တော့မှ ကပျာကယာ လူးလဲထပြီး နောက်တစ်ချက် ဆင့်ပစ်လိုက်တော့မှ ငြိမ်ကျသွားသည်။

အတန်ကြာတော့ ဂူထဲမှာ ဆူညံသံများ ပြန်လည်ငြိမ်သက်သွားလေတော့သည်။

ကျားမျက်နှာနှင့် တူသောလူများမှာ အတော်များများ သေကျန်ခဲ့ပြီး အသက်ရှင်နေသေးသူများမှာလည်း အခြေအနေမလှတော့သဖြင့် ထွက်ပြေးသွားကြလေသည်။

စောစောက ခေါင်းဆောင်၏ဦးခေါင်းကို ကျောက်ခဲဖြင့် ထုလိုက်သူမှာ မဟူရာဖြစ်ပြီး သူမက ကျော်စွာအနားသို့ ပြေးလာသည်။

စုံထောက်အင်စပက်တော် ကို သာင်းထိုက်လည်း



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်။

“အခြေအနေ ဘယ်လိုရှိလဲ ကိုသောင်းထိုက်”

“ကျွန်တော်တို့ဘက်က နှစ်ယောက်သေပြီး ဒဏ်ရာရထားတဲ့လူတွေလည်း ရှိတယ်၊ သူတို့ဘက်က အတော်များများတော့ အသေမိလိုက်တယ်”

“ကောင်းတာပေါ့”

“ဒါ. . ဂိုဏ်းခေါင်းဆောင်လားဗျ”

“ဟုတ်တယ်. . . သူတို့လျှို့ဝှက်ချက်တွေ ထားတဲ့ တိုက်နီကြီးမှာ လာနေတဲ့ ဘုန်းကြီးတွေ လူတွေကို နည်းအမျိုးမျိုးနဲ့ တစ်ယောက်ပြီးတစ်ယောက် သတ်ပစ်နေတာ သူပဲ၊ တောထဲမှာ လူတွေကို ဒုက္ခပေးနေတာလဲ သူပဲ၊ ရွာထဲမှာ သူနဲ့ မတည့်တဲ့ လူတွေကို သူမွေးထားတဲ့ကျားနဲ့ တိုက်သတ်တာလည်း သူပါပဲ”

“အတော်ရက်စက်ယုတ်မာတဲ့လူပဲ”

“တိုက်နီကြီးရဲ့ မြေအောက်အခန်းထဲမှာ လျှို့ဝှက်တံခါးပေါက်ရှိတယ်၊ မြေအောက်ခန်းထဲ ဆင်းတဲ့လူဆိုရင် လျှို့ဝှက်ပေါက်ကနေ ကျားနဲ့ ဝင်လာပြီး သတ်လေ့ရှိတယ်၊ ဖေဖေတုန်းကတော့ မြလေးခင်ဆိုတဲ့ မိန်းကလေးကို စိတ်ပြောင်းအောင် လုပ်ပြီး အသတ်ခိုင်းခဲ့တာပဲ”

“သူ ဘယ်သူလဲဆိုတာ သိရအောင် မျက်နှာပေါ် အုပ်ထားတဲ့အဝတ်ကို ဖယ်ကြည့်ရအောင်”

ဟု ကိုသောင်းထိုက်က ပြောသဖြင့် ကျော်စွာက မျက်နှာ





ပေါ် အုပ်ထားသော အဝတ်ကို ဖယ်လိုက်သည်။

“ဟင်. . . ကပ္ပိယကြီး ဦးလွန်းအုံပါလား”

“ကျွန်တော်တို့ တွေ့တုန်းကတော့ သူက ခြေထောက်မသန်လို့ လမ်းတောင် ကောင်းကောင်းမလျှောက်နိုင်တဲ့ ဒုက္ခိတကြီး မဟုတ်ဘူးလား”

“တကယ်တော့ သူက ဒုက္ခိတတစ်ယောက် မဟုတ်ပါဘူး၊ လူတွေ ယုံကြည်အောင်လို့ ဒုက္ခိတယောင် ဆောင်နေတာပါ၊ ကျွန်တော့်ကိုတောင် မဟူရာက အကြောင်းစုံ ပြောပြလို့ သိရတာပါ”

ကျော်စွာက ရှင်းပြတော့မှ အားလုံးက သဘောပေါက်သွားကြလေတော့သည်။

“ဒါထက် ဒီဂူထဲမှာ ထားတဲ့ သူတို့ရဲ့ လျှို့ဝှက်မှတ်တမ်းတွေကရော ဘယ်ရောက်သွားပြီလဲ”

ထိုအခါ မဟူရာက ဝင်ပြောသည်။

“အရင်ကတော့ ဒီဂူထဲမှာ ရှိတဲ့ ကျားရုပ်ကြီးရဲ့ဝမ်းဗိုက်ထဲမှာ ဝှက်ထားတာပဲ၊ အခု ကျားရုပ်ကြီးပါ မရှိတော့ဘူး၊ လိုက်ရှာကြည့်ရအောင်”

ဟု ပြောကာ မီးတုတ်များကို ထွန်း၍ ထမန်းတောင်ဂူကြီးအနှံ့ လိုက်ရှာသော်လည်း ဗုဒ္ဓမနုဿဗေဒ လျှို့ဝှက်မှတ်တမ်းများကိုတော့ အစအနမှ မတွေ့ကြရတော့ပေ။

“အင်း. . . လျှို့ဝှက်မှတ်တမ်းတွေကို ဦးလွန်းအုံ ဝှက်



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့ပြီထင်တယ်၊ ဒီမှတ်တမ်းတွေကို မရလိုက်တာကတော့ စိတ်မကောင်းစရာပဲ၊ ဒီဗျူဟမနုဿ မှတ်တမ်းတွေ ရှိနေသမျှတော့ သူတို့တွေက ဆက်လက်ရှင်သန်နေကြဦးမှာပဲ"

ထို့နောက်. . .

ဦးလွန်းအုံအလောင်းနှင့် အခြားသူများ၏အလောင်းများကို အရိုးကျနေသော ခေါင်းအလွတ်များထဲ ထည့်ကာ သင်္ဂြိုဟ်ခဲ့ပြီးနောက် ဂူအပြင်သို့ ပြန်ထွက်လာကြလေသည်။

အားလုံးအပြင်သို့ ပြန်ရောက်သောအခါ မဟူရာက တံခါးပြန်ပိတ်ကာ သော့ခတ်လိုက်သည်။

ဘုန်းကြီးကို သော့ပေးရန် ဝါးတဲကျောင်းကလေးသို့ ရောက်ကြသောအခါ ဘုန်းကြီးက အပြင်သို့ ထွက်လာသည်။

"အားလုံး ကိစ္စတွေ ပြီးသွားကြပလား"

ဟု မေးသည်။

"ပြီးပါပြီ ဘုရား"

ဟု မဟူရာက ပြန်ဖြေလိုက်သည်။

"သေတဲ့လူတွေလည်း သေကုန်ကြပြီ မဟုတ်လား၊ ဦးလွန်းအုံတစ်ယောက်ကရော. . ."

"ဆုံးသွားရှာပါပြီ ဘုရား"

"မကောင်းတဲ့ သံသရာစက်ဝိုင်းထဲ ရောက်ပြီး လည်နေရာက ဘဝတစ်ခုတော့ ကျွတ်သွားတာပေါ့၊ သူ မသေခင်က ကျုပ်ကို ဗျူဟမနုဿဗေဒ လျှို့ဝှက်မှတ်တမ်းတွေ လာပြီးအပ်နှံ





သွားတယ်"

"ဟင်. ."

ထိုစကားကြောင့် အားလုံး အံ့ဩသွားကြလေသည်။

"ဒီမှတ်တမ်းတွေဟာ လူတွေအတွက် ကောင်းကျိုးမပြုတဲ့ မှတ်တမ်းတွေပဲ၊ တကယ်လို့ မကောင်းတဲ့လူတွေလက်ထဲ ရောက်သွားရင်လည်း အန္တရာယ်တွေ ရှိလာနိုင်တယ်၊ ဒါကြောင့် ဒီမှတ်တမ်းတွေကို ဘယ်သူမှ မတွေ့နိုင်တဲ့နေရာမှာ ဝှက်ထားလိုက်တော့မယ်"

"ကောင်းပါတယ် ဘုရား"

ထို့နောက်. . .

ဘုန်းကြီးလက်ထဲသို့ သော့ပြန်အပ်၍ ကန်တော့ပြီး နမ္မားရွာဘက်သို့ ပြန်ခဲ့ကြလေတော့သည်။

ကျန်လူများက ရှေ့မှ အသီးသီး သွားကြစဉ် ကျော်စွာနှင့် မဟူရာက နောက်ဘက် အတော်လှမ်းလှမ်းနေရာမှ လိုက်လာကြလေသည်။

"အခု ကိစ္စတွေလည်း အားလုံးပြီးပြီဆိုတော့ မောင်ပြန်တော့မှာပေါ့နော်"

"ဟုတ်တယ်လေ. . ဖေဖေ့အတွက် ရည်စူးပြီးကောင်းမှုကုသိုလ်တစ်ခုခု လုပ်ပြီးတာနဲ့ ပြန်မှာပါ၊ အခုလို အမှုမှန်တွေ ပေါ်ရတာလည်း မဟူရာ အကူအညီပေးလို့ အမြန်ဆုံး ပေါ်တာပါ၊ မဟုတ်ရင် ကျားနက်ဂိုဏ်းသားတွေရဲ့ခေါင်းဆောင်ဟာ မဟူ



www.burmeseclassic.com

www.burmeseclassic.com



ရာတို့ သားအမိပဲ ထင်နေကြတာ၊ ဦးလွန်းအုံလို့ ဘယ်သူမှ ထင်ကြမှာ မဟုတ်ဘူး၊ အခုလို အကူအညီပေးတဲ့အတွက် မဟူရာ့ကို ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်စရာ မလိုပါဘူး မောင်ရယ်၊ မဟူရာက တောင် မောင့်ကို ပြန်ပြီးကျေးဇူးတင်ရမှာပါ။ မောင်နဲ့ တွေ့ရလို့ မဟူရာဘဝမှာ အရိပ်မည်းကြီး လွှမ်းနေတဲ့ဘဝက လွတ်မြောက်ခွင့် ရခဲ့တာပါ"

"မဟူရာ တကယ်ပဲ ဒီအလုပ်တွေကို စွန့်လွှတ်လိုက်ပြီလား"

"စွန့်လွှတ်လိုက်ပါပြီ. . . ကျွန်မတင် မဟုတ်ဘူး၊ အမေကတောင် ဒီပညာတွေကို စွန့်ပြီး တရားအလုပ်ကလေးဘာလေး လုပ်တော့မယ်လို့ ကတိပေးပါတယ်"

"ဝမ်းသာစရာပေါ့. . . ဒီလိုဆိုရင် ကိုယ်ကလည်း ပေးထားတဲ့ကတိအတိုင်း လုပ်ရမှာပေါ့"

"ဘယ်လိုကတိလဲ မောင်"

"မဟူရာက ဒီပညာတွေကို စွန့်လွှတ်မယ်ဆိုရင် ကိုယ်က လက်ထပ်ပါ့မယ်လို့ ကတိပေးထားတယ်လေ၊ မဟူရာက ကိုယ်ပြောတာကို လက်ခံမယ်ဆိုရင် လူကြီးမိဘတွေကို ခွင့်တောင်းပြီး လက်ထပ်ပါ့မယ်၊ မဟူရာ ကိုယ်ပြောတာကို လက်ခံမယ် မဟုတ်လား"

"ကျွန်မဘက်က လက်ခံမယ် မခံဘူးဆိုတာထက် မောင့်





ဘက်က ကတိပေးတာကလွဲပြီး ချစ်တဲ့အကြောင်း ဘာမှလည်း မပြောရသေးဘူးလေ"

ထိုစကားကြောင့် ကျော်စွာက သဘောကျစွာ ပြုံးလိုက်သည်။

"အို. . . ဟုတ်တာပဲ၊ မိန်းကလေးတစ်ယောက်ကို တွေ့ကတည်းက လက်ထပ်ဖို့ချည်း တွင်တွင်ပြောနေတယ်၊ ချစ်တယ်ဆိုတဲ့စကားတစ်ခွန်းမှလည်း မပြောရသေးဘူး၊ သစ်ပင် မစိုက်ရသေးဘဲ အသီးစားချင်သလို ဖြစ်နေပြီ၊

တကယ်တော့ ဒီရွာကိုရောက်ပြီး မဟူရာကို တွေ့ကာစ အထင်လွဲတဲ့စိတ်ကြောင့် အထင်သေး မုန်းတီးမှု ဖြစ်ခဲ့ပေမယ့် နောက်ပိုင်း မဟူရာရဲ့စိတ်သဘောအမှန်ကို သိတဲ့အချိန်ကစပြီး စိတ်လည်း စိတ်ဝင်စားတယ်၊ မဟူရာရဲ့ဘဝကို သနားလည်း သနားမိတယ်၊ နောက်တော့ ချစ်လည်း ချစ်လာခဲ့မိတယ်၊ မဟူရာကရော ကိုယ့်အပေါ်မှာ ဘယ်လိုသဘောထားခဲ့သလဲဟင်"

"ကျွန်မလည်း မောင့်ကို စတွေ့ကတည်းက မြင်မြင်ချင်းပဲ မေတ္တာရှိမိတာပါ။ ဒါကြောင့် ကျွန်မကိုယ်တိုင် မပြောဝံ့လို့ မြလေးခင်ရဲ့ဝိညာဉ်ကတစ်ဆင့် ပြောခိုင်းခဲ့ရတာပါ။ ကျွန်မ မောင့်ကို ဘယ်လောက်ချစ်သလဲဆိုရင် ကျွန်မတို့ရဲ့မိရိုးဖလာ အရိုးစွဲလာခဲ့တဲ့ ဗျူဟမန္တသဗေဒ ပညာတွေကို အပြီးစွန့်လွှတ်ပြီး မောင့်ရဲ့မေတ္တာနဲ့ အလဲအလှယ် လုပ်ခဲ့တာကို ကြည့်ရင် မောင့် အပေါ်မှာ ကျွန်မရဲ့မေတ္တာ ဘယ်လောက်ရှိတယ်ဆိုတာ တွေး



BURMESE CLASSIC .com

www.burmeseclassic.com

ကြည့်ရုံနဲ့ သိနိုင်ပါတယ်"

"သိပါတယ်ကွယ်. . ဒီလိုသိလို့လည်း မဟူရာကို လက်ထပ်ပြီး ကိုယ်နဲ့ တစ်ပါတည်း ခေါ်သွားဖို့ စီစဉ်တာပေါ့၊ မဟူရာ လိုက်ခဲ့မယ် မဟုတ်လား"

"မောင်ကသာ ခေါ်မယ်ဆိုရင် ထားရာနေ စေရာသွားဘ၀နဲ့ မောင့်ရဲ့နောက်က အမြဲလိုက်ခဲ့ပါ့မယ် မောင်ရယ်"

ဟု အပြုံးမျက်နှာဖြင့် ပြောလိုက်ရာ ကျော်စွာက နှစ်သက်ကြည်နူးသောမျက်နှာဖြင့် ပြုံးလိုက်ကာ မဟူရာ၏ကိုယ်ကလေးကို ထွေးဖက်ထားလိုက်သည်။

ထို့နောက်. . .

လက်ကလေးကို ဆုပ်ကိုင်ရင်း အ၀េးသို့ ရောက်သွားကြပြီဖြစ်သော မိမိ၏အဖော်များနောက်သို့ လိုက်သွားကြသည်တွင် ကျွန်ုပ်ရေးသားသော (မဟူရာအချစ်)အမည်ရှိ ဂမ္ဘီရဆန်းကြယ် ၀တ္ထုရှည်မှာလည်း ဤနေရာတွင် နိဂုံးကမ္ပတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

အနီယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

စာပြီးချိန် ။ ။(၂၀၀၈)ခုနှစ်၊ ဩဂုတ်လ(၁၇)ရက်၊ တနင်္ဂနွေနေ့၊ ညနေ(၅)နာရီ။

☺ အောင်မြင်စာပေ ☺



www.burmeseclassic.com

